# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၄၁)


## မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးတို့ သဝဏ်လွှာများအပြန်အလှန်ပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Sergey Lavrov တို့အကြား ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန် ပေးပို့ခဲ့ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေ လုံလောက်စွာရရှိသည့်အတွက် တောင်သူများ ရေကိုအကျိုးရှိစွာအသုံးချ



## ခပေါင်းရေလွှဲဆည်၊ ရေလှောင်တမံ၊ ရေအားလျှပ်စစ်စက်ရုံနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု ဒုတိယသမ္မတ ဦးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ခပေါင်းရေလွှဲဆည်၊ ခပေါင်းရေလှောင်တမံ၊ ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ရေပို့လွှတ်နေမှု ကြည့်ရှု**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ စောညိုဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလွှဲဆည်သို့ရောက်ရှိပြီး ရေလွှဲဆည်မှ မြောင်းမကြီးများအတွင်းသို့ စိုက်ပျိုးရေ ပို့လွှတ်နေမှုများကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ခပေါင်းရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်ရွက်ရပ်မှ ရေလှောင်တမံအတွင်း ရေသိုလှောင်မှုအခြေအနေများကို ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယသမ္မတအား ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ခပေါင်းရေလှောင်တမံ၏ ရေသိုလှောင်မှု၊ မိုးရေချိန်နှင့်ရေဝင်ရောက်မှု၊ စိုက်ပျိုးရေ ပေးဝေနိုင်မှု၊


*စာမျက်နှာ ၃ ကော်လံ ၁* ❁


ဒုတိယသမ္မတ ဦးမြင့်ဆွေ ခပေါင်းရေလွှဲဆည်အား ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်







# ကျေးလက်အမျိုးသမီးထု အတွက် ကမ်းလိုက်သောလက်

Action Aid သည် နိုင်ငံပေါင်း ၄၅ နိုင်ငံ၌ ဒေသခံအဖွဲ့အစည်းနှင့် ချိတ်ဆက်၍ ပြည်သူလူထု၏ ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း (INGO) ဖြစ်ပါသည်။ ဤအဖွဲ့ကို ၁၉၇၂ ခုနှစ်၌ စတင်ဖွဲ့စည်းစဉ်က Action in Distress ဟုခေါ်ဆို၍ အိန္ဒိယနှင့် ကင်ညာနိုင်ငံရှိ ကလေးငယ် ၈၈ ဦးအတွက် စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုအခါ Action Aid သည် နိုင်ငံပေါင်း ၄၅ နိုင်ငံရှိ ပြည်သူလူထု ၁၅ သန်းကျော်အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ Action Aid ၏ ရုံးချုပ်ကို တောင်အာဖရိကနိုင်ငံ၌ ဖွင့်လှစ်ထားရှိသည်ဖြစ်၍ Action Aid သည် ကမ္ဘာ့တောင်ဘက်ခြမ်း၌ ပထမဦးဆုံး ရုံးချုပ်ဖွင့်လှစ်သော ကြီးမားသည့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း(INGO) ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှုသည် လူသားတို့၏ အခြေခံအခွင့်အရေးကို ငြင်းပယ်ခြင်း ဖြစ်သကဲ့သို့ ဖောက်ဖျက်ခြင်းဖြစ်သည်ဟူသော ဆောင်ပုဒ်မှာ Action Aid ၏ ခံယူချက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ Action Aid သည် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ပြည်သူလူထု၏ သက်ရှင်ရပ်တည်နိုင်ရေးအတွက် ပံ့ပိုးကူညီလျက်ရှိပါသည်။ Action Aid ၏ အခြေခံချဉ်းကပ်ပုံသည် လုပ်ငန်းအစီအစဉ်တို့အား အပေါ်မှ ချမှတ်ပေးခြင်းကို ရှောင်ရှား၍ ပြည်သူလူထုနှင့်လက်တွဲလျက် ဒေသ၏အခြေအနေနှင့် လိုက်လျောညီထွေမှုရှိသော လုပ်ငန်းစီမံကိန်းတို့ကို အကောင်အထည်ဖော်ပေးခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ကမ္ဘောဇဘဏ်နှင့် Action Aid တို့ ပူးပေါင်း၍ လယ်ယာလုပ်ငန်းခွင်ရှိ အမျိုးသမီးတို့ကို ဘဏ္ဍာရေးအရ ပံ့ပိုးကူညီမည့်အစီအစဉ်ကို တရားဝင်ထုတ်ပြန် ကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံ လူဦးရေ၏သုံးပုံနှစ်ပုံခန့်သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် မှီခိုနေရသည်ဖြစ်၍ ကမ္ဘောဇဘဏ်နှင့် Action Aid တို့၏ ဤပူးပေါင်းဆောင်ရွက်မှုသည် ကြိုဆိုရမည့် လုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ လယ်ယာလုပ်ငန်းခွင်ရှိရာ ကျေးလက်တောရွာတို့သည် ဘဏ်လုပ်ငန်းနှင့် ချိတ်ဆက်နိုင်ခြင်းမရှိ၍ အတိုးနှုန်းသက်သာသော ချေးငွေရရှိရန် အလွန်ခက်ခဲသော အခြေအနေမျိုးဖြစ်နေပါသည်။

ဤအခြေအနေကို ပြောင်းလဲနိုင်ရေးအတွက် ကမ္ဘောဇဘဏ်နှင့် Action Aid တို့က ယခုအစီအစဉ်ကို အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ပါသည်။ လယ်ယာကဏ္ဍတွင် ဖြစ်ပေါ်လျက်ရှိသော အခက်အခဲများ ဖြေရှင်းနိုင်ရေးအပါအဝင် အမျိုးသမီးတို့၏ စီးပွားရေးလုပ်ငန်းငယ်များ မြှင့်တင်နိုင်ရေးအတွက် မြေယာပိုင်ဆိုင်မှု အထောက်အထားပြသရုံဖြင့် ကမ္ဘောဇဘဏ်နှင့် Action Aid တို့က ချေးငွေထုတ်ပေးသွားမည်ဖြစ်ပါသည်။ ဤစီမံကိန်း၏ ရှေ့ပြေးအစီအစဉ်ကို ၁၂ လကြာ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကာလအတွင်း အမျိုးသမီး ၁၂၀ ခန့်အား ချေးငွေထုတ်ပေးသွားမည်ဖြစ်၍ မိသားစုဝင် ၅၀၀ ခန့်ကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ ကမ္ဘောဇဘဏ်နှင့် Action Aid တို့သည် အမျိုးသမီးတို့အား ချေးငွေထုတ်ပေးရုံသာမက ဘဏ္ဍာရေးထိန်းသိမ်းကာကွယ်မှုနှင့် စာရင်းပြုစုခြင်းတို့ကိုပါ သင်ကြားပေးသွားမည်ဖြစ်၍ ကျေးလက်အမျိုးသမီးထုအတွက် အားတက်စရာလုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘောဇဘဏ်နှင့် Action Aid တို့၏ ဤလုပ်ငန်းစီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး လုပ်ငန်းခွင်ရက်တိုသင်တန်းဆင်း

**မော်လမြိုင် ဖေဖော်ဝါရီ ၁၇**

မော်လမြိုင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင်ရက်တိုသင်တန်းအမှတ်စဉ် (၁/၂၀၁၈) ဆင်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က မော်လမြိုင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ နယ်မြေရဲကင်းမှူးများ၊ မိတ်ဖက်တပ်ဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားအရာရှိ ၁၂ ဦး၊ အခြားအဆင့် ၂၈ ဦး၊ စာရေးဝန်ထမ်း ၁၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ကျင်းပ



**မိတ္ထီလာ ဖေဖော်ဝါရီ ၁၇**

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဖေဖော်ဝါရီ ၁၃ ရက်က ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အား ဂုဏ်ပြုသောအားဖြင့် ကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ရဲဇာနည်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရဲငွေကြယ်မူကြိုကျောင်းကော်မတီ ဥက္ကဋ္ဌ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သိန်းကိုကို၏ဇနီး ဒေါ်ဌေးဌေးမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကလေးများ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်စုံပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ အကပဒေသာဖြင့် ဖျော်ဖြေကြသည်။ ဆုရကလေးများကို ရဲငွေကြယ် ကျောင်းကော်မတီဥက္ကဋ္ဌ ဒေါ်ဌေးဌေးမြင့်က ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယရဲမှူးကြီး သိန်းကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးညွန့်ထွန်းနှင့် ရဲအရာရှိများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျောင်းသားမိဘများ တက်ရောက်အားပေးကြသည်။

**တင်လှိုင်(မိတ္ထီလာ)**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှငါးပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားများ လှူဒါန်း

**လဲချား ဖေဖော်ဝါရီ ၁၇**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ ၃ ဒသမ ၈၆၃၈၂၀၀ သန်းဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက ကြီးမှူး၍ ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် ကျေးရွာများသို့ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုင်းကိုင်မြို့ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့က ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို လဲချားမြို့နယ်ရှိ ပုံနေကျေးရွာအုပ်စု ဝမ်ပုံကျေးရွာအတွက် ၇၄ စုံနှင့် တပ်မောက်ကျေးရွာအုပ်စု၊ ကွန်ဟုန်းကျေးရွာအတွက် ၆၈ စုံ စုစုပေါင်း ၁၄၂ စုံအား ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ပြီး တင်ဒါအောင်ကုမ္ပဏီဖြစ်သည့် မဏိသုခကုမ္ပဏီက ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျေးရွာများသို့ သွားရောက်၍ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ဆိုလာပြားများ တပ်ဆင်ပြီးသည့် ကွန်ဟုန်းကျေးရွာမှ ရွာသူကြီးလုံးတာလန္ဒက "ကျေးရွာအရောက် ဆိုလာပြားတွေ တပ်ဆင်ပေးတာကြောင့် ကျေးရွာပြည်သူလူထုအတွက် များစွာ အကျိုးရှိတယ်၊ အခုလိုလျှပ်စစ်မီးအလင်းရောင်ထဲမှာ နေခွင့်ရအောင် ကျေးလက်မြို့ပြ တန်းတူညီစွာ နေထိုင်နိုင်အောင် ဆိုလာပြားတွေ လှူဒါန်းပေးတဲ့ တာဝန်ရှိသူတွေနဲ့ လာရောက်တပ်ဆင်ပေးတဲ့ ကုမ္ပဏီကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၇-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ဒုတိယသမ္မတ ဦးမြင့်ဆွေ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀၀ အား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

❀ ရှေ့စာမှ

တမံတည်နေရာ၊ တမံအမျိုးအစား၊ ရေပိုလွှဲနှင့်ရေလွှဲဆည် တည်ဆောက်ထားရှိမှု၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု၊ အကျိုးပြုစိုက်ကေနှင့် နှစ်အလိုက်စိုက်ပျိုးရေပေးဝေနိုင်မှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဒေါက်တာ မောင်မောင်ကျော်က စက်ရုံတည်နေရာ၊ ဓာတ်အားထုတ်လုပ်နိုင်မှု၊ နှစ်အလိုက် ဓာတ်အားထုတ်လုပ်နိုင်မှု၊ စက်များ ပြုပြင်ထိန်းသိမ်းမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အလေးထားဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတက ဆည်မှရေပေးဝေမှုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေလုံလောက်စွာ ရရှိသည့်အတွက် ဒေသခံတောင်သူများ ရေကိုအကျိုးရှိစွာအသုံးချ၍ စီးပွားရေးတွက်ခြေကိုက်သည့် သီးနှံများ ပိုမိုစိုက်ပျိုးအောင် စည်းရုံးသွားကြစေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ချက်စီမံဆောင်ရွက်သွားကြရန်နှင့် လျှပ်စစ်ဓာတ်အားများ ဆုံးရှုံးမှုမရှိအောင် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ခပေါင်းရေလှောင်တမံသည် ရေပေးမြောင်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဆည်ရေပေးဝေမှုဖြင့် နွေစပါး၊ ပဲမျိုးစုံနှင့် အခြားသီးနှံ ၅၃၂၈၆ ဧက စိုက်ပျိုးနိုင်ကြောင်း သိရသည်။

**ဓာတ်အားထုတ်လွှတ်မှုကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတသည် ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအတွင်း စက်များတပ်ဆင်ထားရှိမှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှုသည်။

**စီးပွားရေး ကျွန်းစိုက်ခင်း**

ယင်းနောက် အုတ်တွင်း- ပေါက်ခေါင်းလမ်း မိုင်တိုင်အမှတ် ၉၇ ရှိ သစ်တောဦးစီးဌာန စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀၀ သို့ ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ကျွန်းပင်များစိုက်ပျိုးထားရှိမှု၊ စိုက်ခင်းများအတွင်း ပေါင်းရှင်းခြင်း၊ တောမီးကာကွယ်ခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ ပင်ကျပ်ခွာခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

**ကြိုးပမ်း ဆောင်ရွက်**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ယခုလမ်းကို လက်ရှိအခြေအနေထက် အရည်အသွေးမကျအောင် ထိန်းသိမ်းထားရန်၊ ပဲခူးရိုးမသစ်ထုတ်လုပ်မှု ရပ်နားထားချိန်တွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကို ဖော်ဆောင်သွားရန်နှင့် ပဲခူးရိုးမသည် သစ်တောလွှမ်းခြုံမှု ၂၇ ဒသမ ၆၈ ရာခိုင်နှုန်းကျော်သာရှိသည့်အတွက် တစ်ပြည်လုံး သစ်တောလွှမ်းခြုံမှုပျမ်းမျှ ၄၃ ရာခိုင်နှုန်းခန့်အထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် မိုင်တိုင်အမှတ် ၅၇/၆ရှိ ရှုခင်းသာ (View Point)သို့ရောက်ရှိပြီး သဘာဝသစ်တောများ ပေါက်ရောက်နေမှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၄၃/၂ ရှိ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် စီးပွားရေး ကျွန်းစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် မိုင်တိုင်အမှတ် ၄၂/၆ ရှိ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်၏ ပဲခူးရိုးမ Eco Resort သို့ရောက်ရှိပြီး ခရီးသွားဧည့်သည်များ အပန်းဖြေအနားယူနိုင်ရန် ဆောင်ရွက်ထားမှုများအား လိုက်လံကြည့်ရှုသည်။

**ပထမဆုံးဖွင့်လှစ်**

ပဲခူးရိုးမ Eco Resort သည် ပဲခူးရိုးမတွင် ပထမဆုံးဖွင့်လှစ်သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆိုလာမီးအိမ်ငါးစုံကို ပဲခူးရိုးမကျေးရွာများဖြစ်သည့် ရွှေတောင်ငွေတောင်ကျေးရွာ၊ ခပေါင်းကျေးရွာ၊ ဘော်ဒါကျေးရွာ သုံးရွာတို့အတွက် ဒုတိယသမ္မတနှင့် တိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ စောညိုဝင်းတို့က ဒေသခံများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ဒုတိယသမ္မတ ဦးမြင့်ဆွေ ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုအခြေအနေအား ကြည့်ရှုစဉ်။ သတင်းစဉ်




ဒုတိယသမ္မတ ဦးမြင့်ဆွေ ပဲခူးရိုးမကျေးရွာ သုံးရွာအတွက် ဆိုလာမီးအိမ်ငါးစုံ ပေးအပ်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပဲခူးရိုးမတွင် ပထမဆုံးဖွင့်လှစ်သည့် Eco Resort အပန်းဖြေစခန်းအား ကြည့်ရှုစဉ်။ သတင်းစဉ်

# မီဒီယာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ အများပြည်သူ အသိပညာဖွံ့ဖြိုးမှု၊ အပန်းဖြေပျော်ရွှင်မှုတို့ တိုးတက်ရရှိနိုင်မှာဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

**ပြည်တွင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ လက်ရှိထုတ်လွှင့်နေသည့် Multi-Channel Playout System တွင် DVB – T 2 စနစ်ဖြင့် Digital Free to Air ရုပ်သံလိုင်းများ ထပ်မံဆောင်ရွက်နိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Content Provider ငါးဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီ က ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုအေ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် "ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အဓိက တာဝန်တစ်ရပ်သည် အများပြည်သူကို သတင်းအချက်အလက်ပေးဖို့၊ အသိပညာဖြည့်ဆည်းပေးဖို့နဲ့ အပန်းဖြေပျော်ရွှင်မှုအတွက် ဖျော်ဖြေတင်ဆက်ပေးဖို့ ဖြစ်ပါတယ်။ ဒါကို Information၊ Education၊ Entertainment ဆိုပြီး သုံးနေကြတာ အသိဖြစ်ပါတယ်။

**တာဝန်ရှိတယ်လို့ ခံယူ**

ဒါသည် ကျွန်တော်တို့ MRTV ပြန်ကြားရေးဝန်ကြီးဌာနသာမဟုတ်ဘဲ နိုင်ငံတကာမှာရှိတဲ့ မီဒီယာများ ထမ်းဆောင်နေရတဲ့ လုပ်ငန်းတာဝန်တွေပဲ ဖြစ်ပါတယ်။ ဒီတာဝန်ကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဆိုတဲ့ ဌာနခွဲ နှစ်ခုကနေ ထမ်းဆောင်နေတာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန အနေနဲ့ စောစောက ဖော်ပြခဲ့တဲ့ ဌာနနှစ်ခုနဲ့ ထမ်းဆောင်နေသကဲ့သို့ တစ်ချိန်တည်းမှာပဲ တစ်ဖက်ကလည်း အလားတူ တာဝန်တွေကို ထမ်းဆောင်နေတဲ့ ပုဂ္ဂလိက မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးဖို့ တာဝန်ရှိတယ်လို့ ခံယူပါတယ်။

ပုဂ္ဂလိက မီဒီယာများသည်လည်း သူတို့လုပ်ကိုင်နေတဲ့ အလုပ်တွေသည် Information ပေးတယ်၊ Educate နဲ့ Entertainment လုပ်တာပဲဖြစ်တယ်လို့ သိနိုင်ပါတယ်။ ကျွန်တော်တို့လည်း မိမိဘာသာ ဆောင်ရွက်တယ်၊ သို့သော် ပုဂ္ဂလိကမီဒီယာတွေ အသစ်ပေါ်ပေါက်လာတဲ့ Content Provider ငါးခု အပါအဝင် ပုဂ္ဂလိကမီဒီယာများသည်လည်း ဒီအလုပ်တွေကိုပဲ ဆောင်ရွက်ပါတယ်။ သို့သော် ကိုယ့်နည်းကိုယ့်ဟန်နဲ့ တီထွင်ဆန်းသစ်ပြီး ဆောင်ရွက်ကြမှာ ဖြစ်တဲ့အတွက် အများပြည်သူအနေနဲ့ ပိုမိုပြည့်စုံ ကြွယ်ဝတဲ့ သတင်းအချက်အလက်၊ အသိအမြင်တွေရရှိနိုင်မှာ ဖြစ်ပါတယ်။

**အကျိုးကျေးဇူးရရှိနိုင်**

တစ်ချိန်တည်းမှာ ဖျော်ဖြေမှုအပိုင်းမှာဆိုရင်လည်း ပိုပြီး စိတ်ဝင်စားဖွယ်၊ စိုစိုပြည်ပြည်၊ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အဲဒီလို မီဒီယာတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ အများပြည်သူ အသိပညာဖွံ့ဖြိုးတာ၊ အပန်းဖြေပျော်ရွှင်မှုတို့ တိုးတက်ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါနဲ့ တစ်ဆက်တည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေနိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်မယ်လို့ မြင်ပါတယ်။ ဒီလိုမြင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီနေ့မှာ ရုပ်သံလိုင်း ငါးလိုင်း(သို့မဟုတ်) Content Provider ငါးခုနဲ့ အသစ်လုပ်ကိုင်ဖို့ကိစ္စကို စီစဉ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနေ့ကစပြီး တိတိကျကျ အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။

ဒီအစီအစဉ်ဟာ ရုပ်သံဥပဒေ ပြင်ဆင်ပြီး ရုပ်သံဥပဒေနဲ့ ဆက်စပ်တဲ့ နည်းဥပဒေ ပေါ်ပေါက်ပြီးတဲ့နောက် အဲဒါနဲ့ ဆက်စပ်ပြီး ရုပ်သံကောင်စီဖွဲ့စည်းပေါ်ပေါက်ပြီးတဲ့နောက် ဥပဒေတွေ ၊ နည်းဥပဒေတွေအရ ကောင်စီကနေ ရုပ်သံလုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်စောင့်ကြပ်တာတို့ ဒီအလုပ်တွေကို ဆက်လက်ဆောင်ရွက်တဲ့အခါကျမှ ကျွန်တော်တို့ရဲ့ ရုပ်သံလုပ်ငန်းအသစ်တွေပေါ်လာဖို့ အစီအစဉ်ရှိခဲ့ပါတယ်။

**ဆက်လက်ဆောင်ရွက်မှာဖြစ်**

သို့သော် စောင့်ဆိုင်းနေရတဲ့ အဲဒီစပ်ကြားကာလအတွင်း ရုပ်သံလုပ်ငန်းလုပ်ကိုင်နေသူပုဂ္ဂိုလ်တို့အတွက် စတင်ဆောင်ရွက်နိုင်ဖို့ အခုလို နည်းလမ်းရှာဖွေ ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ကောင်စီပေါ်ပေါက်လာပြီးရင်တော့ ပြောင်းလဲလာတဲ့ အနေအထားတွေနဲ့ လျော်ညီစွာ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဆက်လက်ပြီး ပေါ်ပေါက်လာမယ့် အမျိုးသားရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှာ ပါဝင်ပြီး ရုပ်သံကောင်စီ ၊ ရုပ်သံလုပ်ငန်းရှင်များစတဲ့ သက်ဆိုင်တဲ့ အဖွဲ့များနဲ့အတူ ပူးပေါင်းပြီး ရုပ်သံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရုပ်သံလွှင့်လုပ်ငန်း (Digital Free to Air) လုပ်ကိုင်ခွင့်ရရှိသည့် Content Provider ငါးဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**ကနဦးစမ်းသပ်ချက်**

ဒီနေ့အစီအစဉ်သည် တည်ရှိဆဲ စည်းမျဉ်း စည်းကမ်း ဥပဒေဘောင်ထဲမှာ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးခဲ့တာ ဖြစ်တဲ့အတွက် တစ်ကြောင်း၊ ဒီနေ့ အစီအစဉ်က ထွက်ပေါ်လာမယ့် ဆောင်ရွက်ချက်များသည် နောင်ဆက်လက်ဖြစ်ပေါ်လာမယ့် ပုဂ္ဂလိက ရုပ်သံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦး စမ်းသပ်ချက်သဘောမျိုး သက်ရောက်မှာဖြစ်တဲ့အတွက် တစ်ကြောင်း၊ ကျွန်တော်တို့ ဒီအစီအစဉ်ကို အောင်မြင်အောင် အတူတကွ အားလုံး ဝိုင်းဝန်းထိန်းသိမ်း ညှိညှိနှိုင်းနှိုင်းနဲ့ ပူးပေါင်းဆောင်ရွက်ကြပါလို့ ကြိုတင်ပြီး မေတ္တာရပ်ခံပါတယ်။

ဒီနေ့ ကြွရောက်လာကြတဲ့ Content Provider အသစ်များအနေနဲ့ မီဒီယာလွတ်လပ်ခွင့်ကို စနစ်တကျ ကျင့်သုံးပြီး ပြည်သူများအတွက် သတင်းအချက်အလက်ပေးခြင်း၊ အသိပညာပေးခြင်း၊ ဖျော်ဖြေခြင်း လုပ်ငန်းများကို ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်နိုင်ကြပါစေ ။

အများပြည်သူရဲ့နှစ်သက်မှုနဲ့အတူ မိမိတို့ အောင်မြင်မှုလုပ်ငန်းများကိုလည်း ခံစားရရှိကြပါစေ။

တစ်ဖက်မှာ မြန်မာ့မီဒီယာလောကနဲ့အတူ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ် "ဟု ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက စာချုပ်များ လက်မှတ်ရေးထိုးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်မည့် Content Provider အသစ် ငါးဖွဲ့ဖြစ်သည့် Mizzima Media Company Limited အုပ်ချုပ်မှုဒါရိုက်တာနှင့် အယ်ဒီတာချုပ် ဦးစိုးမြင့်၊ DVB Multimedia Group Company Limited အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်စိုး၊ Fortune Broadcasting Company Limited ဥက္ကဋ္ဌ ဦးမြဟန်၊ KMA TeleMedia Holdings Company Limited အုပ်ချုပ်မှု ဒါရိုက်တာ ဦးသတိုးကျော်နှင့် My Multi Media Group Company Limited Executive Project Director ဦးထွန်းထွန်းစိုးတို့နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးတို့က ထုတ်လွှင့်သည့် လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခြင်း သဘောတူစာချုပ်များကို အပြန်အလှန် လက်မှတ်ရေးထိုးကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုပ်သံလွှင့်လုပ်ငန်း Digital Free to Air လုပ်ကိုင်ခွင့်ရရှိသည့် Content Provider ငါးဖွဲ့မှ ကိုယ်စားလှယ်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် Content Provider ငါးဖွဲ့မှ ခင်းကျင်းပြသထားသည့် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုလေ့လာကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Multi Channel Playout System တွင် Content Provider များအဖြစ် ရုပ်သံလွှင့်လုပ်ငန်း Digital Free to Air လုပ်ကိုင်ခွင့်ရရှိသူ ကုမ္ပဏီ ငါးဖွဲ့ကို ၂၀၁၇ ခုနှစ် ဧပြီ ၁၁ ရက်က ရွေးချယ် ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရုပ်သံလွှင့်လုပ်ငန်း (Digital Free to Air) လုပ်ကိုင်ခွင့်ရရှိသည့် Content Provider ငါးဖွဲ့မှ ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

---

❑ *ကျောဖုံးမှ*

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Asaduzzaman Khan MP ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့လုံခြုံရေးဌာနကြီး၊ အတွင်းဝန် Mr. Mostafa Kamal Uddin၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လုံခြုံရေးဌာနကြီး၊ အတွင်းဝန် Mr. Farid UDDIN Ahmed Chowdhury၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အတွင်းဝန်၊ ရဲတပ်ဖွဲ့ချုပ် (အငြိမ်းစား)Md. Khurshed Ala, BN နှင့် အခြားအဆင့်မြင့်အရာရှိကြီးများ ပေါင်း ၁၈ ဦး ပါဝင် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တိုးမြှင့်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေး၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဘက်သို့ ရောက်ရှိနေသော မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာထွက်ပြေးသူများအား ပြန်လည်ခေါ်ယူရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်း၊ နှစ်နိုင်ငံမြစ်ကြောင်းနယ်နိမိတ်တွင် ဖြစ်ပေါ်လျက်ရှိသော မှုခင်းများတိုက်ဖျက်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး အောက်ပါတို့ကို ဆက်လက်ဆွေးနွေး ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်-

(က) လုံခြုံရေးကဏ္ဍ ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ သက်ဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာအပ်နှင်းထားသော အာဏာပိုင်များအကြား စနစ်တကျ စီစဉ်ထားသော ပုံမှန်ပြုလုပ်နေကျ ဆွေးနွေးပွဲများအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(ခ) တစ်နှစ်လျှင်တစ်ကြိမ် ဒုတိယဝန်ကြီးအဆင့်/ အတွင်းဝန်အဆင့် အစည်းအဝေးများအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် လိုအပ်ပါက ဝန်ကြီးအဆင့်အစည်းအဝေးများပြုလုပ်ရန်၊

(ဂ) အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ နယ်ခြားစောင့် ရဲတပ်ဖွဲ့တို့အကြား အမျိုးမျိုးသောအဆင့် ကဏ္ဍအလိုက် ဆွေးနွေးပွဲကျင်းပပြုလုပ်မှုအား ဆက်လက်ပြုလုပ်ရန်၊

(ဃ) အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရေး၊ ဆက်သွယ်ဆက်ဆံရေးနှင့် သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေးတို့အတွက် အောက်ခြေအဆင့်၊ အလယ်အလတ်အဆင့်၊ ဇုဟိုအဆင့်/ အကြီးအကဲအဆင့်တို့၌ ဆက်သွယ်ဆက်ဆံရေးအရာရှိများ သတ်မှတ်ထားရန်၊

(င) အပြန်အလှန်ယုံကြည်မှု တည်ဆောက်မှုအဖြစ် ယဉ်ကျေးမှုအဖွဲ့၊ အားကစားအဖွဲ့၊ စာတမ်းဖတ်ပွဲများ၊ သင်တန်းအစီအစဉ်များ၊ လေ့လာရေးခရီးစဉ်များ အပြန်အလှန် စေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(စ) နှစ်နိုင်ငံ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နယ်စပ်ဆက်ဆံရေးရုံးများကို မြန်မာနိုင်ငံဘက်မှ မောင်တောနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ကော့ဘဇားတို့တွင် ဖွင့်လှစ်ခြင်းကို အမြန်ဆောင်ရွက်သွားရန်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံဘက်မှ နေရပ်စွန့်ခွာထွက်ပြေးသူများအား နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ ပြန်လည် လက်ခံနိုင်ရေးအတွက် ကြိုတင်စိစစ်မှုများ ဆောင်ရွက်နိုင်ရန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ ပထမအသုတ် လွှဲပြောင်းပေးမည့် အိမ်ထောင်စု ၁၆၇၃ စုမှ လူဦးရေ ၈၀၃၂ ဦး၏ အမည်စာရင်းများနှင့် ကိုယ်ရေးအချက်လက်များကို ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံက လွှဲပြောင်းပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံဘက်မှလည်း ARSA အကြမ်းဖက်အဖွဲ့အစည်းတွင် ပါဝင်ပတ်သက်သူ အကြမ်းဖက်သမားများ၊ တရားခံပြေးများ၏ အမည်စာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ သုံးကြိမ်ပေးပို့ထားပြီးဖြစ်၍ အမြန်ဆုံး စုံစမ်းဖော်ထုတ်၍ သတင်းဖလှယ်ပေးပို့ရေးတို့ကို အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရုတ်ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

**မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် တရုတ်ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပရာ (ယာပုံ) ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက် အမှာစကားပြောကြားသည်။**



အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ၌ တရုတ်ရုပ်ရှင်ပွဲတော်ကို ယမန်နှစ်အောက်တိုဘာလ တရုတ်နိုင်ငံ၏ အမျိုးသားနေ့တွင် မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ တရုတ်ရုပ်ရှင်ဇာတ်ကားနှစ်ကားကို ပြသခဲ့ကြောင်း၊ ယခုနှစ်ကျင်းပသည့် တရုတ်ရုပ်ရှင်ပွဲတော်တွင် မြန်မာဘာသာဖြင့် နောက်ခံစကားပြောသည့် ဇာတ်ကားများ ပြသမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးအနေဖြင့် တရုတ်ရုပ်ရှင်ဇာတ်ကားကောင်းများကို မြန်မာပရိသတ်များအား မိတ်ဆက်ပြသသွားမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံက ထုတ်လုပ်သည့် ဇာတ်လမ်းတွဲများကိုလည်း တရုတ်ဘာသာသို့ပြန်ဆိုကာ တရုတ်ပရိသတ်နှင့် မိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြုလုပ်ပြသခြင်းဖြင့် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ပိုမိုအထောက်အကူပြုလာနိုင်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တရုတ်ရုပ်ရှင်ကားများ၊ ဇာတ်လမ်းတွဲများကို မြန်မာပရိသတ်များက နှစ်ခြိုက်ပြီးဖြစ်ကြောင်း၊ တရုတ်ရုပ်ရှင်ဇာတ်ကားများသည် ယခုအခါ နည်းပညာပိုမိုမြင့်မားလာသည့်အတွက် အဆင့်မြင့်မြင့် ပိုမိုရိုက်ကူးလာနိုင်ကြောင်း၊ တရုတ်ရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုခြင်းဖြင့် တရုတ်နိုင်ငံ၏ သမိုင်းနှင့် ယဉ်ကျေးမှုတို့ကို သိရှိနားလည်လာနိုင်ကြောင်း၊ တရုတ်နိုင်ငံတွင် ကျင်းပသည့် ရွှေကြက်ဖရုပ်ရှင်ပွဲတော်နှင့် အာဆီယံရုပ်ရှင်ပွဲတော်တို့တွင် မြန်မာဇာတ်ကားများ သွားရောက်ပြသကြောင်း၊ ထို့ကြောင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုတို့ ပိုမိုတိုးတက်လာစေကြောင်း၊ အထူးသဖြင့် ရုပ်ရှင်ပွဲတော်များ ကျင်းပခြင်းသည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား သိနားလည်ရေး အထောက်အကူပြုရန် အထိရောက်ဆုံးဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် ဇနီးတို့က တရုတ်ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယခုကျင်းပသည့် တရုတ်ရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့ (နေပြည်တော်ရုပ်ရှင်ရုံ)၊ နေပြည်တော် (အောင်သပြေရုပ်ရှင်ရုံ)၊ မန္တလေးမြို့ (ဝင်းလိုက်ရုပ်ရှင်ရုံ)၊ ပဲခူးမြို့ (မင်္ဂလာရွှေဟင်္သာရုပ်ရှင်ရုံ)၊ မကွေးမြို့ (သီဟရုပ်ရှင်ရုံ)၊ ရှမ်းပြည်နယ် (City Square ရုပ်ရှင်ရုံ)၊ မွန်ပြည်နယ် (Paradiso ရုပ်ရှင်ရုံ)၊ စစ်ကိုင်းတိုင်းဒေသကြီး (Paradiso ရုပ်ရှင်ရုံ)၊ ဧရာဝတီတိုင်းဒေသကြီး (ရွှေပြည်တော်ရုပ်ရှင်ရုံ)၊ တနင်္သာရီတိုင်းဒေသကြီး(အောင်မင်္ဂလာရုပ်ရှင်ရုံ)၊ ကချင်ပြည်နယ် (ဧရာရုပ်ရှင်ရုံ)၊ နှင့် ကရင်ပြည်နယ်(ဦးဆောက်ပန်းရုပ်ရှင်ရုံ) စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတို့တွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက် (တရုတ်နှစ်ဆန်း ၁ ရက်မှ ၇ ရက်) အထိ Xuan Zang၊ Kung Fu Yoga၊ Detective Chinatown နှင့် Go Away Mr.Tumor ဇာတ်ကားလေးကားကို ပြသသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) အဖြစ် ဆရာကြီး ဟံသာဝတီဦးအုန်းကြိုင် ရွေးချယ်ခံရ



မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) အဖြစ် ရွေးချယ်ခံရသည့် ဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးခန်းမ၌ ကျင်းပရာ ဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင် ရွေးချယ်ခံရကြောင်း သိရသည်။

ယခင် ဒုတိယဥက္ကဋ္ဌ (၁)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးအောင်လှထွန်းသည် ပြန်ကြားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခံရပြီးနောက် လစ်လပ်သွားသည့် ဒုတိယဥက္ကဋ္ဌ (၁)နေရာကို ကောင်စီဝင်များက မဲစနစ်ဖြင့်ရွေးချယ်ရာ ဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင် ရွေးချယ်ခံရခြင်းဖြစ်သည်။

"စတုတ္ထမဏ္ဍိုင် ပီပြင်စွာ ထူထောင်နိုင်ရေး အစွမ်းကုန်ဆောင်ရွက်နေပါတယ်၊ သတင်းမီဒီယာသမားများ လွတ်လပ်စွာ ရေးသားနိုင်ခွင့်ရှိရေး လုပ်ဆောင်သွားပါမယ်" ဟု ဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်က ပြောသည်။

ဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်သည် ၁၉၄၅ ခုနှစ်တွင် ဟံသာဝတီ သတင်းစာတွင် သတင်းထောက်အဖြစ် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အယ်ဒီတာအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲ ကျင်းပရေးဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းတွင် လည်းကောင်း ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရှိရသည်။

ဆရာကြီးသည် ပဉ္စမအကြိမ် အမျိုးသားသတင်းဆုပေးပွဲတွင် သတင်းသူ့ရဲကောင်းဆုကို ရရှိခဲ့သည်။

**ကျော်စွာ**

---

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁)ရွေးချယ်၊ မဲအများဆုံးဖြင့် ဦးအုန်းကြိုင်(ဟံသာဝတီ ဦးအုန်းကြိုင်) ရွေးချယ်ခံရ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတွင် လစ်လပ်နေသည့် နေရာတစ်ခုဖြစ်သော ဒုတိယဥက္ကဋ္ဌ (၁) နေရာအတွက် ရွေးကောက်တင်မြှောက်ခြင်းကို သတင်းမီဒီယာ ဥပဒေနှင့်အညီ ယမန်နေ့ (ဖေဖော်ဝါရီ ၁၆ ရက်)က ပြုလုပ်ရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ဖြစ်ကြသော ဦးအုန်းကြိုင်(ဟံသာဝတီ ဦးအုန်းကြိုင်)၊ ဦးမြင့်ကျော်၊ ဒေါက်တာမောင်မောင်စံ၊ ဒေါက်တာမျိုးသန့်တင်တို့ လေးဦး ဝင်ရောက်ရွေးချယ်ခံကြရာတွင် မဲအများဆုံးဖြင့် ဦးအုန်းကြိုင်(ဟံသာဝတီဦးအုန်းကြိုင်)က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။**

**ထိုသို့ ရွေးချယ်တင်မြှောက်ခံရမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ၏ သဘောထားအမြင်များ၊ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အခြေအနေများအပေါ် မြန်မာ့သတင်းစဉ်က မေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ဦးသီဟစော (မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး)**



ကျွန်တော်တို့ဆီမှာ ဒုတိယဥက္ကဋ္ဌနေရာက နှစ်ယောက်ရှိပါတယ်။ ဒုတိယဥက္ကဋ္ဌ(၁) နေရာက ပထမတုန်းက ဆရာဖေမြင့်က ဝန်ကြီးဖြစ်သွားတော့ လစ်လပ်သွားတယ်။ အဲဒီနေရာကို ပြန်ပြီးတော့ ရွေးချယ်တင်မြှောက်လိုက်တော့ ဦးအောင်လှထွန်း ဖြစ်သွားတယ်။ သူလည်း အခု ပြန်ကြားရေးဝန်ကြီးဌာနမှာ ဒုတိယဝန်ကြီးဖြစ်သွားတော့ ကျွန်တော်တို့အနေနဲ့ ထပ်ပြီးတော့ ရွေးချယ်ရတယ်။ ရွေးချယ်တဲ့အခါမှာ ကျွန်တော်တို့ အချင်းချင်း ရွေးရတာပါ။ အပြင်လူကို ရွေးရတာ မဟုတ်ပါဘူး။ ဒီအထဲမှာရှိတဲ့ သတင်းမီဒီယာကောင်စီဝင်က ၁၅ ယောက် အနည်းဆုံးရှိရမယ်။ ၃၀ ထက် မကျော်ရဘူးဆိုတဲ့ စည်းမျဉ်းရှိတယ်။ ကျွန်တော်တို့က ၂၀ ကျော်ရှိတော့ အဲဒီအထဲကပဲ ရွေးပြီးတော့ တင်လိုက်ပါတယ်။ အဲဒီလို ရွေးတဲ့အခါမှာတော့ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဆိုတာရှိတယ်။ အဲဒီအဖွဲ့မှာ ဆရာမောင်ခင်မင်(ဓနုဖြူ)က ဥက္ကဋ္ဌပါ။ ပြီးတော့ ဥပဒေပညာရှင်အပါအဝင် ပညာရှင်အဖွဲ့နဲ့ ဖွဲ့ထားတာပါ။ အဲဒီအဖွဲ့ရဲ့ ရှေ့မှောက်မှာ ဆရာဦးအုန်းကြိုင်ရယ်၊ ဦးမြင့်ကျော်ရယ်၊ ဒေါက်တာမောင်မောင်စံရယ်၊ ဒေါက်တာမျိုးသန့်တင်ရယ် လေးယောက်ဝင်ပြီး အရွေးချယ်ခံကြပါတယ်။ အဲဒီအထဲမှာ ဆရာကြီးဦးအုန်းကြိုင်က မဲအများဆုံးရပါတယ်။ ဒုတိယ မဲအများဆုံးကတော့ ဦးမြင့်ကျော်ပါ။ အဲဒါကြောင့် ဆရာကြီးဦးအုန်းကြိုင်ကို ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ရွေးချယ်ရတာပါ။ အခုလာမယ့် ၂၁ ရက်နေ့မှာ နေပြည်တော်မှာ မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲရှိပါတယ်။ ဝန်ကြီးဌာန ပေါင်းစုံက ပြောရေးဆိုခွင့်ရှိသူတွေရယ်၊ ပြန်ကြားရေးဝန်ကြီးဌာနရယ်၊ သတင်းမီဒီယာကောင်စီရယ်၊ မီဒီယာအဖွဲ့ကိုယ်စားလှယ်တွေရယ် တွေ့ဆုံမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဘယ်သူ့လက်အောက်ခံအဖွဲ့အစည်းမှ မဟုတ်ဘဲ သီးခြားအဖွဲ့အစည်း ဖြစ်တဲ့အတွက် လိုအပ်တဲ့နေရာမှာ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုရွေးကောက်ပွဲက သေးသေးလေးပါ။ လာမယ့် အောက်တိုဘာလမှာလုပ်မယ့် သတင်းမီဒီယာရွေးကောက်ပွဲကြီးမှာတော့ သတင်းမီဒီယာသမားတွေ ဒီထက်ပိုပြီး စိတ်ဝင်စားဖို့လိုပါတယ်။ အဲဒီရွေးကောက်ပွဲကြီးမှာတော့ တစ်ဖွဲ့လုံးနီးပါး အသစ်ပြန်ရွေးရမှာဖြစ်ပါတယ်။ သတင်းမီယာဥပဒေကိုလေ့လာ၊ နည်းဥပဒေကိုလေ့လာပြီးတော့ သတင်းသမားတွေအနေနဲ့ စိတ်ဝင်တစားပါဝင်ကြပါလို့ ပြောချင်ပါတယ်။

**ဦးမြင့်ကျော် (မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်)**



ကျွန်တော့်အနေနဲ့ ဒုဥက္ကဋ္ဌ (၁) နေရာကို ဝင်ပြိုင်ရတဲ့အကြောင်းကတော့ မီဒီယာဥပဒေအပြင် မီဒီယာလောကဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့ ဒီထက်ပိုပြီး ထဲထဲဝင်ဝင် လုပ်ဆောင်ချင်လို့ပါ။ အခုရသွားတဲ့ ဆရာ ဦးအုန်းကြိုင်ဟာလည်း အများမဲစနစ်နဲ့ ရသွားတဲ့အတွက် ဝမ်းသာပါတယ်။ သူ့ရဲ့ အတွေ့အကြုံ၊ လုပ်သက်တွေက ဖဆပလခေတ်ကတည်းက သတင်းစာနဲ့ပတ်သက်တဲ့ သတင်းစာဆရာ အတွေ့အကြုံတွေရှိတယ်။ အဲဒီအတွက်ကြောင့်လည်း ကောင်စီဝင်တွေ မဲပေးကြတဲ့အတွက် ဝမ်းသာပါတယ်။ ကောင်စီအနေနဲ့ လက်ရှိလုပ်ဆောင်နေတဲ့ အပေါ်မှာတော့ မီဒီယာနဲ့ပတ်သက်တဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာကိစ္စတွေမှာရော၊ တချို့ကိစ္စတွေမှာရော ဒီထက်ပိုပြီးတော့ ရှေ့တစ်လှမ်းတိုးပြီးတော့ လုပ်ဖို့ ဖြစ်စေချင်ပါတယ်။ ဒါပေမယ့် ဒါဟာအားလုံးရဲ့ အင်အားအပေါ်မှာ မူတည်ပါတယ်။ တစ်ဦးတစ်ယောက်တည်းနဲ့လုပ်လို့မရပါဘူး။ ကောင်စီအနေနဲ့တော့ မီဒီယာနဲ့ပတ်သက်တဲ့ ကိစ္စတွေမှာ သတင်းသမားတွေ အားလုံးက ကောင်စီအပေါ် အများကြီးပဲ မျှော်လင့်ကြတာပေါ့။ တစ်ခါတလေမှာ ကောင်စီကလုပ်ပိုင်ခွင့်နဲ့ လုပ်နိုင်တဲ့ အတိုင်းအတာထက်လည်း ပိုမျှော်လင့်ကြတာတွေလည်း ရှိပါတယ်။ အဲဒါတွေကတော့ သတင်းသမားတွေနဲ့ ကောင်စီနဲ့ ပိုပြီးတော့ နားလည်အောင် ရှင်းပြဖို့၊ အပြန်အလှန်ပြောဆိုဖို့ပဲ လိုပါတယ်။ နောက်တစ်ခုကတော့ နောက်လာမယ့် သက်တမ်းအတွက် ရွေးကောက်ပွဲမှာလည်း ဒီသတင်းသမားတွေက ဒီထက်ပိုပြီးတော့ ထဲထဲဝင်ဝင်နဲ့ ပါဝင်ဖို့လိုပါတယ်။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး**

---

## ယခုနှစ် မန္တလေးသင်္ကြန်တွင် မြို့မတူရိယာအသင်းဖျော်ဖြေမှုနှင့် ရေစိုခံကာတွန်းပြပွဲ ထည့်သွင်းကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

ယခုနှစ် မန္တလေးသင်္ကြန်တွင် မြို့မတူရိယာအသင်းကြီးမှ ပထမဆုံးအကြိမ်အဖြစ် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်သို့ လာရောက်ဖျော်ဖြေမှုနှင့်အတူ လမ်းလျှောက် သင်္ကြန်ပွဲတော်တွင် မြန်မာနိုင်ငံကာတွန်းဆရာအသင်းမှ ပထမဆုံးအဖြစ် ရေစိုခံ ကာတွန်းပြပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များက မြို့မတူရိယာအသင်းကြီးသည် မန္တလေးမြို့အတွင်း၌သာ လှည့်လည်ဖျော်ဖြေခဲ့သော်လည်း ယခုနှစ်သင်္ကြန်တွင် မြို့တွင်း၌သာမက မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် မန္တလေးမြို့ခံလူထုကို သင်္ကြန်ကာလအတွင်း နေ့စဉ်ဖျော်ဖြေပေးသွားမည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ရေစိုခံကာတွန်းပြပွဲကိုလည်း ပထမဆုံးအကြိမ် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

ထို့ပြင် မန္တလေးမဟာသင်္ကြန်တွင် မြန်မာ့ဆိုင်းပညာရှင် စိန်တင့်လွင်အဖွဲ့က ပူးပေါင်းပါဝင် ဖျော်ဖြေသွားမည်ဖြစ်ပြီး မြို့ခံလူထု၏ တောင်းဆိုချက်ဖြစ်သော နာမည်ကျော်အဆိုတော်များ၏ ဖျော်ဖြေမှုအပြင် တက်သစ်စအဆိုတော်များကိုလည်း မန္တလေးသင်္ကြန်တွင် ဖျော်ဖြေခွင့်ရရှိနိုင်စေရန် ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

*(ယမန်နေ့မှအဆက်)*

**မူးယစ်ဆေးဝါးများ**

၃၉။ မူးယစ်ဆေးဝါးအန္တရာယ်လျော့ကျစေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) မူးယစ်ဆေးဝါးအန္တရာယ် လျော့ကျစေရေးနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးတို့အတွက် ရခိုင်ပြည်နယ်အတွင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း နှစ်ကြိမ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

(ခ) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အကျင့်ပျက်မှုဖြစ်ပွားခဲ့သည့် ရဲအရာရှိနှစ်ဦးနှင့် အမှုထမ်း ၁၆ ဦး စုစုပေါင်း ၁၈ ဦးတို့ကို အရေးယူဆောင်ရွက်မှု ပြုလုပ်နိုင်ခဲ့ပါသည်။

(ဂ) ပြည်သူလူထုအသိပညာပေးဟောပြောမှု ၄၄၁ ကြိမ်၊ ကျောင်းသား/ ပြည်သူလူထု ၂၁၆၉၇ ဦးအား ဟောပြောနိုင်ခဲ့ပါသည်။

(ဃ) ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၂၂ ရက်နေ့အထိ အမှုပေါင်း ၁၃၈ မှုနှင့်တရားခံ ၁၉၁ ဦးတို့ကို ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ စုစုပေါင်း မူးယစ်ဆေးဝါး-တန်ဖိုးငွေကျပ်သန်းပေါင်း ၆၅ သန်းကို ဖမ်းဆီးနိုင်ခဲ့ပါသည်။

**နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု**

၄၀။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ဖြေလျှော့ထားပြီး ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလအတွင်း အသင်းအဖွဲ့စုစုပေါင်း ၈၈ ခုတို့အား မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါသည်။

၄၁။ ရခိုင်ပြည်နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေနှင့် အညီ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများကို အသစ်ပြန်လည်ရွေးချယ်ခဲ့ရာ ရပ်ကွက် ၁၅၁ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၉၁၂ အုပ်စုတို့တွင် ၁၀၆၃ ဦး ရွေးချယ်ခန့်ထားပြီးဖြစ်ပါသည်။

၄၂။ IDP စခန်းများရှိ စခန်းစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့် (TOR) နှင့် ကျင့်ဝတ်များကို ပြင်ဆင်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

**လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး**

၄၃။ လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအနေဖြင့် ၂၈-၁၀-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်း ၁၅ ဖွဲ့မှ ပြည်သူများ၊ လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(ခ) ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ လူတန်းစားအလွှာအသီးသီးမှ ပုဂ္ဂိုလ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများမှ ပြည်သူများ ပါဝင်သည့် Diversity Management In the Age of Globalization ဖိုရမ်ကို နိုဝင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်များတွင် နေပြည်တော်၌ကျင်းပခဲ့ပြီး အစည်းအဝေးအပြီးတွင် ရခိုင်ပြည်နယ်အတွင်းရှိ ဘာသာရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု အသီးသီးမှ ကိုယ်စားလှယ်များ၊ လူမျိုးစုငယ်များမှ ကိုယ်စားလှယ်များပါဝင်သည့် ဒေသဖွံ့ဖြိုးရေး၊ လူ့အဖွဲ့အစည်းများပေါင်းစည်းရေးဆိုင်ရာ အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ကျင်းပနိုင်ခဲ့ပါသည်။

(ဂ) ယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်ရေးနည်းလမ်းနှင့် လူအများပါဝင်နိုင်မည့် လှုပ်ရှားမှုအဖြစ် ငြိမ်းချမ်းရေးဂီတပွဲတော်၊ ရခိုင်ပြည်နယ်အတွက် လူရွေးပွဲကို ၂၅-၉-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကျင်းပခဲ့ပါသည်။

**လုံခြုံရေး**

၄၄။ လုံခြုံရေးကဏ္ဍတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၇) သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ/ အခြားအဆင့် ၃၀ ဦးနှင့် ဂျပန်နိုင်ငံတွင် ဖွင့်လှစ်ခဲ့သည့် Community Policing သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ ၁၀ ဦး တက်ရောက်ခဲ့ပါသည်။

(ခ) လူစုလူဝေးအားစနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၇) သို့ အရာရှိ/အခြားအဆင့် ၁၃၀ ဦး တက်ရောက်ခဲ့ပါသည်။

(ဂ) ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ(ဆင့်ပွား) သင်တန်းသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိ/ အခြားအဆင့် ၃၀ ဦး တက်ရောက်ခဲ့ပါသည်။

(ဃ) လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များအားလုံးသည် အမည်ရင်ထိုးများ ထင်ရှားမြင်သာစွာ တပ်ဆင်ထားရှိရန် သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။

(င) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ် ဝင်/ထွက်ဂိတ်၊ နယ်မြေရဲစခန်းများနှင့် ချောင်းပေါက်ဝကင်းစခန်းတို့တွင် CCTV ကင်မရာ ၁၄ လုံး တပ်ဆင်ထားပြီး ဖြစ်ပါသည်။

(စ) ဒေသခံတိုင်းရင်းသားဘာသာစကားသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ကို ရခိုင်ပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင် အရာရှိ/ အခြားအဆင့် ၃၀ ဦးဖြင့် ဖွင့်လှစ်သင်ကြားပို့ချခဲ့ပါသည်။

(ဆ) ရဲစည်းကမ်းနှင့် ကျင့်ထုံးဥပဒေများ ချိုးဖောက်ခဲ့သည့်အတွက် ရဲအရာရှိ ၁၃ ဦးနှင့် အခြားအဆင့် ၁၄ ဦး စုစုပေါင်းရဲတပ်ဖွဲ့ဝင် ၂၇ ဦးတို့ကို ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရအရေးယူဆောင်ရွက်ခဲ့ပါသည်။

**တရားမျှတမှုရရှိရေး**

၄၅။ ရခိုင်ပြည်နယ်အတွင်းရှိ တရားစီရင်ရေးကဏ္ဍမှ ဝန်ထမ်းများကို တရားဥပဒေစိုးမိုးရေးနှင့်သက်ဆိုင်သော အခြေခံမူများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အောက်ပါသင်တန်းများသို့ စေလွှတ်နိုင်ခဲ့ပါသည်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ်တရားလွှတ်တော်တွင် ဖွင့်လှစ်သည့် "Fair Trial Standards and Human Rights Additional Refresher Training"

(ခ) ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၁ရက်နေ့မှ ၂၅ရက်နေ့ အထိ သံတွဲခရိုင်တရားရုံး၌ဖွင့်လှစ်သော ဆင့်ပွားသင်တန်းတွင် သင်တန်းသား/သူ ၁၀ ဦး၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျောက်ဖြူခရိုင် တရားရုံး၌ ဖွင့်လှစ်သော ဆင့်ပွားသင်တန်းတွင် သင်တန်းသား/သူကိုးဦးတို့အား တရားဥပဒေစိုးမိုးရေးဆိုင်ရာ အခြေခံမူများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာများ၊ မျှတသောတရားစီရင်ရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာများ၊ ကျား/မ တန်းတူညီမျှမှုဆိုင်ရာများ၊ တရားစီရင်ရေးနှင့်ဆိုင်သော နိုင်ငံတကာစံနှုန်းများကို ပို့ချခဲ့ပါသည်။

**ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု**

၄၆။ ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှုအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် GIS Team အဖွဲ့မှ မြောက်ဦးဒေသရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ မြောက်ဦးနန်းတော်ရာကုန်းနှင့် အနီးပတ်ဝန်းကျင်အား သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျရှိစေရေးအတွက် မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများအား အသိပညာပေးခြင်း၊ ဇုန်နယ်နိမိတ်ကျောက်တိုင်များ စိုက်ထူရန်အတွက် ဇုန်တိုင်များ ပြုလုပ်ခြင်း၊

(ခ) မြောက်ဦးပြတိုက်အတွင်းရှိ ပြိုင်းချကျောက်စာ၊ အိုးထိန်းကျောက်စာနှင့် ဝမ်းတီး နတ်တောင် ကျောက်စာ၊ ဇုန္ဒတ်လကျ်ာပုံချီ ကျောက်စာနှင့် တြင်းနဝင်းကျောက်စာ၊ ပန်းကုန်းသိမ်ဘုရားကျောက်စာ၊ ဦးမြဝါ ကျောက်စာ၊ သျှစ်သောင်းဘုရားကျောက်စာ၊ ဗောဓိရွှေဂူကျောက်စာ၊ လယ်ဆည်ကန်တံတိုင်းကျောက်စာ၊ ဝေသာလီခေတ်ကျောက်စာ၊ ရေးကူးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) စစ်တွေမြို့ယဉ်ကျေးမှုပြတိုက်အတွင်းရှိ ကျောက်စာပါ ပလ္လင်အစိတ်အပိုင်းနှင့် သက္ကတဘာသာကျောက်စာတိုင်၊ ပြင်လယ်ဂေါင်ကျောင်းရှိ ဘူးကွဲကျောက်စာနှင့် အမည်မသိကျောက်စာ ရေးကူးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း၊

(ဃ) ရှရီမိုဟာဒီဘာရီဟိန္ဒူဘုရားကျောင်းနှင့် ဦးရဲကျော်သူဘုန်းကြီးကျောင်းတို့အတွက် ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းခွင့်လက်မှတ် လျှောက်ထားခြင်း၊

(င) စစ်တွေမြို့ရှိ ၁၈၅၅ ခုနှစ်က တည်ဆောက်ခဲ့သော သဒ္ဓမ္မဇောတိကာရုံကျောင်း၊ ၁၈၇၉ ခုနှစ်က တည်ဆောက်ခဲ့သော ဦးစန္ဒိမာခြင်္သေ့နှစ်ကောင်ကျောင်း၊ သက္ကရာဇ် ၁၂၅၄ က တည်ဆောက်ခဲ့သော အမျိုးသား ကျောင်းတိုက်ရှိ သိမ်တော်ကြီး၊ ၁၉၀၁ ခုနှစ်က တည်ဆောက်ခဲ့သော ရွှေပြားကျောင်းတိုက်၊ ၁၉၁၆ ခုနှစ်က တည်ဆောက်ခဲ့သော ရွှေပြားကျောင်းတိုက်အတွင်းရှိ သိမ်တော်ကြီးတို့၏ သမိုင်းကြောင်းအချက်အလက်များအား မှတ်တမ်းတင်ခြင်း၊

**နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး**

၄၇။ နယ်စပ်ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေးတို့အတွက် အောက်ပါအတိုင်းဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရတို့အကြား "MoU on Establishment of Border Liaison Office- BLOs" နှင့် "MoU on Security Dialogue and Cooperation" တို့ကို ၂၄-၁၀-၂၀၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

(ခ) မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက် နှစ်နိုင်ငံ Joint Trade Committee (JTC) အစည်းအဝေးများ တစ်နှစ်တစ်ကြိမ် အလှည့်ကျကျင်းပကာ ကုန်သွယ်မှုဆောင်ရွက်ခဲ့ရာ ပို့ကုန်တန်ဖိုး ၀ ဒသမ ၂၂၂ ဒေါ်လာသန်း၊ သွင်းကုန်တန်ဖိုး ၀ ဒသမ ၀၀၂ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် ၀ ဒသမ ၂၂၄ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) မောင်တောကုန်သွယ်ရေးစခန်းတွင် ၁၄-၁၀-၂၀၁၇ ရက်နေ့မှစ၍ ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ခဲ့ရာ ပို့ကုန်တန်ဖိုး ၀ ဒသမ ၃၉၇ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဒေသအတွင်းရှိ နိုင်ငံများနှင့် ဆက်ဆံရေး**

၄၈။ ဒေသအတွင်းရှိနိုင်ငံများနှင့်ဆက်ဆံရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံရှိ အာဆီယံသံရုံးများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံးအခြေစိုက်ရာနိုင်ငံများရှိ သက်ဆိုင်ရာအစိုးရများနှင့် သံအမတ်ကြီးများသို့လည်းကောင်း၊ ကုလသမဂ္ဂ အစည်းအဝေးများတွင် လည်းကောင်း၊ အာဆီယံထိပ်သီးအစည်းအဝေးများ၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးများနှင့် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများတွင် လည်းကောင်း၊ (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၃၁)ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် လည်းကောင်း နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက လက်ခံတွေ့ဆုံမှုများတွင်လည်းကောင်း ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အသိပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

**ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု**

၄၉။ ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အကြံပြုချက်များကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ၉-၁၀-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၁၇ ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးကာ ကော်မတီဝင် ၁၉ ဦး ပါဝင်သည့် "ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ" ကို ဖွဲ့စည်းခဲ့ပါသည်။

(ခ) ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၁၇ ခုနှစ်တွင် (၁၀)ကြိမ် ကျင်းပခဲ့ပြီး အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို လတ်တလော၊ ရေတို၊ ရေရှည်စသည်ဖြင့် ဦးစားပေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အထောက်အကူပြုရုံးအဖွဲ့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာထမ်း အမှုထမ်းများ၊ ပြင်ပအိုင်တီပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီရုံး၏ ကုန်ကျစရိတ်များကို နိုင်ငံတော်သမ္မတရုံးရန်ပုံငွေမှ ကျခံသုံးစွဲပေးလျက်ရှိပါသည်။

(င) ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်မည့်ငွေကြေး၊ နည်းပညာများရရှိရေးအတွက် UEHRD က ဦးဆောင်၍ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

၅၀။ ရခိုင်ပြည်နယ်၏ လူမှု၊ စီးပွား ဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ဖော်ဆောင်ပေးနိုင်ရန် အခြေခံကျသော လျှပ်စစ်မီးလုံလောက်စွာရရှိရေး၊ လမ်းတံတားဆက်သွယ်မှုများ ကောင်းမွန်ရေး၊ ရေရှည်ပဋိပက္ခ ကင်းဝေးရေးတို့အတွက် လွတ်လပ်စွာသွားလာခွင့် ကိစ္စရပ်များ၊ IDP စခန်းပိတ်သိမ်းရေး ကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် တိုးမြှင့်ရေးကိစ္စရပ်များကို အထူးစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် လုံခြုံရေးအစီအမံများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နေပါကြောင်း ပြည်သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်။

# စေတိယင်္ဂဏ ပရိယတ္တိ အကြိမ်(၁၀၀ )မြောက် စာအောင်ဆုနှင်း



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ အကြိမ် (၁၀၀)မြောက် စေတိယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကြီးတွင် ဖြေဆိုအောင်မြင်တော်မူသော စာအောင်သံဃာတော် အရှင်သူမြတ်များအား စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး အကြိမ် (၁၀၀)မြောက် စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးတင်ဦးက ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ဂုဏပူဇာမင်္ဂလာစာတမ်း ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်(သီးခြား) ဝိနည်းဓိုရ် ဗဟန်းမြို့နယ် ညောင်တုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပဝရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သီးခြားစာချတန်းအောင် သုံးပါးနှင့် သီးခြားစာသင်တန်းအောင် လေးပါး၊ စုစုပေါင်း သံဃာတော်အရှင်သူမြတ်ခုနစ်ပါးတို့အား သီးခြားပလ္လင်သို့ပင့်ဆောင်ကာ အရှင်သူမြတ်များ၏ အတ္ထုပ္ပတ္တိစာတမ်းများကို ဖတ်ကြား၍ စာအောင်လက်မှတ်နှင့်တကွ နဝကမ္မချီးမြှင့်ငွေများ ဆက်ကပ်သည်။ **(ယာပုံ)**

ထို့နောက် ဩဝါဒါစရိယဆရာတော်များ၊ ပင့်သံဃာတော်များ၊ စာအောင်သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေပြီးအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

ယနေ့သီးခြားစာချတန်းအောင် အရှင်သူမြတ်များအား စေတိယင်္ဂဏပရိယတ္တိ ဓမ္မာစရိယ ဂန္ထဝါစကဘွဲ့ ပေးအပ်ရာ ယင်းဘွဲ့ရအရှင်သူမြတ်များမှာ စစ်ကိုင်းမြို့ မြစကြာကျောင်းတိုက်မှ အရှင်ကုန္ဒာဝုဓ၊ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်မှ အရှင်ပညာဝံသာနှင့် ပြည်ကြီးတံခွန်မြို့နယ် မြဘယက်သာမဏေကျော်ကျောင်းတိုက်မှ အရှင်ပဏ္ဍိတာလင်္ကာရာဘိဝံသတို့ ဖြစ်ကြသည်။

ထို့အတူ သီးခြားစာသင်တန်းအောင် အရှင်သူမြတ်များအား စေတိယင်္ဂဏ အဘိဝံသဘွဲ့ ပေးအပ်တော်မူရာ ယင်းဘွဲ့ရအရှင်သူမြတ်များမှာ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် အရှေ့ဥယျာဉ်ကျောင်းမှ အရှင်ဓမ္မညာဏာလင်္ကာရ၊ စစ်ကိုင်းမြို့ မြစကြာကျောင်းတိုက်မှ အရှင်သုစာရိန္ဒာလင်္ကာရ၊ အရှင်ရဋ္ဌပါလာလင်္ကာရနှင့် အရှင်ဝိလာသာလင်္ကာရတို့ဖြစ်ကြပြီး စစ်ကိုင်းမြို့ မြစကြာကျောင်းတိုက်မှ စေတိယင်္ဂဏအဘိဝံသ အရှင်သူမြတ်သုံးပါး ပေါ်ထွန်းတော်မူခဲ့သည်။

ယနေ့ကျင်းပသည့် အကြိမ်(၁၀၀)မြောက် စေတိယင်္ဂဏစာလျှောက်မေးပွဲကို စတင်ကျင်းပခဲ့သည်မှ ယခုအကြိမ်အထိ ဝင့်သကာ ၁၁ ပါး၊ သီးခြားစာသင်တန်းအောင် ၃၄၉ ပါးနှင့် သီးခြားစာသင်တန်းအောင် ၈၉၄ ပါး သာသနာ့အာဇာနည်များ ပေါ်ထွန်းခဲ့ကြောင်း သိရှိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

# မကြာမီ အခမဲ့ ရုပ်သံလိုင်းငါးလိုင်း ထပ်တိုး ကြည့်ရှုနိုင်တော့မည်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ရှိထုတ်လွှင့်နေသည့် Multi- Channel Playout System တွင် DVB – T 2 စနစ်ဖြင့် (Digital Free to Air) ရုပ်သံလိုင်းများ ထပ်မံဆောင်ရွက်နိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Content Provider ငါးဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုအေ၌ ကျင်းပခဲ့သည်။ အဆိုပါ Content Provider ငါးဖွဲ့က ပိုမိုပြည့်စုံသည့် သတင်းအချက်အလက်၊ အသိအမြင်များ၊ ဖျော်ဖြေရေးအစီအစဉ်များကို မကြာမီပြည်သူများထံ ထုတ်လွှင့်တင်ဆက်ပေးတော့မည်ဖြစ်ရာ ပါဝင်မည့်အစီအစဉ်၊ ထုတ်လွှင့်မည့်အချိန်များနှင့် ပတ်သက်၍ ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။**


ဦးမြင့်ထွေး


ဦးထွန်းထွန်းစိုး


ဦးခင်မောင်စိုး


ဦးစိုးမြင့်


ဦးသတိုးကျော်


ဦးထက်အောင်ကျော်

**ဦးမြင့်ထွေး**
**(ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက Multi-Channel Playout System DVB – T2 စနစ်နဲ့ ထုတ်လွှင့်နေတဲ့ System ဖြစ်ပါတယ်။ အဲဒီအထဲမှာ Content Provider ငါးခုကနေ Channel တစ်ခုစီ စုစုပေါင်းငါးခု Multi – Channel Playout System ထဲမှာ ထည့်သွင်းထုတ်လွှင့်ပြသဖို့အတွက် စာချုပ်ချုပ်ဆိုတာ ဖြစ်ပါတယ်။ အဓိက စာချုပ်ထဲမှာပါတာကတော့ နှစ်ဖက်ဆောင်ရွက်ရမယ့် လုပ်ငန်းကိစ္စတွေ ပါတယ်။ ကျွန်တော်တို့ဘက်က ဆောင်ရွက်ပေးရမယ့် ကိစ္စတွေ Content Provider တွေဘက်က ဆောင်ရွက်ပေးရမှာတွေ ပါပါတယ်။ ပြီးရင် နိုင်ငံတော်ကို ပေးသွင်းရမယ့် ငွေကြေးကိစ္စတွေ ပါပါတယ်။ Content Provider တွေ အနေနဲ့ တပ်ဆင်မယ့်ပစ္စည်းတွေကို အဲဒီငါးခုက ပေါင်းပြီးဝယ်ပေးရပါမယ်၊ ပြီးရင် သူတို့ငါးခုရဲ့ Earth Station တွေက လက်ရှိ မြန်မာ့အသံ ပြည်လမ်းမှာရှိတဲ့ 9 Meter Earth Station အထိ ဖိုက်ဘာလမ်းကြောင်းဆွဲပြီး Content အားလုံးကို ကျွန်တော်တို့ဆီ ပို့ပေးရမယ်၊ ဒီအတွက် သူတို့က တာဝန်ယူပြီးလုပ်ပေးရပါမယ်။ ဒီရောက်လာတဲ့ အချိန်ကျရင် ကျွန်တော်တို့က ဒါတွေကို စုစည်းပြီးတော့ ကျွန်တော်တို့ရဲ့ Multi- Channel Playout System ထဲမှာ ထည့်ဖို့ အဲဒီကနေ ဂြိုဟ်တုပေါ်တင်ပေးဖို့၊ ဂြိုဟ်တုကနေ နယ်ထပ်ဆင့်လွှင့်စက်ရုံ ၁၄၅ ရုံ ရှိတယ်၊ အဲဒီကနေ ဖမ်းယူပြီး ပြည်သူဆီ ကို လွှင့်ပေးဖို့က ကျွန်တော်တို့ရဲ့ တာဝန်ပါ။ အခုကတော့ ဒီစာချုပ်အတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စာချုပ်သက်တမ်းကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်၊ စာချုပ်သက်တမ်းကတော့ ရေးဆွဲပြီးဖြစ်တဲ့ Broadcasting Law ရှိပါတယ်။ ဒါကို ပြင်ဆင်ဖို့ လွှတ်တော်မှာ လုပ်နေပါတယ်။ ဒါပြင်ဆင်ပြီးသွားရင် ဒီဥပဒေအရ ပေါ်လာမယ့် Broadcast ကောင်စီရှိပါတယ်။ အဲဒီကောင်စီကနေ လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းအမိန့်နဲ့ ညွှန်ကြားချက်ဥပဒေတွေ ထွက်ပြီးသွားရင် ရုပ်သံထုတ်လွှင့်မှုလိုင်စင်ကို ပြန်လျှောက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ မြန်မာ့အသံရော လက်ရှိလွှင့်နေတဲ့ မြဝတီ၊ Skynet၊ Forever၊ FM ကုမ္ပဏီခြောက်ခုလုံးက လိုင်စင်ပြန်လျှောက်ရမှာ ဖြစ်ပါတယ်။ အပြင်က လုပ်ချင်တဲ့ သူတွေရှိရင် လျှောက်လို့ရတယ်။ အဲဒီလိုလျှောက်တဲ့အခါ ရုပ်သံကောင်စီက သူတို့ သတ်မှတ်ထားတဲ့အရည်အချင်းနဲ့ကိုက်ညီတဲ့ လျှောက်လာတဲ့ ကုမ္ပဏီအဖွဲ့အစည်း၊ လူ၊ ပုဂ္ဂိုလ်တွေကို လိုင်စင်ချသွားပေးမှာဖြစ်ပါတယ်။ အဲဒီလို ချပေးတဲ့အချိန်အထိပဲ ဒီငါးခုကို စာချုပ်သက်တမ်းထားထားပါတယ်။ အဲဒီအချိန်ကျရင် သူတို့ လိုင်စင်ပြန်လျှောက်လို့ရခြင်း၊ မရခြင်းက သူတို့ရဲ့အပိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့အပိုင်း မဟုတ်တော့ပါဘူး။ စာချုပ်ကတော့ အဲဒီအထိပဲ သက်တမ်းထားပါတယ်။

**ဦးထွန်းထွန်းစိုး (Excutive Project Director, My Multi Media Group of Company)**

ကျွန်တော်တို့ကတော့ အဓိကအားဖြင့် လူငယ်ကဏ္ဍတွေဖြစ်တဲ့ လူငယ်နဲ့ စီးပွားရေး၊ လူငယ်နဲ့ ပညာရေး၊ လူငယ်နဲ့ ကျန်းမာရေး လူငယ်တွေအတွက် နည်းပညာပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်တာတွေကို အဓိကထားပြီး လွှင့်မှာပါ၊ ရုပ်ရှင်၊ အနုပညာ၊ ဂီတ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာတွေနဲ့ ပတ်သက်ပြီး သိသင့် သိထိုက်တာတွေကို ထုတ်လွှင့်သွားမှာဖြစ်ပါတယ်၊ အစီအစဉ်တွေကို တစ်ရက် နှစ်ကြိမ်နှုန်းနဲ့ မနက် ၆ နာရီက ည ၈ နာရီအထိ လွှင့်သွားမှာပါ၊ အခြား Content တွေပေါ်မှာမူတည်ပြီး ထပ်တိုးပြီး လွှင့်သွားဖို့လည်း အစီအစဉ်ရှိပါတယ်၊ Free to Air ပါပဲ။ ကျွန်တော်တို့ အခုလက်ရှိ စာချုပ်ချုပ်ပြီ၊ စက်ပစ္စည်းတွေလည်း မှာထားတယ်ဆိုတော့ နောက် သုံးလ၊ လေးလအတွင်းမှာ စပြီး ပြည်သူတွေဆီကို အရောက်ပို့နိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ အခြားနိုင်ငံတွေ ထိုင်းတို့၊ အင်ဒိုနီးရှားတို့မှာဆိုရင် ရုပ်သံလိုင်းတွေ ၃၀၊ ၄၀၊ ၅၀ လောက်ရှိပါတယ်၊ ကျွန်တော်တို့ဆီမှာ အခုလက်ရှိမှာ မြန်မာ့အသံ၊ မြဝတီ၊ MRTV 4၊ Channel 7၊ Skynet တို့အပါအဝင် အခု ကျွန်တော်တို့ပါ ထပ်ရှိလာတော့ ကောင်းတာပေါ့၊ ပြည်သူတွေ အများကြီးရွေးချယ်ပြီး ကြည့်လို့ရတယ်၊ ဗဟုသုတအသိအမြင်တွေလည်း ပိုပြီးကျယ်ပြန့်လာတော့ အများကြီး ကြိုဆိုဖို့ကောင်းပါတယ်၊ My TV ကျွန်တော်တို့ Channel အသစ်ကိုလည်း အားပေးကြပါလို့ ပြောချင်ပါတယ်၊ ဒီ Channel ကနေ ပြည်သူလူထုတွေအတွက် အသိပညာ၊ ဗဟုသုတွေ တိုးပွားစေမယ့်အရာတွေ၊ ဆန်းသစ်မယ့် အတွေးအခေါ် အယူအဆတွေနဲ့ ပျော်ရွှင်စရာ၊ စိတ်လှုပ်ရှားစရာတွေလည်း ပါမှာပါ၊ အဲဒီအတွက် ကျွန်တော်တို့ကို အားပေးကြပါလို့ ပြောချင်ပါတယ်။

**ဦးခင်မောင်စိုး (အုပ်ချုပ်မှု ဒါရိုက်တာ၊ DVB Multi Media Group)**

ကျွန်တော်တို့ကတော့ သတင်းနဲ့ မျက်မှောက်ရေးရာပါ။ သတင်းကတော့ အခုလက်ရှိမှာလည်း တစ်နာရီတိုင်းမှာ Update ထည့်ပါတယ်၊ နောက်ပြီး Live လွှင့်တာလည်း ရှိပါတယ်။ ဒီထက်ပိုပြီး ပရိသတ်အတွက် ဖြစ်တာနဲ့ ချက်ချင်းသိတဲ့ အစီအစဉ်တွေ Live လွှင့်နိုင်ဖို့ ကြိုးစားနေပါတယ်။ ကျွန်တော်တို့ဘက်ကတော့ အခုလွှင့်ဖို့အတွက် အဆင်သင့်ရှိနေပါပြီ။ တစ်နေ့ကို ၂၄ နာရီ လွှင့်သွားမှာပါ။ အခုလို ရုပ်သံလိုင်းတွေ များများပေါ်လာတာကောင်းပါတယ်။ လူတွေအတွက် ရွေးချယ်စရာရှိတာပေါ့။ နောက်ပြီး အပြိုင်ရှိတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် ပိုကောင်းအောင်လည်း လုပ်နိုင်တာပေါ့။ ကျွန်တော်တို့ကို အားပေးပါ။ ပရိသတ်တွေ အားပေးရင် ကျွန်တော်တို့ ပိုပြီးတော့ ရပ်တည်လို့ရတာပေါ့။ ကျွန်တော်တို့ကလည်း ပရိသတ်အားပေးနိုင်အောင် ဒီထက်ပိုကောင်းအောင် ထုတ်လွှင့်သွားမယ်၊ နောက်ပြီး အစိုးရနဲ့ ပူးပေါင်းပြီး လုပ်ရတာဖြစ်တဲ့အတွက် သတင်းရယူတဲ့အခါမှာ ပိုပြီးတော့ အခွင့်အရေးတွေ ရလာမယ်လို့ မျှော်လင့်ပါတယ်။ MRTV လိုင်းမှာပဲ အင်တာနက်တက်ပြီး ကြည့်လိုက်ရုံပါပဲ။ စလောင်းတွေ တပ်စရာမလိုပါဘူး။

**ဦးစိုးမြင့် (အုပ်ချုပ်မှု ဒါရိုက်တာနှင့် အယ်ဒီတာချုပ်၊ Mizzima Media Company Limited)**

ကျွန်တော်တို့ကတော့ Mizzima TV Channel လွှင့်မှာပါ။ လူငယ်နဲ့ ကလေးတွေအတွက် အဓိကထားပြီး ရည်ရွယ်ပါတယ်။ ဖျော်ဖြေရေးက ၆၀ ရာခိုင်နှုန်း အနည်းဆုံး ပါမယ်။ Infotainment နဲ့ သတင်းက ၄၀ ရာခိုင်နှုန်းပါမယ်။ လူငယ်တွေအကြိုက်ဖြစ်တဲ့ ဖျော်ဖြေရေး Content တွေကို အဓိကထားပါတယ်။ ဥပမာအားဖြင့် Young People ပေါ့။ လူငယ်တွေရဲ့အသံ၊ True Story လူငယ်တွေရဲ့ ဘဝအဖြစ်မှန်တွေပါမယ်။ ဂီတဆိုရင်လည်း လူငယ်တွေကြိုက်တဲ့ ဟစ်ဟော့တွေ၊ ဥပမာအားဖြင့် အသက် ၃၀ အောက် လူငယ်တွေကြားက စကားဝိုင်းတွေ၊ ဆွေးနွေးပွဲတွေ အဲဒီလို ပရိုဂရမ်တွေကို အဓိက ဦးတည်ပါတယ်။ ကျွန်တော်တို့ ပေးနိုင်တာ၊ လုပ်ပေးနိုင်တာက Next Generation ကို မွေးထုတ်ပေးဖို့ ပြုစုပေးဖို့၊ ကူညီပံ့ပိုးပေးဖို့ အဲဒါကို အဓိက ဦးတည်ပါတယ်။ အဲဒီအတွက် လူငယ်တွေမှာ ဖျော်ဖြေရေးတွေကို ကြိုက်တာ၊ လူငယ်တွေမှာ သတင်းအချက်အလက်တွေ လိုတာရှိတယ်၊ အဲဒါတွေကိုပေးတဲ့ အစီအစဉ်တွေကိုထုတ်ဖို့ Target ထားတာပါ။ Mizzima ကတော့ ဒီနေ့ညနေကစပြီး ဖေ့ဘုတ်မှာ တွေ့ပါလိမ့်မယ်၊ ကျွန်တော်တို့ အွန်လိုင်းကနေစပြီး လွှင့်နေပြီ၊ လာမယ့် ဖေဖော်ဝါရီ ၂၇ ရက်မှာ စပြီးထုတ်လွှင့်ဖို့ စီစဉ်ပြင်ဆင်ထားပါတယ်။ Digital Channel Tuner ရှိတဲ့ ဘယ် TV မှာမဆို ကြည့်လို့ရပါတယ်။ MRTV ကို ကြည့်သလိုမျိုးပါပဲ။ မနက် ၆ နာရီက ည ၁၁ နာရီအထိ တစ်နေ့ကို ၁၇ နာရီ လွှင့်မှာပါ။ ညနေ ၆နာရီ ၄၅ မိနစ်က ည ၁၁ နာရီအထိ သတင်းတွေပါမယ်၊ ဖျော်ဖြေရေးတွေပါမယ်၊ နိုင်ငံခြားရုပ်ရှင်တွေလည်းပါမယ်။ မနက်ပိုင်းမှာလည်း ကာတွန်းပါပါပဲ။ Mizzima က ကိုယ်တိုင်ထုတ်တဲ့ ကဏ္ဍတွေ အပါအဝင် အပြင်ကဝယ်ပြီးလွှင့်တဲ့ ပရိုဂရမ်တွေလည်း ပါမှာဖြစ်ပါတယ်။ အထူးသဖြင့် ပိုက်ဆံမပေးရတဲ့ ရုပ်သံလိုင်းတွေ

*စာမျက်နှာ ၈ သို့*

# ကျွဲ၊ နွားအရှင် ကောင်ရေ တစ်သောင်းကျော် ပြည်ပသို့ တင်ပို့ထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ကျွဲ၊ နွား မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးအတွက် မြန်မာနိုင်ငံအတွင်းရှိ စီးပွားဖြစ် မွေးမြူရေးခြံများနှင့် တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကျွဲ၊ နွားအရှင်များအား ပြည်တွင်းစားသုံးမှုနှင့် လုပ်ငန်းခွင်အသုံးပြုမှုကို မထိခိုက်စေဘဲ ဥပဒေနှင့်အညီ ပြည်ပသို့ တရားဝင်တင်ပို့ ခွင့်ပြုလျက်ရှိရာ ယခုလ ၉ ရက်အထိ ကျွဲ၊ နွား ကောင်ရေ တစ်သောင်းကျော်ကို ပြည်ပသို့ တင်ပို့ထားပြီးဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

"ဖေဖော်ဝါရီ ၉ ရက်အထိ ကုမ္ပဏီပေါင်း ၁၀၁ ခုကနေ ကျွဲ၊ နွား စုစုပေါင်း ကောင်ရေ ၁၀၀၄၀ တင်ပို့ထားပြီးဖြစ်ပါတယ်၊ ဒီထဲမှာ နွားကောင်ရေ ၉၀၃၇ ကောင်နဲ့ ကျွဲကောင်ရေ ၁၀၀၃ ကောင် ဖြစ်ပါတယ်၊ ကျွဲ၊ နွား အရှင် ပြည်ပတင်ပို့ခြင်းကို ဒီဇင်ဘာ ၁၃ ရက်က စတာဖြစ်တဲ့အတွက် ဒီဇင်ဘာလထဲမှာ ရက်က သိပ်မရှိဘူး၊ လုပ်ငန်းစဉ် စတဲ့လဖြစ်တဲ့အတွက် ကုမ္ပဏီ ရှစ်ခုကနေ အကောင် ၈၀၀ တင်ပို့ ခဲ့တယ်၊ ဇန်နဝါရီလကျတော့ လုပ်ငန်းတွေ လည်ပတ်သွားပြီ ဖြစ်တဲ့အတွက် ကုမ္ပဏီပေါင်း ၇၆ ခုကနေ ကောင်ရေ ၇၅၈၀ တင်ပို့ခဲ့တယ်၊ အခုလ ၁ ရက်ကနေ ၉ ရက်အတွင်း ကုမ္ပဏီပေါင်း ၁၇ ခုက ၁၆၆၀ ကောင် တင်ပို့ခဲ့တယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။



ကျွဲ၊ နွားအရှင်များ ပြည်ပသို့ တင်ပို့မည့် လုပ်ငန်းရှင်များအနေဖြင့် ကျွဲ၊ နွားအရှင်များကို ပြည်ပသို့ တင်ပို့ရန်အတွက် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ်ပေါင်းချုပ်ရရှိရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ချက်များမှာ ကုမ္ပဏီမှ တင်ပို့မည့် နိုင်ငံ၊ မွေးမြူရေးခြံမှတ်ပုံတင်၊ ယာယီစုဆောင်းရပ် အတည်ပြုလက်မှတ်မိတ္တူ၊ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်မိတ္တူ၊ ယာယီစုဆောင်းရပ်ထားရှိမည့် နေရာ၊ ကုန်အရောင်းအဝယ်စာချုပ်၊ ကုန်ပစ္စည်းအမှာလွှာ၊ တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းတွင် ထားရှိ၍ ကျန်းမာရေးစစ်ဆေးမှု ခံယူမည်ဖြစ်ကြောင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တည်ဆဲဥပဒေများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်တို့ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ကျွဲ၊ နွားများ ပြည်ပသို့ တင်ပို့ရာတွင် ကျွဲ၊ နွားများ သယ်ဆောင်ရာလမ်းကြောင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် ကြားစခန်းများတွင် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရပြီး မန္တလေး-မူဆယ်လမ်းကြောင်း၌ ၁၆ မိုင် စစ်ဆေးရေးစခန်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် လည်းကောင်း၊ ရန်ကုန်-မြဝတီ လမ်းကြောင်း၌ မရမ်းချောင်စစ်ဆေးရေးစခန်းနှင့် မြဝတီ ကုန်သွယ်ရေးဇုန်တို့တွင်လည်းကောင်း စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကျွဲ၊ နွားများ ပြည်ပသို့ တင်ပို့ရာတွင် ကန့်သတ်ချက်များလည်း သတ်မှတ်ထားပြီး ကန့်သတ်ချက်များတွင် ပြည်တွင်းစားသုံးမှုနှင့် လုပ်ငန်းခွင်အသုံးပြုမှုကို မထိခိုက်စေရန်အတွက် အသက် ငါးနှစ်အောက် ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့ခြင်း မပြုသည့် အချက်လည်း ပါဝင်ကြောင်း သိရသည်။

**ရှင်မင်း**

# မန္တလေးမှ ဗန်းမော်အထိ ဧရာဝတီလင်းပိုင်ကောင်ရေ စစ်တမ်းပြုလုပ်ရာ ၇၆ ကောင်တွေ့ရှိ၊ စစ်တမ်းများအရ ယခုနှစ်၌ ခုနစ်ကောင်တိုးလာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) တို့ ပူးပေါင်း၍ မန္တလေးမှ ဗန်းမော်အထိ ဧရာဝတီလင်းပိုင် ကောင်ရေ သုတေသနစစ်တမ်း ပြုလုပ်ရာ ယခုနှစ်တွင် ၇၆ ကောင် တွေ့ရှိသဖြင့် ၂၀၁၇ ခုနှစ် စစ်တမ်းထက် ယခုနှစ်တွင် ဧရာဝတီလင်းပိုင်ခုနစ်ကောင် တိုးလာကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဧရာဝတီလင်းပိုင် သုတေသစစ်တမ်းကို ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့ရာ လင်းပိုင် ၆၉ ကောင်ကို စစ်တမ်းကောက်ယူနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ဖေဖော်ဝါရီလအတွင်း ပြုလုပ်ခြင်းဖြစ်ကာ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ရေလုပ်သား နှစ်ဦးနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ဝန်ထမ်းများ ပူးပေါင်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးမှ ကချင်ပြည်နယ် ဗန်းမော်အထိ ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၁၇ ရက်အထိ ဧရာဝတီလင်းပိုင် သုတေသနစစ်တမ်းကောက်ရာတွင် ယမန်နှစ်က မင်းကွန်းနှင့် ကျောက်မြောင်းအကြားတွင် ၂၅ ကောင် တွေ့ရှိခဲ့ပြီး ယခုနှစ်တွင် သားပေါက်တစ်ကောင်အပါအဝင် ၂၆ ကောင် တွေ့ရှိခဲ့ကြောင်း သိရသည်။

လင်းပိုင်ထိန်းသိမ်းရေးဧရိယာအဖြစ် တိုးချဲ့နိုင်ရေး ဆောင်ရွက်နေသော ထီးချိုင့်မြို့နယ်နှင့် ရွှေကူမြို့နယ်အကြားတွင် ယမန်နှစ်က ၃၇ ကောင် တွေ့ရှိခဲ့သည်။ အဆိုပါဧရိယာတွင် ၂၀၁၇ ခုနှစ်အတွင်းက လင်းပိုင် နှစ်ကောင် သေဆုံးခဲ့သော်လည်း ယခုနှစ်တွင်လည်း ၃၇ ကောင်တွေ့ရှိခဲ့သဖြင့် သားပေါက်နှစ်ကောင် တိုးတက်ပေါက်ပွားလာသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဗန်းမော်ဘက်တွင်လည်း ယမန်နှစ်က ခုနစ်ကောင်သာ တွေ့ရှိခဲ့သော်လည်း ယခုနှစ်တွင် ၁၃ ကောင် တွေ့ရှိကြောင်း သိရသည်။ ဗန်းမော်ဘက်တွင် တွေ့ရသော လင်းပိုင်များတွင် ယမန်နှစ်က စစ်တမ်းတွင် မတွေ့ခဲ့သော အကောင်များအပါအဝင် အရွယ်ရောက် သားပေါက်တစ်ကောင်ကိုလည်း တွေ့ရှိခဲ့ရကြောင်း သားငှက် ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ဒုတိယစီမံကိန်းမန်နေဂျာ ဦးကျော်လှသိန်းက ပြောသည်။

ထို့ပြင် ယခု ခရီးစဉ်တစ်လျှောက်တွင် တရားမဝင် ရှော့တိုက်ငါးဖမ်းဆီးသော စက်လှေ ၁၇ စင်းကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များတွင် ဥပဒေနှင့်အညီ အရေးယူခဲ့ကြောင်းလည်း သိရသည်။

ယခုခရီးစဉ်တွင် ပါဝင်သော ဧရာဝတီလင်းပိုင်နှင့် အကျိုးတူ ပူးပေါင်းငါးဖမ်းမှု ဓလေ့၌ ကျွမ်းကျင်သော ရေလုပ်သား နှစ်ဦးက ထီးချိုင့်မြို့နယ်နှင့် ရွှေကူမြို့နယ်



အကြားရှိ ဒေသများတွင် ဒေသခံအချို့ကို ဧရာဝတီလင်းပိုင်များနှင့် အကျိုးတူ ငါးဖမ်းနည်းကို လေးရက်ကြာ သင်ကြားပေးခဲ့ပြီး အဆိုပါဧရိယာသည် လင်းပိုင်ထိန်းသိမ်းရေး တိုးချဲ့ဧရိယာထဲတွင် ပါဝင်ကာ လင်းပိုင်ကြည့်ရန်နှင့် ခရီးစဉ်များ ဖော်ဆောင်ရန် ကောင်းမွန်သော ဒေသဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ အကြံပြုထားသည်။ **သတင်း-ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-WCS**

# ဖြူးမြို့နယ် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ဖြူး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်သန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၄၀ တို့သည် အပတ်စဉ် စနေနေ့တိုင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်အားဒါန ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၇ နာရီက ဖြူးမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို နံနက် ၁၁ နာရီခန့်အထိ လုပ်အားပေး ပြုလုပ်ခဲ့ကြကြောင်းသိရသည်။ **မြင့်ဦး(ဖြူး)**

*စာမျက်နှာ ၇ မှ*

ထပ်တိုးလာတာ မြန်မာပြည်အတွက် အလွန်ကောင်းတယ်။ ပြည်သူတွေအတွက်လည်း ကောင်းတယ်။ ပြည်သူတွေမှာ ရွေးချယ်စရာတွေ ပိုများလာတယ်။ ဒီလိုင်းမကောင်းရင် ဟိုလိုင်းကို ကြည့်မယ်၊ နောက်ပြီး အစီအစဉ်တွေ အများကြီး ထွက်လာမယ်။ တစ်ဖက်မှာလည်း ပြိုင်ဆိုင်မှုကို ဖန်တီးပေးလိုက်တဲ့အခါ အရည်အချင်းရှိတဲ့အရာ၊ ပြည်သူကြိုက်တာက တက်သွားမယ်။ ကျွန်တော့်အနေနဲ့ MRTV က Content Provider ငါးခုနဲ့ စပြီး အလုပ်လုပ်လိုက်ခြင်းအားဖြင့် မြန်မာပြည်ရဲ့ ရုပ်သံလွှင့်လုပ်ငန်းကို ဖွင့်ပေးလိုက်တာပါပဲ။ နောက်တစ်နှစ် နှစ်နှစ်အတွင်းမှာ မြန်မာပြည်ရဲ့ ရုပ်သံလုပ်ငန်းသည် အများကြီး ပြောင်းသွားတော့မယ်။ ဖွံ့ဖြိုးမှုကို ဦးတည်သွားမယ်လို့ ယုံကြည်ပါတယ်။ ဈေးကွက်ပြိုင်ဆိုင်မှုကတော့ စိန်ခေါ်မှုရှိလိမ့်မယ်။ ရုပ်သံ ငါးခုလည်း စိန်ခေါ်မှုရှိလိမ့်မယ်။ အထူးသဖြင့် ကြော်ငြာတွေပါ။ အခကြေးငွေမယူဘဲ လွှင့်တဲ့အတွက် ကြော်ငြာကို အဓိကထားရမှာပါ။ လက်ရှိ အခကြေးငွေမယူဘဲ လွှင့်နေတဲ့ ရုပ်သံတွေရော ဈေးကွက်မှာ အကုန်ဝင်ပြီး ပြိုင်ရမှာပဲ။ ကောင်းတဲ့၊ ပြည်သူကြိုက်တဲ့သူက ဈေးကွက်ပိုရမယ်။ မကြိုက်တဲ့သူက စိန်ခေါ်မှုနဲ့ ရင်ဆိုင်ရမှာပဲ။

**ဦးသတိုးကျော် (အုပ်ချုပ်မှု ဒါရိုက်တာ၊ KMA TeleMedia Holdings Company Limited )**

ကျွန်တော်တို့ကတော့ သတင်းဦးစားပေးတော့မဟုတ်ဘူး၊ သတင်းပါမယ်၊ ပြည်သူလူထုအတွက် Entertainment ကို ဦးတည်မယ်၊ Youth Sector ပိုင်းကြိုက်တဲ့ သီချင်းတွေ၊ နိုင်ငံခြား Content တွေ၊ ပြည်တွင်းဇာတ်လမ်းတွဲတွေ၊ ရုပ်ရှင်တွေပါမယ်၊ လူအများကြည့်နိုင်တဲ့ Entertainment Channel တစ်ခုဖြစ်ဖို့ရည်ရွယ်ပါတယ်။ လူငယ်ကြည့်တဲ့ အချိန်ပိုင်းအတွက် လူငယ်ပရိုဂရမ်တွေ၊ လူကြီးကြည့်တဲ့ အချိန်ပိုင်းအတွက် လူကြီးပရိုဂရမ်မျိုးတွေကို စီစဉ်မှာပါ။ တစ်နေ့ကို ၁၈ နာရီ လွှင့်ခွင့်ရမှာဖြစ်ပါတယ်။ ပြန်ထုတ်လွှင့်တဲ့ အနေအထားမျိုးဆိုရင်လည်း တစ်နေ့ကို ၆ နာရီ သုံးကြိမ် (သို့မဟုတ်) ၄ နာရီခွဲ လေးကြိမ်လည်း ဖြစ်နိုင်ပါတယ်။ မနက် ၆ နာရီက ည ၁၂ နာရီအထိပါ။ အခုစာချုပ်ချုပ်တဲ့နေ့ကနေ တစ်နှစ်အတွင်း ထုတ်လွှင့်သွားဖို့ သတ်မှတ်ပေးထားပါတယ်။ အဲဒီအတွင်းမှာ ထုတ်လွှင့်သွားမှာပါ။ အခုခေတ်ပေါ် TV တွေမှာ ဒစ်ဂျစ်တယ်ကျူနာပါပြီးသားဆိုတော့ ဘာမှမလိုပါဘူး။

**ဦးထက်အောင်ကျော် (Executive Channel Manager၊ Fortune Channel )**

ကျွန်တော်တို့ကတော့ အစောဆုံး စတင်ထုတ်လွှင့်နိုင်အောင် ကြိုးစားနေပါတယ်။ လက်မှတ်ရေးထိုးပြီး မကြာခင်အတွင်းမှာ စတင်ထုတ်လွှင့်သွားမှာပါ။ အစီအစဉ်တွေကတော့ ဖျော်ဖြေရေးတွေအပြင် သုတ၊ ရသပေးတဲ့ အစီအစဉ်တွေ၊ ရုပ်သံဇာတ်လမ်းတွဲတွေ ကဏ္ဍစုံပါမယ်။ မနက် ၆ နာရီက ည ၁၂ နာရီအထိ ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ကျူနာပါတဲ့ TV တွေ၊ Digital T2 Receiver နဲ့ရော Channel တွေအကုန်လုံးကို ဖမ်းယူကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ အဓိကကတော့ မီဒီယာကဏ္ဍအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနရော တာဝန်ရှိသူတွေ အားလုံးကိုပါ ကျေးဇူးတင်ပါတယ်။ နောက်ပြီး လူငယ်တွေအတွက် သုတ၊ ရသရော အကောင်းဆုံးပေးစွမ်းနိုင်အောင် ကြိုးစားသွားမှာပါ။

**သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ-လှမိုး**

# ကားနေရာလုမှုများကြောင့် မကြာခဏခိုက်ရန်ဖြစ်ပွားနေကြောင်း လွှတ်တော်ကိုယ်စားလှယ်ပြောကြား

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်မြို့ရှိ မြို့နယ်အတော်များများတွင် လမ်းမကြီးများနှင့် လမ်းငယ်များပေါ်တွင် မော်တော်ယာဉ်များ ရပ်နားထားသည်ကို တွေ့ရပြီး ရပ်ကွက်အတွင်းကားများ နေရာလုမှုများကြောင့် ခိုက်ရန်ဖြစ်ပွားမှုများ မကြာခဏ ဖြစ်ပွားသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များထံ တိုင်တန်းမှုများ ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့် မိမိအိမ်ရှေ့ မျက်နှာစာများတွင် မိမိကားများမှအပ အခြားကားများ လာရောက်ရပ်နားခြင်းကို အလိုမရှိဘဲ နေရာဦးထားခြင်း၊ မိမိကိုယ်ပိုင်နေရာကဲ့သို့ လမ်းမကို တိုင်စိုက်၍ နေရာဦးထားသည်အထိ အဖြစ်အပျက်များ ရှိခဲ့ကြောင်း၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကရုံးအဖွဲ့များအနေဖြင့်လည်း မိမိရုံးရှေ့တွင် ကားမရပ်ရဆိုသည့် ဆိုင်းဘုတ်များ ချထားခြင်းများကိုလည်း တွေ့ရှိရကြောင်း၊ စည်ပင်သာယာမှ လာရောက်သိမ်းဆည်းခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ချထားခြင်းများကို တွေ့ရှိရကြောင်း၊ အချို့လမ်းများတွင် ဤလမ်းမှ ကားများမှလွဲ၍ အခြားကားများ ဝင်ရောက်ရပ်နားခြင်း မပြုရဟူ၍ ဆိုင်းဘုတ်ထောင်ထားခြင်းမျိုးကိုလည်း တွေ့ရှိရကြောင်း၊ ယာဉ်အစီးရေနှင့် ကားရပ်နားသည့်နေရာ မမျှတသည့်အတွက် ဖြစ်ပေါ်လာသည့်အခါ ကားနေရာလုခြင်းကြောင့် ခိုက်ရန်ဖြစ်ပွားမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ပြောကြားသည်။

ပြည်သူများ ကားရပ်နားရန်အတွက် ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပူးပေါင်းပြီး ကားပါကင်ကို ဒေါင်လိုက်စနစ်ဖြင့် ပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပေ ၂၀ ခန့်ဖြင့် ကားရှစ်စီးခန့်ကို အတင်အချထားနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ အဆင်ပြေပါက တိုင်းဒေသကြီးအစိုးရကို တင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး တင်ဒါခေါ်ယူ ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**နေပြည်တော် လယ်ဝေးမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၃၀ မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ နေပြည်တော် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကောင်းမြတ်နောင်က စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးနှင့် မီးသတ်ပစ္စည်းကိရိယာများ ထားရှိရေး ဆွေးနွေးခဲ့စဉ်။**

မင်းမင်းလတ် (ရုပ်ဗေဒ)



# ရုပ်ရှင်သည် ပြည်သူ့အတွက်

## တက္ကသိုလ်ယဉ်ယဉ်လဲ့

**ရုပ်ရှင်ညီလာခံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့ရာတွင် ရုပ်ရှင်လောကသားများ ဆွေးနွေးအကြံပြုခဲ့ကြသည့် အကြံပြုချက် ၇၅ချက်၌ ဆင်ဆာမူဝါဒလျှော့ချရေးသည် အဓိကအကျဆုံးဖြစ်လာခဲ့သည်။ လက်ရှိကျင့်သုံးနေသော ဆင်ဆာမူဝါဒ ၆ ချက်မှ နိုင်ငံရေး၊ အမျိုးသားယဉ်ကျေးမှု၊ ရက်စက်ကြမ်းကြုတ်မှု အချက် သုံးချက်ကို ဖြုတ်ပေးရန် ရုပ်ရှင်ထုတ်လုပ်သူများ၊ ဒါရိုက်တာများနှင့် အဓိကသရုပ်ဆောင်များ ပါဝင်သည့် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။**

ထို့နောက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်တိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ဆင်ဆာကိစ္စကို ဆွေးနွေးခဲ့ကြခြင်း ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမှာစကားပြောကြားပြီးနောက် ပြည်သူ့လွှတ်တော်ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးရေးကော်မတီမှ ဒေါက်တာသန်းဝင်း၊ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေတို့ကလည်း ရုပ်ရှင်လောကသားတို့အတွက် ဆင်ဆာနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲရန် စေတနာပါပါ လိုလိုလားလား ဆွေးနွေးအကြံပြုပေးခဲ့ကြသည်။

ရုပ်ရှင်ဥပဒေသစ် ထွက်ပေါ်လာရန် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများပူးပေါင်း၍ ဥပဒေကြမ်းကို ရေးဆွဲပြီး လွှတ်တော်သို့ တင်သွင်းကြရမည်ဖြစ်ပါသည်။

ဥပဒေရေးဆွဲမှုနှင့် ပတ်သက်ပြီး ဆွေးနွေးကြရာတွင် ရုပ်ရှင်လောကသားများအနေဖြင့် မိမိတို့ လိုချင်တာ ထည့်သွင်း၍ ရတာလည်းရှိမည်၊ မရတာလည်းရှိမည်ကို သတိပြုကြစေလိုပါသည်။

နာယကကြီး စည်သူဦးကြည်စိုးထွန်း ကလည်း ရုပ်ရှင်လောကသားတွေ ညီညွတ်ဖို့လိုပါကြောင်း၊ ဘာပဲလုပ်လုပ် **"ရုပ်ရှင်သည် ပြည်သူ့အတွက်"** ဟူသော ဆောင်ပုဒ်ဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင် ရုပ်ရှင်အနုပညာရှင်များသည် မိမိတို့တတ်ကျွမ်းသည့် အနုပညာ၊ အတတ်ပညာများဖြင့် ပြည်သူတို့အတွက် အကျိုးရှိရာရှိကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းများ ဖန်တီးလုပ်ဆောင်ပေးရမည်ဟု ပြောသွားပါသည်။

**ဆင်ဆာကြည့်ရှုစစ်ဆေးမှုစနစ်များကိုဆွေးနွေးခဲ့**

မိမိတို့ဖန်တီးသော အနုပညာသည် ပြည်သူကို အဆိပ်အတောက် မဖြစ်စေရန် သတိပြုကြစေလိုပါသည်။ ထိုနေ့တွင် ရုပ်ရှင်လောကသားများက ဆင်ဆာနှင့် ပတ်သက်သော စာတမ်းသုံးစောင်ကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

ဒါရိုက်တာ ဇော်မြင့်ဦးက ဆင်ဆာမူဝါဒများနှင့် ရုပ်ရှင်လောကသားတို့၏ ဆန္ဒ ဟူသော ခေါင်းစဉ်ဖြင့် အပိုင်းလေးပိုင်းခွဲ၍ တင်ပြသွားသည်။ ဇာတ်ညွှန်းအလွှာမှ ဦးကိုကိုလေးကလည်း ဆင်ဆာမူဝါဒများကို လေ့လာ သုံးသပ်အကြံပြုတင်ပြခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ Forever Group Co.,Ltd. မှအကြံပေးဖြစ်သူ ဦးသိန်းထွန်းအောင်ကလည်း တည်ဆဲဥပဒေများအရ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဖွဲ့စည်းမှုအခြေအနေများ၊ ဆင်ဆာကြည့်ရှုရာတွင် အခြေခံသည့်အချက်များ၊ ရုပ်ရှင်နှင့်ဗီဒီယို ဇာတ်ကားထုတ်လုပ်သူများနှင့် ဆင်ဆာအဖွဲ့အကြား ဖြစ်ပေါ်လာသော ဝိရောဓိများနှင့် ပြောင်းလဲကျင့်သုံးသင့်သော ဆင်ဆာကြည့်ရှုစစ်ဆေးမှုစနစ်များကို ဆွေးနွေးခဲ့သည်။



၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာ့ရုပ်ရှင်တိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ၌ ဖိလစ်ပိုင်နိုင်ငံ Movie and Television Review and Classification Board (MTRCB) မှ Board Member, Atty.MA.GABRIELA R.CONCEPCIO က ဆွေးနွေးပြောကြစဉ်။

**ဥပဒေပြင်မှ ရမည်ဖြစ်**

ပထမပိုင်းအစီအစဉ်နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးမှုတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခု ဆွေးနွေးပြောကြားချက်များ ကောင်းမွန်ပါကြောင်း၊ ဥပဒေတွေ၊ ပြဋ္ဌာန်းချက်တွေ အခိုင်အမာရှိနေသည့်အတွက် ပြင်ဆင်ရန် ခက်ခဲပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအောက်တွင် လုပ်ဆောင်နေရသဖြင့် ဥပဒေပြင်ဆင်ပြီးမှသာ ရုပ်ရှင်လောကသားများ၏ လိုအပ်ချက်ကိုလုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါကြောင်း၊ ဥပဒေရှိလျက်ဖြင့် လုပ်ဆောင်ပေး၍ မရပါကြောင်း၊ ဥပဒေပြင်မှ ရမည်ဖြစ်ပါကြောင်း၊ စာပေ၊ ဂီတ၊ သဘင်မှာ လွတ်လပ်သွားပြီဆိုသော်လည်း စာပေမှာ လွတ်လပ်စွာရေးသားခွင့်ရရှိရန်အတွက် ၁၉၆၂ ခုနှစ် ဥပဒေကို ပယ်ဖျက်ပြီး ထိုဥပဒေအစား ပုံနှိပ်ဥပဒေနှင့် သတင်းမီဒီယာဥပဒေ နှစ်ခုဖြင့် အစားထိုးခဲ့ကြောင်း၊ ရုပ်ရှင်ဥပဒေကို ခေတ်စနစ်နှင့် လျော်ညီသော၊ လွတ်လပ်မှုကို အားပေးသော၊ ကာကွယ်စောင့်ရှောက်သော ဥပဒေတစ်ရပ်အဖြစ် အမြန်ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စောစောက အချက်များကို ညှိနှိုင်းပြီး ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း၊ ဆင်ဆာအဖွဲ့ဆိုရာမှာလည်း Rating နှင့် ပဲလုပ်လုပ်၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ပြီး ထိန်းသိမ်းရမည့်အဖွဲ့ရှိရန် လိုအပ်ပါကြောင်း၊ ဆင်ဆာတင်းကျပ်မှုများကြောင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်နေသည်ဆိုပါက တတ်နိုင်သလောက် ဖြေလျှော့မှုကို ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအပါအဝင် ရုပ်ရှင်လောကသားများကလည်း ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထိုကဲ့သို့ ပြောကြားခဲ့မှုအပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဆင်ဆာအဖွဲ့ဝင်များနှင့် သီးသန့်တွေ့ဆုံ၍ တင်းကျပ်သော ဆင်ဆာမူဝါဒများလျှော့မချနိုင်ခင်၊ Rating စနစ်သို့ မကူးပြောင်းနိုင်ခင် ရုပ်ရှင်လောကသားများအတွက် စေတနာဖြင့် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို ညှိနှိုင်းကာ ဆင်ဆာအဖွဲ့ဝင်များက တတ်နိုင်သမျှ ဖြေလျှော့နိုင်ရန် ဆွေးနွေးပြောကြားခဲ့ပါသည်။

**တစ်ဖက်တစ်လမ်းမှ ကူညီပေးနေခြင်းဖြစ်**

ဆင်ဆာအဖွဲ့ဝင်များအနေဖြင့် မူဘောင်အတွင်းမှ ထောက်ညွှန်ကြရာတွင် အချို့နေရာများ၌ စေတနာမှ ဝေဒနာဖြစ်သွားခဲ့ရခြင်းမျိုးလည်း ရှိနေသည်။ ရုပ်ရှင်ကား တစ်ကားပြီးလျှင် ဒါရိုက်တာတချို့က ရှေ့ဆက်၍ တစ်ကားပြီး တစ်ကားရိုက်ကူးသွားကာ ဆင်ဆာဖြတ်၍ ပြန်လည်ပြင်ဆင်ရမည့်ကားကို လှည့်မကြည့်တတ်ပုံနှင့် တာဝန်မယူတတ်ကြောင်းကိုလည်း ရုပ်ရှင်ထုတ်လုပ်သူတို့၏ စိတ်ပျက်လက်ပျက် ညည်းတွားသံ ကြားရသဖြင့် ဆင်ဆာအဖွဲ့ဝင်များက မည်သို့ပြုပြင်နိုင်သည်ကို စဉ်းစားပေးပြီး ထောက်ညွှန်တတ်ကြပါသည်။

ဇာတ်လမ်းကို မရိုက်ခင် ကြိုတင်ခိုင်းခြင်းမှာလည်း ရိုက်ပြီးမှ ပြုပြင်ဖြတ်တောက်ရလျှင် ပို၍ခက်ခဲမည်စိုး၍ ဇာတ်လမ်းတင်ခိုင်းခြင်းသာ ဖြစ်သည်။ ဆင်ဆာအဖွဲ့သည် ရုပ်ရှင်လောကသားများအတွက် တစ်ဖက်တစ်လမ်းမှ ဉာဏ်စွမ်းရှိသမျှဖြင့် ကူညီပေးနေကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဗီဒီယို၌ ဇာတ်လမ်းကြိုတင်ရရှိခြင်း မရှိ။ ထိုအခါ အများပြည်သူသို့ပြသရန် ဆင်ဆာတင်ချိန်မှသာ ဇာတ်လမ်းဇာတ်ကွက်တွေ တူခြင်း၊ ရာဇဝင်သမိုင်းကြောင်းတွေ မှားယွင်းနေခြင်း၊ ဂျပန်ခေတ်၊ ကိုလိုနီခေတ်ကို ရိုက်ကူးသော်လည်း ထိုခေတ်မှာ မရှိသော အဝတ်အစား၊ ပစ္စည်းအသုံးအဆောင်များ ပါရှိနေခြင်း၊ သက်ဆိုင်သူများထံမှ ခွင့်ပြုချက်မယူဘဲ သီချင်းများ ယူသုံးခြင်း၊ ဇာတ်လမ်းမတူထိုင်၊ ငြိစွန်းထိခိုက်စေသော အခန်းကို ချက်ချင်းဖြတ်ပြီး ဆက်လက်ပြသနိုင်ရန် ကူညီလုပ်ဆောင်ပေးခဲ့ကြသည်။

"ကျွန်"ဆိုသော ဇာတ်ကားတွင်လည်း ပြသသော ရုံတိုင်းတွင် ကြိတ်ကြိတ်တိုး၊ ကြည့်သူတိုင်းကြိုက်နေချိန်၊ ထိုကားကို မကျေမနပ် ကန့်ကွက်သူရှိလာရာ ဆင်ဆာ အဖွဲ့ဝင်များက "ကျွန်" ဆိုသော ဇာတ်ကားအမည်သည် ဇာတ်လမ်းပါ အကြောင်းအရာအရ လူသားတွေသည် မိမိတို့ဘာသာ မသိဘဲ မိမိတို့၏ မောဟကျွန်၊ ဒေါသကျွန်၊ အတ္တကျွန်ဖြစ်နေသည့် အဓိပ္ပာယ်ကိုဆောင်သဖြင့် "ကျွန်" ဟူသော အမည်သည် ဇာတ်လမ်းနှင့် လိုက်ဖက်မှုရှိ၍ ထုတ်လုပ်သူနှင့် အနုပညာဖန်တီးသူများဘက်မှ ရပ်တည်ပြီး ဆက်လက်ရုံတင်ပြသနိုင်ရေးအတွက် လိုအပ်သည်များကို ကူညီပေးခဲ့ပါသည်။ ရုံတင်ပြသပြီးသောအခါမှ ပုဂံတွင် ရိုက်ကူးခွင့်ပြုခဲ့စဉ်ကအတိုင်း နာမည်ပြောင်းစေပြီး တာဝန်ရှိသူတွေနှင့် တရားရုံးရင်ဆိုင်စေခြင်း ဖြစ်သည်။ ထိုကဲ့သို့ အဖြစ်အပျက်များသာမက အများသူငါမသိဘဲ အခက်အခဲများစွာကို ကူညီဖြေရှင်းပေးနေကြရခြင်း ဖြစ်ပါသည်။

**အနုပညာလုပ်ငန်းကို ချစ်မြတ်နိုးကြ**

ဆင်ဆာအဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင်အများစုမှာ စာပေ၊ ရုပ်ရှင် အနုပညာရှင်များဖြစ်ပြီး အနုပညာလုပ်ငန်းများကို ချစ်မြတ်နိုးကြသည်။ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်သူများအနေဖြင့်လည်း ရုပ်ရှင်ကို ချစ်မြတ်နိုးသူ၊ ဝါသနာပါသူများဖြစ်ကြပြီး ရုပ်ရှင်လောကသားများကို အထင်ကြီး လေးစားတတ်သလို ဥပဒေကိုလည်း ရိုသေလေးစားလိုက်နာကြသူများဖြစ်သည်။

မိမိတို့ချစ်သော အနုပညာလောကကို အဆင့်အတန်း မြင့်မားစေလိုသည့် စေတနာ လွန်ကဲနေကြသောကြောင့် အစွန်းအထင်းမခံဘဲ မှန်ကန်စွာ လုပ်ဆောင်ခြင်းကို တချို့က နားမလည်၍ ဆင်ဆာအဖွဲ့ဝင်အချို့မှာ စည်းကမ်း တင်းကျပ်လွန်းသည်ဟု ထင်မြင်ကြခြင်းဖြစ်သည်။ဒါကိုလည်း ခေတ်နှင့်လိုက်လျောညီစွာ ပြုပြင်ပြောင်းလဲရန်၊ ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဆင်ဆာအဖွဲ့ဝင်များက စေတနာဆန္ဒရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။

**ပြည်ပ ပညာရှင်များ ဆွေးနွေး**

ပြည်ပပညာရှင်များက ဆွေးနွေးကြရာတွင်လည်း ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ Rating စနစ်သို့ ပြုပြင်ပြောင်းလဲခြင်းသော်လည်း ဇာတ်ကားအမည်တူနေခြင်း စသည့် အလွဲအမှားအမျိုးမျိုးကို ထောက်ညွှန်တန်သည်ကို ထောက်ညွှန်၊ ဖြတ်သင့်သည်ကို ဖြတ်၊ ညှိနှိုင်းသင့်သည်ကို ခေါ်ယူညှိနှိုင်းဖြေရှင်းပေးကြခြင်း ဖြစ်သည်။ ရုံတင်ကားကြီးများမှာလည်း ဇာတ်လမ်းကြိုတင်ပြီး ပြည့်စုံအောင်မရေးသောအခါ ဇာတ်လမ်းအခန်းစဉ်တွင် မပါသောအခန်းများ ပါဝင်လာပြီး ပြင်ဆင်ပေးရခြင်းများ ရှိလာခြင်းဖြစ်သည်။

ဥပမာ "အုတ်ကြားမြက်ပေါက်" ရုပ်ရှင်ကားဆိုလျှင် ရုံတင်၍ လူကြိုက်များပြီး ပိုက်ဆံ သောက်သောက်လဲရနေချိန်၊ ဘာသာရေး ထိခိုက်ငြိစွန်း၍ ထိုကားဖြုတ်ချရန် ကန့်ကွက်စာပို့ခဲ့သည့် အချိန်၊ ဆင်ဆာအဖွဲ့ဝင်များက ညတွင်းချင်း အစည်းအဝေးအတွက် နှစ်ပေါင်းများစွာ ကျော်ဖြတ်လာခဲ့ရသည့် အခက်အခဲစည်းမျဉ်းစည်းကမ်းများကို ရှင်းပြ သွားခဲ့ကြသည်။

Rating စနစ်သည် ပို၍ ရှုပ်ထွေးပြီး တာဝန်ခံမှု၊ တာဝန်ယူမှုအပိုင်းများ ကြီးလေးပါသည်။ ထို့ကြောင့်လည်း ဆွေးနွေးပွဲပြီးနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် တစ်စုံတစ်ရာ အကျိုးရှိသည့် ဆွေးနွေးပွဲလို့ မှတ်ယူပါကြောင်း၊ ဒီအခမ်းအနားကို စတင်ရောက်ရှိလာချိန်တွင် မိမိတို့စိတ်တွင် ရှိနေသည့် စိတ်ထားနှင့် ကနေ့ ဒီအချိန် အခမ်းအနားပြီးဆုံးချိန်တွင် သိခဲ့ရသည့်၊ ကြားခဲ့ရသည့် အတွေးအမြင်များနှင့် တော်တော်လေးကို ကွာခြားသွားလိမ့်မည်ဟု ထင်မြင်ပါကြောင်း၊ ဤခရီး မနီးပါကြောင်း၊ လောကသားများက ဒီစနစ်ကို အခုချက်ချင်းဖျက်သိမ်း၊ နောက်နေ့မှာ နောက်စနစ်ကို ချက်ချင်းထူထောင်၍ လျင်မြန်စွာသွားလို့ရမည်ဟု ထင်မြင်နေပါကြောင်း၊ ဖြတ်သန်းရန်အချိန်များစွာ လိုအပ်မည်ဖြစ်ပါကြောင်း၊ အခု မိမိတို့နိုင်ငံအနေဖြင့် ယနေ့ကြုံတွေ့နေရသော အကျပ်အတည်းမျိုးကို လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာကတည်းက ဖြတ်သန်းခဲ့သည့် ညီနောင် နိုင်ငံတော်ကြီးများဖြစ်ကြသော ကိုရီးယား၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့လို နိုင်ငံကြီးများ၌ပင် ဒီကနေ့ ဒီအချိန်အထိ လွတ်လပ်စွာ အနုပညာဖန်တီးခွင့်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ပွတ်တိုက်မှုပေါင်းများစွာနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်ကို ကြားသိရပါကြောင်း၊ ဒီကနေ့ ဆွေးနွေးပွဲ တွင် မျက်နှာချင်းဆိုင်ထိုင်၍ ရင်ထဲမှကိစ္စများ ပြောကြားလိုက်ရသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မိမိတို့ကြား၊ မိမိတို့နှင့် ပြည်သူ့ လွှတ်တော်၊ မိမိတို့နှင့် ဆင်ဆာအဖွဲ့ဝင်များကြား တူညီသည့် ရည်မှန်းချက်(တစ်)ခုတော့ ရရှိသွားပြီဟု ယူဆပါကြောင်း၊ ယခင်က မိမိတို့ ယုံကြည်ရာကိုသာ ဆုပ်ကိုင်ထားကြသော်လည်း အခုတော့ သွားသင့်သည့်စနစ်(တစ်)ခု၏ ပန်းတိုင်ကို ရောက်ရှိရန် မည်သည့်အပေးအယူများနှင့် သွားကြရမည် ဆိုသည်ကိုလည်း ပြတ်ပြတ်သားသားမြင်တွေ့ရပါကြောင်း၊ လောကသားများကိုလည်း မေတ္တာရပ်ခံလိုပါကြောင်း၊ လွတ်လပ်ခွင့်ရလိုပါက လွတ်လပ်ခွင့်နဲ့ တန်းတူညီမျှသည့် ကျင့်ဝတ်များ၊ တာဝန်ယူမှု တာဝန်ခံမှုများ၊ ဆင်ခြင်တုံတရားများကိုလည်း ပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ ယခုအချိန်မှာ မိမိတို့ ပထမဆုံးစတင်လုပ်နိုင်သည်က တစ်ဖက်က ဘာမှပေးတာ၊ မပေးတာ ဘေးဖယ်ထား၊ မိမိတို့စပေးနိုင်တဲ့အရာ (တစ်)ခုရှိပါကြောင်း၊ ထိုအရာမှာ မည်သည့်အရာကို ကျင့်ဝတ်အဖြစ် စောင့်ထိန်းမည်၊ မိမိတို့ကိုယ်တိုင် စောင့်ထိန်းစေလိုပါကြောင်း၊ မိမိတို့ဖန်တီးလိုက်သည့် အနုပညာ၊ ဖန်တီးလိုက်သည့် ရုပ်ရှင် ဇာတ်ကား တစ်ကားသည် မည်သူ့ကိုမျှ မထိခိုက်စေရ ဆိုသည့် စိတ်လေးထည့်ပြီး စတင်ဖန်တီးမည်ဆိုပါက ခရီးရှည်ကိုသွားရန်အတွက် ပထမဆုံးခြေလှမ်းဟု မှတ်ယူပါကြောင်း၊ ထိုအချက်ကို လောကသားများက ဒီနေ့ ဒီအချိန်မှစတင်ပြီး နားလည်ပေးစေလိုပါကြောင်း၊ ထို့အပြင် ဒီနေ့ရရှိသွားသည့် အသိပညာ၊ ဗဟုသုတများကိုလည်း မိမိတို့ နယ်ပယ်အသီးသီးတွင်ရှိသည့် လုပ်ဖော်ကိုင်ဖက်၊ ညီအစ်ကို မောင်နှမများကိုလည်း လက်ဆင့်ကမ်းဝေမျှပေးစေလိုပါကြောင်း၊ မျှဝေလာသည့်၊ တိုးပွားလာသည့် အသိပညာများသည် မိမိတို့ ဆင်ခြင်တုံတရားကို တိုးပွားစေမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ဆင်ခြင်တုံတရားကြီးမားပြီး ကျင့်ဝတ်သိက္ခာရှိသော အနုပညာလောကတစ်ခုကို ထူထောင်ရန် ဒီနေ့မှစတင်ပြီး ကြိုးစားကြပါစို့ဟု မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသွားပါသည်။

အဆိုပါဖိုရမ် ပြုလုပ်နိုင်ခြင်းဖြင့် ကောင်းမွန်သော ရလဒ်များ ထွက်ပေါ်ခဲ့သည်ဟု ထင်မြင်ပါသည်။ **"ရုပ်ရှင်သည် ပြည်သူ့အတွက်"** ဟူသော ဆောင်ပုဒ် နှင့်အညီ ရုပ်ရှင်လောကသားများ၏ စေတနာ မှန်ကန် ပါက **"ဤခရီးမဝေးပါ"**ဟုသာ ဆိုချင်ပါသတည်း။ ။

**"ယခင်က မိမိတို့ယုံကြည်ရာကိုသာ ဆုပ်ကိုင်ထားကြသော်လည်း အခုတော့ သွားသင့်သည့်စနစ် (တစ်) ခု၏ ပန်းတိုင်ကို ရောက်ရှိရန် မည်သည့်အပေးအယူများနှင့် သွားကြရမည်ဆိုသည်ကိုလည်း ပြတ်ပြတ်သားသားမြင်တွေ့ရပါကြောင်း၊ လောကသားများကိုလည်း မေတ္တာရပ်ခံလိုပါကြောင်း၊ လွတ်လပ်ခွင့်ရလိုပါက လွတ်လပ်ခွင့်နဲ့ တန်းတူညီမျှသည့် ကျင့်ဝတ်များ၊ တာဝန်ယူမှု တာဝန်ခံမှုများ၊ ဆင်ခြင်တုံတရားများကိုလည်း ပံ့ပိုးပေးရမည်ဖြစ်"**



# ကျောက်တော်မြို့၌ မဟာမြတ်မုနိဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ကျောက်တော် ဖေဖော်ဝါရီ ၁၇** ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ ရက်ထိ ခြောက်ရက်တိုင်တိုင် ရှေးဟောင်း သမိုင်းဝင် အထင်ကရ တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည့် မဟာမြတ်မုနိ ဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မဟာမြတ်မုနိဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ရက်များအတွင်း အသံမစဲ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ရခိုင်ရိုးရာကျင်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကာ ဆုများချီးမြှင့်သွားမည်ဖြစ်ပြီး ညပိုင်းတွင် ဟိန်းရတနာ ဇာတ်သဘင်နှင့် ရတနာသန်းအောင် ဇာတ်သဘင်အဖွဲ့တို့က ကပြဖြေဖျော် သွားမည်ဟု ဘုရားဂေါပကဥက္ကဋ္ဌ ဦးမောင်သာဇံက ပြောသည်။

ထို့ပြင် မတ် ၁ ရက် နံနက်ပိုင်းတွင် မဟာမြတ်မုနိဘုရားအား မသိုးသင်္ကန်း ကပ်လှူရန်နှင့် ထီးတော်တင်လှူပူဇော် သွားမည် ဖြစ်ကြောင်း၊ မွန်းလွဲပိုင်းတွင် အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ရုပ်သိမ်းပြီး ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူသွားမည် ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြို့ပြစီမံကိန်းရေးဆွဲရေးဆိုင်ရာအစည်းအဝေး မောင်တောမြို့၌ ပြုလုပ်

**မောင်တော ဖေဖော်ဝါရီ ၁၇** မြို့ပြစီမံကိန်းရေးဆွဲရေးဆိုင်ရာ အစည်းအဝေးကို ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဖြိုးဝေက မြို့ပြစီမံကိန်း ရေးဆွဲရေးဆိုင်ရာများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက အကြံပြုချက်များနှင့် သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ အိုးအိမ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဖြည့်စွက်ပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်၊ သူရဇော်**
**ဓာတ်ပုံ-ရာမည**



# မောင်တောမြို့ ရေိယာတိုးချဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှာဖြစ်တာကြောင့် မြို့ပြစီမံကိန်းရေးဆွဲဖို့ လိုအပ်ပါတယ်

**ဦးရဲထွဋ် (မောင်တောခရိုင်အုပ်ချုပ်ရေးမှူး)**

**တွေ့ဆုံမေးမြန်း-ဟိန်းထက်ဇော်၊ သူရဇော်၊ ဓာတ်ပုံ-ရာမည**

မောင်တော ဖေဖော်ဝါရီ ၁၇

**မောင်တောမြို့၏ ပကတိအနေအထားများအရ အားသာချက်၊ အားနည်းချက်၊ ဖွံ့ဖြိုးမှုအလားအလာများကိုစနစ်တကျ လေ့လာသုံးသပ်ပြီး တိုးတက်ပြောင်းလဲလာသော အခြေအနေများနှင့် ကိုက်ညီမည့် အနာဂတ်မြို့ပြဖွံ့ဖြိုးရေးမျှော်မှန်းချက်များကို ချမှတ်ရန်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်စည်စီးဆင်းရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့စည်ပင်ဖွံ့ဖြိုးရေးတို့အတွက် အနာဂတ်မြို့ပြ သဘောထားပုံစံ (Concept Plan) တစ်ခု အဆိုပြုတင်ပြရန် ရည်ရွယ်ချက်များဖြင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဦးရဲထွဋ်
(မောင်တော
ခရိုင်
အုပ်ချုပ်
ရေးမှူး)



ဦးသက်ဖြိုးဝေ
မြို့ပြနှင့်
အိမ်ရာ
ဖွံ့ဖြိုးရေး
ဦးစီးဌာန



မောင်တောမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**ဦးရဲထွဋ်**
**မောင်တောခရိုင်အုပ်ချုပ်ရေးမှူး**

မောင်တောခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တွေ၊ ကျေးရွာတွေနဲ့ပတ်သက်ပြီး အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်လာမယ့် အလားအလာတွေကို အထောက်အကူပြုဖို့အတွက် (Concept Plan)ရေးဆွဲတဲ့ အခမ်းအနားဖြစ်ပါတယ်။

မောင်တောမြို့နဲ့ပတ်သက်တဲ့ မြို့ရဲ့ ဧရိယာ၊ လူဦးရေ ကွာဟချက်တွေ အများကြီးရှိတယ်။ ဧရိယာကျဉ်းတာဖြစ်တဲ့ အတွက် ဧရိယာတိုးချဲ့ဖို့ လျာထားဆောင်ရွက်ဖို့ ရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လျာထားဆောင်ရွက်ဖို့ မြို့နဲ့ပတ်သက်တဲ့ Town Plan ရေးဆွဲဖို့ လိုအပ်ပါတယ်။ မောင်တောမြို့နယ်မှာ မြို့ပြဆိုင်ရာ ဖွဲ့စည်းတည်ရှိမှုမှာ မရှိမဖြစ်လိုအပ်တဲ့ မြို့နဲ့ပတ်သက်ပြီး ကြိုတင်လျာထားတာတွေ မရှိသေးပါဘူး။ ဒီမှာက ဖွံ့ဖြိုးတိုးတက်မှုတွေဖြစ်ပေါ်လာနိုင်တဲ့ အလားအလာတွေ ရှိတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မဖြစ်မနေလုပ်ပေးသင့်တဲ့ ဧရိယာတွေ ဖြစ်တဲ့အတွက် ဌာနဆိုင်ရာတွေရော ဒီမှာရပ်တည်ပြီး နေထိုင်မယ့် ပြည်သူလူထုတွေအတွက် အနာဂတ် Plan လိုအပ်တာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီး မြို့နဲ့ပတ်သက်တဲ့ Town Plan ကို ပူးပေါင်းပြီး ရေးဆွဲတာဖြစ်ပါတယ်။ မြို့ပြနဲ့ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသလိုပဲ ကျေးလက်တွေမှာလည်း နေရာချထားရေးကိစ္စနဲ့ပတ်သက်ပြီး စနစ်တကျတည်ရှိမှုရှိအောင် သက်ဆိုင်ရာဌာနနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

ဒီနေ့အစည်းအဝေးမှာ မြို့နယ်ဌာနဆိုင်ရာတွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းက အချက်အလက်တွေပေါင်းပြီး မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနက ညွှန်ကြားရေးမှူး ဦးဇော်ဝင်း ဦးဆောင်တဲ့အဖွဲ့နဲ့ ပဏာမဆွေးနွေးပြီး မြေပြင်ကွင်းဆင်းတိုင်းတာရေးလုပ်ငန်းတွေ၊ မြေပြင်မှာတည်ရှိမှုတွေ၊ မြေပြင်လူထုနဲ့ တွေ့ရှိမှုတွေ စနစ်တကျတိုင်းတာပြီး Town Plan ဆွဲတာ ဖြစ်ပါတယ်။ ဒေသခံတွေ၊ အနယ်နယ်အရပ်ရပ်က လာရောက်တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေ၊ မြို့မိမြို့ဖတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ ပူးပေါင်းပါဝင်ပြီး အနာဂတ် Plan အတွက် စီမံကိန်းလိုအပ်ချက်တွေကို သိရှိလိုတဲ့ ရည်ရွယ်ချက်လည်းပါသလို ဒေသတွင်း အမြဲတမ်းနေထိုင်မယ့်သူတွေရဲ့ လိုလားချက်တွေကို ထည့်သွင်းပြီးရေးဆွဲပေးလို့ရအောင်၊ သူတို့ရဲ့ သဘောထားအမြင်တွေကို ပွင့်ပွင့်လင်းလင်း ချပြပေးလို့ရအောင် ဒီအစည်းအဝေးကို ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးနဲ့ပတ်သက်ပြီး ဌာနအသီးသီးရဲ့ သဘောထားအမြင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ပူးပေါင်းဆောင်ရွက်ပေးနိုင်တဲ့ အခန်းကဏ္ဍတွေ၊ မြို့မိ မြို့ဖနဲ့ ပြည်သူလူထုက အမှန်တကယ်လိုလားတဲ့ စိတ်ဆန္ဒတွေနဲ့ Plan တွေကို အားတက်သရော ပါဝင်ဆွေးနွေးတာကို တွေ့ခဲ့ရပါတယ်။ သူတို့ရဲ့ အမြင်တွေကို သိရတဲ့အတွက် ဒီ Plan ကိုရေးဆွဲရာမှာ အများကြီး အကျိုးရှိပါတယ်။ ဒါတွေဖြည့်စွက်ရေးဆွဲပြီးရင် နောက်ဆုံး အားလုံးရဲ့ သဘောထားရယူပြီးမှ Town Plan ကို ထပ်မံချပြမှာဖြစ်ပါတယ်။ ဒါတွေအားလုံး အတည်ပြုပြီးပြီဆိုရင် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပြီး အနာဂတ်မှာ ဆောင်ရွက်မယ့် Plan တွေကို သက်ဆိုင်ရာ ဌာနအသီးသီးကို ဖြန့်ဝေကာ မှတ်တမ်းထားရှိပေးမှာ ဖြစ်ပါတယ်။

မောင်တောခရိုင်မှာ ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၆ ဖြစ်စဉ်တွေက ရှေ့ပိုင်းမှာ နှစ်နှစ်တစ်ကြိမ်နဲ့ ဖြစ်ခဲ့ပေမယ့် ၂၀၁၆-၂၀၁၇ မှာ တစ်နှစ်အတွင်းမှာ ဖြစ်ပေါ်လာပါတယ်။ ဒီလိုမျိုး ဖြစ်ပေါ်ရတဲ့ အဓိကအခြေခံအကြောင်းအရင်းက ဒေသရဲ့ လုံခြုံမှုစိုးရိမ်ရတဲ့ အခြေအနေရှိခဲ့ပါတယ်။ လုံခြုံမှုမရှိတဲ့ အတွက် တရားဥပဒေစိုးမိုးမှုကင်းမဲ့ခဲ့တယ်။ ဥပဒေစိုးမိုးမှု အပြည့်အဝ မရရှိခဲ့တာဖြစ်တဲ့အတွက် ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှု ရရှိဖို့ဆိုတာ အလှမ်းဝေးနေမှာ ဖြစ်ပါတယ်။ ဒီဒေသဖွံ့ဖြိုးမှု ကိစ္စရပ်တစ်ခု ဆောင်ရွက်မယ်ဆိုရင် ကြိုတင်ရေးဆွဲထားတဲ့ စီမံကိန်း Plan ရှိဖို့လိုပါတယ်။ ဒီ Plan ရှိမှ ဒီအပေါ် အခြေခံပြီး ဆက်လက်အကောင်အထည်ဖော်မယ့် နှစ်စဉ် ဘတ်ဂျက်လိုက် သော်လည်းကောင်း၊ သီးခြား ဘတ်ဂျက် အနေနဲ့ သော်လည်းကောင်း၊ ပြည်ပအကူအညီ အထောက်အပံ့အနေနဲ့ သော်လည်းကောင်း၊ ဒေသတွင်းရဲ့ လုပ်ငန်းရှင်တွေ ပူးပေါင်းပါဝင်မှုအရ သော်လည်းကောင်း၊ Project ရေးဆွဲရမှာဖြစ်ပါတယ်။ ဒီ Project တွေရပြီဆိုရင် အစိုးရကဏ္ဍ၊ ပြည်သူလူထုအခန်းကဏ္ဍ၊ လုပ်ငန်းရှင် ကဏ္ဍ၊ ကဏ္ဍအသီးသီးကနေ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ဒီ Plan က အများကြီး အကျိုးသက်ရောက်မှု ရှိစေမှာဖြစ်ပါတယ်။ Plan မရှိဘဲနဲ့ ဒီနေရာမှာ အခြေအနေအချိန်အခါပေါ်မှာ မူတည်ပြီးတော့ လုပ်ဆောင်ရတဲ့ ကိစ္စတွေဟာ တစ်ချိန်မှာ မမျှော်မှန်းနိုင်တဲ့၊ ဖြေရှင်းမရတဲ့ ကိစ္စရပ်တွေ ဖြစ်လာနိုင်ပါတယ်။

အမှားတွေလည်း ရှိကောင်းရှိလာနိုင်ပါတယ်။ ဒီတော့ မြို့လူထုနဲ့ အခြေခံထားတဲ့ Plan ရရှိထားပြီး ဒီ Plan အပေါ် အခြေခံပြီး သွားမယ်ဆိုရင် ဒီ Plan ကို စနစ်တကျ လျှောက်လှမ်းလို့ ရပါတယ်။ ဒီ Plan ထဲမှာလည်း နောင်တစ်ချိန်မှာ ဖြစ်ပေါ်လာနိုင်တဲ့ အခွင့်အလမ်းတွေ ဖြစ်ပေါ်လာအောင် အကောင်အထည်ဖော်ပေးရမယ့် စီမံချက်တွေ ပါဝင်လာတာဖြစ်တဲ့အတွက် တစ်ချိန်မှာမမျှော်မှန်းနိုင်တဲ့ ကာလမှာ ဒီစီမံကိန်းအတိုင်းသာ အကောင်အထည်ဖော်သွားမယ်ဆိုရင် ဒီဒေသအတွင်းမှာ ဖွံ့ဖြိုးတိုးတက်မှု ရရှိလာမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုရရှိလာတာနဲ့အမျှ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကိစ္စတွေလည်း အလိုအလျောက် ပါဝင်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်တဲ့အတွက် မကြာသောကာလမှာ မောင်တောခရိုင်ကမျှော်မှန်းထားတဲ့ ဒီ Plan အောက်မှာပဲ ဖွံ့ဖြိုးတိုးတက်မှုတွေ တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးသက်ဖြိုးဝေ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနခွဲက တစ်နိုင်ငံလုံးအတိုင်း အတာနဲ့ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Town Development Plan ရေးဆွဲတဲ့ အဖွဲ့ဖြစ်ပါတယ်။ မောင်တောမြို့က ခရိုင်မြို့ဆိုပေမယ့် မြို့ပြ Plan အနေနဲ့ ရေးဆွဲပေးရတာပါ။ Plan တစ်ခုရှိမှ Project ရှိမယ်၊ Project ရှိမှ Implementation အကောင်အထည်ဖော်လို့ရမှာပါ။ Plan မရှိဘဲနဲ့ လုပ်မယ်ဆိုရင် စနစ်မကျတဲ့ မြို့ပြဖွံ့ဖြိုးမှုတွေ၊ စနစ်မကျတဲ့ မြို့ပြပုံစံတွေ ဖြစ်လာမှာပါ။ Plan ရှိမှ စနစ်ကျတဲ့ မြို့ပြပုံစံတွေ ရရှိမှာဖြစ်ပြီး ဒီမြို့မိမြို့ဖ၊ ဒေသခံပြည်သူတွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေအားလုံး သဘောတူတဲ့ Plan တစ်ခု၊ အကျိုးရှိတဲ့ Plan တစ်ခုကိုရေးဆွဲရမှာ ဖြစ်ပါတယ်။ ဒီ Plan က အကြမ်းဆွဲထားတဲ့အဆင့်ပဲ ရှိပါသေးတယ်။

ကျွန်တော်တို့အဆိုပြုတဲ့ Plan အကြမ်းမှာက ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့အတွက် အဓိက ဦးစားပေး အနေနဲ့ စက်မှုဇုန်တွေ၊ SMEs တွေကို စဉ်းစားပြီးရေးဆွဲထားပါတယ်။ ဒေသခံတွေ တခြားနေရာကိုရွှေ့ပြောင်းမသွားဖို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး စတဲ့အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ဆွဲဆောင်ရမှာဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံးက ပြည်သူတွေ တစ်ပြေးညီ မြို့ပြနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးဖို့အတွက် Town Development Plan တွေ ရေးဆွဲပေးနေတာ ဖြစ်ပါတယ်။ ။

## ရခိုင်ပြည်နယ်သတင်း

# မောင်တောမြို့အဝင် မုခ်ဦးဆိုင်းဘုတ်သစ်တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

မောင်တော ဖေဖော်ဝါရီ ၁၇

**၂၀၁၇ ခုနှစ်အတွင်း တိုက်ခတ်ခဲ့သော မိုရာ မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည့် မောင်တောမြို့အဝင် မုခ်ဦးဆိုင်းဘုတ်နေရာတွင် မုခ်ဦးဆိုင်းဘုတ်သစ် တည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မောင်တောမြို့အဝင် အဆိုပါ မုခ်ဦးဟောင်းရှေ့သတ်မှတ်နေရာ၌ ကျင်းပသည်။**



ရှေးဦးစွာ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များက မုခ်ဦးဆိုင်းဘုတ်သစ်အတွက် သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးခဲ့ကြသည်။ **(ယာပုံ)**

"မောင်တောခရိုင် မောင်တောမြို့နယ်ဟာ မြန်မာနိုင်ငံအနောက်ဘက်အစွန်ဆုံးမြို့နယ်တစ်ခုဖြစ်ပြီး လူဦးရေနှစ်သိန်းကျော်နေထိုင်လျက် ရှိပါတယ်၊ လူဦးရေသိပ်သည်းမှုများတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်၊ ဒါ့အပြင် ၂၀၁၆၊ ၂၀၁၇ အကြမ်းဖက်မှုဖြစ်စဉ်တွေ၊ ရှေးအစဉ်အဆက်ဖြစ်စဉ်တွေကို ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်၊ မြို့အင်္ဂါရပ်နဲ့ လျော်ညီတဲ့ ကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့ မြို့နယ်စည်ပင်သာယာရေးကော်မတီနဲ့ တိုင်ပင်ပြီး မုန်တိုင်းကြောင့် ပျက်စီးသွားတဲ့ မြို့အတွက် မရှိမဖြစ်လိုအပ်တဲ့ မြို့ရဲ့အထင်ကရ မြို့အဝင်မုခ်ဦးဆိုင်းဘုတ်ပြန်လည်တည်ဆောက်ဖို့အတွက် ဌာနဆိုင်ရာတွေ၊ မြို့မိမြို့ဖတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ဒီဇိုင်းသစ် ရေးဆွဲပါတယ်၊ အဲဒီနောက် ပြည်နယ်အစိုးရထံ ဘတ်ဂျက်တင်ပြီး မုခ်ဦးအသစ်တည်ဆောက်ရတာ ဖြစ်ပါတယ်" ဟု မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က မုခ်ဦးသစ်တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မြို့၏ပြယုဂ်တစ်ခုဖြစ်သည့် မြို့အဝင်မုခ်ဦး ရာသီဥတုဒဏ်ကြောင့် သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ အခြားသော အကြောင်းများကြောင့် သော်လည်းကောင်း ပျက်စီးခဲ့ရခြင်းသည် မြို့နေလူထုအတွက် စိတ်ထိခိုက်မှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် အများသဘောတူညီချက်နှင့်အညီ ဒီဇိုင်းသစ်ရေးဆွဲပြီး အားလုံးလက်ခံနိုင်သည့် မုခ်ဦးသစ်ကို တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ ယင်းမုခ်ဦးသစ်တွင် မောင်တောမြို့၏ မြို့အဝင်မုခ်ဦး ရှိမည်ဖြစ်သလို မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နယ်စပ်မြို့တော်ဆိုသည့် ဆိုင်းဘုတ်လည်း ပါဝင်မည်ဖြစ်ကြောင်း၊ အမြန်ဆုံးစိုက်ထူနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ မြို့အဝင်မုခ်ဦးဆိုင်းဘုတ်သစ်တည်ဆောက်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တင်ဒါပိုလျှံငွေနှင့် အထွေထွေပိုလျှံငွေ စုစုပေါင်းသိန်း ၈၀၀ နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေကျပ်သိန်း ၉၀ စုစုပေါင်း ငွေကျပ်သိန်း ၈၉၀ ခန့်ဖြင့် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပြီး တစ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရွှေမောင်၏ ပြောကြားချက်အရ သိရသည်။

**သတင်း-ဟိန်းထက်ဇော်၊ သူရဇော်**

**ဓာတ်ပုံ-ရာမည**

# နွေရာသီ လူငယ်ဘောလုံးသင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

နိုင်ငံတစ်ဝန်းရှိ ကျောင်းသားလူငယ်များအတွက် အခြေခံ ဘောလုံးပညာများကို သင်ကြားပေးမည့် နွေရာသီ လူငယ်ဘောလုံးသင်တန်းကို လာမည့်မတ် ၅ ရက်မှ ဧပြီ ၅ ရက်အထိ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်ရှိ MFF ဘောလုံးအကယ်ဒမီများတွင် ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်သည်။

အခြေခံဘောလုံးသင်တန်းသို့ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း (ကျား၊ မ)မည်သူမဆို တက်ရောက်သင်ယူနိုင်မည်ဖြစ်ပြီး အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာနေ့တွင် ဖွင့်လှစ်မည့် တစ်လကြာသင်တန်း၌ နံနက် ၇ နာရီမှ ၉ နာရီအထိ အခြေခံဘောလုံးပညာများ သင်ကြားရမည်ဖြစ်သည်။ သင်တန်းများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရှိ အာရှဘောလုံးအဖွဲ့ချုပ် နည်းပြလိုင်စင်ရ သင်တန်းဆရာများက ကြီးကြပ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး ငွေကျပ် ၃၀၀၀၀ သတ်မှတ်ထားပြီး ဝတ်စုံတစ်စုံစီအား သင်တန်းမှပေးအပ်မည်ဖြစ်သည်။ သင်တန်းပြီးဆုံးသည်နှင့် ထူးချွန်ကလေးငယ်များကို စနစ်တကျ ရွေးချယ်ထားမည်ဖြစ်ပြီး သက်တမ်းအလိုက် မြန်မာ့လက်ရွေးစင်အသင်းများအတွက် လိုအပ်သလို ခေါ်ယူလေ့ကျင့် ရွေးချယ်သွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် သင်တန်းဖွင့်လှစ်မည့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)၊ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် ပုသိမ်ဘောလုံးအကယ်ဒမီသို့ ဖေဖော်ဝါရီ ၂၈ ရက်ရုံးချိန်အတွင်း နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်ဆက်သွယ်လျှောက်ထားနိုင်သည်။ ဖုန်းဖြင့် ဆက်သွယ်စုံစမ်းမေးမြန်းလိုပါက ၀၉-၂၅၁၅၂၅၀၄၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

▼ *ကျောဖုံးမှ*

၃၉ မိနစ်တွင် မြဝတီအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ကောင်းစည်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ရတနာပုံအသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာပြီး ၅၂ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ၆၂ မိနစ်တွင် ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့ပြီး သက်နိုင်က သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် သရေရလဒ်ကို ထိန်းထားနိုင်ခြင်းမရှိဘဲ ၇၅ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရသည်။ မြဝတီအသင်းအတွက် ဒုတိယဂိုးကို အသင်းခေါင်းဆောင် ရဲဝေယံစိုးက သွင်းယူပေးခဲ့ပြီး ရတနာပုံအတွက် ချေပဂိုးကို ၇၇ မိနစ်တွင် ဝင်းနိုင်စိုးက ထောင့်ကန်ဘောမှ ခေါင်းတိုက်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပဲခူးကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် နှစ်ပွဲဆက် အနိုင်ရခဲ့ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို ၃၆ မိနစ်တွင် ကျော်ဇေယျက သွင်းယူပေးခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသော ပွဲတွင် Southern အသင်းက ရခိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းသည် ၆၅ မိနစ်တွင် ကောင်းစည်သူ သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ယခုရာသီတွင် ဒုတိယမြောက်နိုင်ပွဲ ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၈ ရက်(**ယနေ့**)တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကွင်း၌ ရှေဝတီနှင့် ရှမ်းယူနိုက်တက်၊ YUSC ကွင်း၌ ရန်ကုန်နှင့် GFA၊ အောင်ဆန်းကွင်း၌ မကွေးနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# WLC လက်ဝှေ့ပြိုင်ပွဲ ရွှေခါးပတ်လုပွဲ၌ လက်ရှိချန်ပီယံတူးတူး စိန်ခေါ်သူ ဆိုရိုကင်ကို အမှတ်ဖြင့်နိုင်ပြီး ချန်ပီယံခါးပတ်ကာကွယ်နိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာလက်ခမောင်းကုမ္ပဏီက စီစဉ်ကျင်းပသော လေးကြိမ်မြောက် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ရွှေခါးပတ်လုပွဲကြီးကို ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မစ်ဒယ်ဝိတ်တန်း လက်ရှိကမ္ဘာ့ချန်ပီယံ တူးတူး(မြန်မာ)နှင့် ယူကရိန်းနိုင်ငံသား ဆိုရိုကင်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ လက်ရှိချန်ပီယံတူးတူး အမှတ်ဖြင့် အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။



အမျိုးသမီးအထူးပွဲစဉ်တွင် ရွှေစင်မင်း(မြန်မာ)နှင့် နိုဆရီပေါ့(ကမ္ဘောဒီးယား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။ ဓာတ်ပုံ- မင်းထက်

ယနေ့ပထမဆုံးအကြိမ် နေပြည်တော်၌ ကျင်းပသော မြန်မာလက်ခမောင်း၏ စတုတ္ထမြောက် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ (WLC) ပြိုင်ပွဲကြီးတွင် ပြည်တွင်း၊ ပြည်ပတွဲဆိုင်း ခုနစ်ဆိုင်းပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြပြီး အဓိကတွဲဆိုင်းဖြစ်သော မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်လုပွဲတွင် လက်ရှိချန်ပီယံ တူးတူး(မြန်မာ- နဂါးမာန်)နှင့် စိန်ခေါ်သူ ဆိုရိုကင် (ယူကရိန်း)တို့ပွဲမှာ ငါးချီပြည့်သည်အထိ တစ်ဦးနှင့်တစ်ဦး အလဲထိုး အရှုံး၊ အနိုင် မပေါ်၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ လက်ရှိချန်ပီယံ တူးတူး(မြန်မာ)က အနိုင်ရခဲ့သည်။ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်လုသော အဆိုပါပွဲတွင် ကောင်တာသမားနှစ်ဦး တွေ့ဆုံသဖြင့် ပွဲမှာထင်သလောက် ပြင်းထန်မှုမရှိဘဲ တစ်ဦးနှင့်တစ်ဦး အကဲစမ်းမှုများနေကြသဖြင့် ကြိုးဝိုင်းဒိုင်ကပင် တစ်ဖက်နှင့်တစ်ဖက် ထိုးသတ်ရန် အကြိမ်ကြိမ်သတိပေးခဲ့ရသည်။

ဒုတိယ Main ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်သော စောဘဦး(တောင်ကလေး)နှင့် သပြေညို(ရွှေဘားလား) တို့ပွဲတွင် တစ်ဦးနှင့်တစ်ဦး ငါးချီပြည့်သည်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံး၊ အနိုင် မပေါ်ခဲ့၍ အမှတ်ဖြင့် ဆုံးဖြတ်ရာ စောဘဦး အနိုင်ရခဲ့သည်။ တစ်ဖန်လိုက်ဝယ်တာဝိတ် မြန်မာပြည်ချန်ပီယံဆီမီးဖိုင်နယ်ပွဲတွင် ဗထူးမောင်(ရတနာပုံ)နှင့် ကျော်ဇင်လတ် (T&T သထုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ၌ တတိယအချီ ၁ မိနစ် ၅၀ စက္ကန့်တွင် ဗထူးမောင် ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သဖြင့် ကျော်ဇင်လတ် အနိုင်ရခဲ့သည်။ အလားတူ မြန်မာပြည်ချန်ပီယံဆီမီးဖိုင်နယ် လိုက်ဝယ်တာ ဒုတိယပွဲစဉ်တွင် စောဒါဝိတ် (တောင်ကလေး)နှင့် ပတ်ကျော်လင်းနိုင်(တိုက်ဂါး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမအချီမှာပင် စောဒါဝိတ်က ပတ်ကျော်လင်းနိုင်ကို အမှတ်စဉ် သုံးကြိမ်ရေတွက်ခံစေပြီး အနိုင်ရရှိသဖြင့် နောက်တစ်ကြိမ် ကျင်းပမည့် WLC ပွဲတွင် လိုက်ဝယ်တာဝိတ် မြန်မာပြည်ချန်ပီယံဖိုင်နယ်တွင် စောဒါဝိတ်(တောင်ကလေး)နှင့် ကျော်ဇင်လတ် (T&Tသထုံ) တို့တွေ့ဆုံကာ လိုက်ဝယ်တာ မြန်မာပြည်ချန်ပီယံခါးပတ်ကို လုကြရမည်ဖြစ်သည်။

ထို့အပြင် ဖယ်သာဝိတ်တန်းတွင် အမျိုးသမီးအထူးပွဲစဉ်အနေဖြင့် ရွှေစင်မင်း (မြန်မာ) နှင့် ကမ္ဘောဒီးယားနိုင်ငံသူ နိုဆရီပေါ့တို့ပွဲတွင် သုံးချီပြည့်သည်အထိ



တူးတူး(မြန်မာ)၏ ညာခြေကန်ချက် ဆိုရိုကင်(ယူကရိန်း)၏ မျက်နှာထိမိစဉ်။ ဓာတ်ပုံ- မင်းထက်

အလဲထိုး အရှုံး၊ အနိုင်မပေါ်၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ နိုဆရီပေါ့ အနိုင်ရခဲ့သည်။ ထို့အပြင် လိုက်ဝိတ်တန်း၌ ချစ်မောင်မောင်(တောင်ကလေး)နှင့် စည်သူ (T & T သထုံ) တို့ပွဲတွင် စည်သူက အမှတ်ဖြင့်လည်းကောင်း၊ လိုက်ဝယ်တာဝိတ်တန်း သွေးသစ်မောင် (အဖြူရောင်သွေးသစ်)နှင့် လက်သီးမိုး (T&Tသထုံ)တို့ပွဲတွင် လက်သီးမိုးက အမှတ်ဖြင့် လည်းကောင်း အနိုင်ရခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြည်တွင်းခရီးစဉ်များ အောင်မြင်စွာပြေးဆွဲလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာအမျိုးသား လေကြောင်းလိုင်းသည် ပြည်တွင်းခရီးစဉ်များကို ရန်ကုန်မြို့ကို အခြေပြုလျက် တစ်နိုင်ငံလုံးရှိ မြို့ကြီးများသို့ နေ့စဉ် ပြေးဆွဲပျံသန်းလျက်ရှိသည်။

ကချင်ပြည်နယ် မြစ်ကြီးနားသို့ စနေ၊ တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့များတွင် လည်းကောင်း၊ ပူတာအိုမြို့သို့ စနေ၊ ကြာသပတေးနေ့များတွင် လည်းကောင်း၊ ဗန်းမော်မြို့သို့ တနင်္ဂနွေ၊ သောကြာနေ့များတွင် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနေ့များတွင် လည်းကောင်း၊ ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့သို့ အင်္ဂါ၊ သောကြာနေ့များတွင် လည်းကောင်း၊ မုံရွာမြို့သို့ အင်္ဂါနေ့တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပုဂံ၊ ညောင်ဦးမြို့သို့ တနင်္ဂနွေ၊ ကြာသပတေးနေ့များတွင် လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လည်းကောင်း နေ့စဉ်ပျံသန်းကြောင်း သိရသည်။ ကျောက်ဖြူနှင့် သံတွဲမြို့များသို့ စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် လည်းကောင်း ပျံသန်းပေးလျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် ဟဲဟိုးမြို့သို့ နေ့စဉ်ပျံသန်းလျက်ရှိပြီး တာချီလိတ်မြို့သို့ စနေ၊ အင်္ဂါ၊ ကြာသပတေးနေ့များ၌ လည်းကောင်း၊ ကျိုင်းတုံမြို့သို့ တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင်လည်းကောင်း၊ လားရှိုးမြို့သို့ အင်္ဂါ၊ စနေနေ့များနှင့် မိုင်းဆတ်မြို့သို့ ဗုဒ္ဓဟူး၊ တနင်္ဂနွေနေ့များ၌ လည်းကောင်း ပျံသန်းပေးလျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ကော့သောင်းမြို့များသို့ နေ့စဉ်ပျံသန်းပေးလျက်ရှိပြီး ဘုတ်ပြင်းမြို့သို့ စနေ၊ အင်္ဂါ၊ ကြာသပတေးနေ့များနှင့် ထားဝယ်မြို့သို့ နေ့စဉ်ပျံသန်းပေးလျက်ရှိသည်။ ထို့အပြင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ စနေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ပျံသန်းပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် CARAVAN SIGHT SEEING FLIGHTS ဝေဟင်မှ ရှုခင်းကြည့် လေ့လာရေးခရီးစဉ်များအနေဖြင့် ပုသိမ်၊ ငွေဆောင်၊ ချောင်းသာ၊ ပုသိမ်ခရီးစဉ်၊ ပုသိမ်၊ ငွေဆောင်၊ မော်တင်စွန်းခရီးစဉ်ကို လည်းကောင်း၊ ချမ်းမြသာစည်၊ ပုဂံ-ညောင်ဦး၊ ချမ်းမြသာစည်ခရီးစဉ်၊ ချမ်းမြသာစည်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပား၊ ချမ်းမြသာစည် ခရီးစဉ်၊ ချမ်းမြသာစည်၊ ပုဂံ-ညောင်ဦး၊ မုံရွာ၊ ချမ်းမြသာစည် ခရီးစဉ်၊ ချမ်းမြသာစည်၊ ပြင်ဦးလွင်၊ ဂုတ်ထိပ်၊ ချမ်းမြသာစည် ခရီးစဉ်၊ ချမ်းမြသာစည် ပင်းတယ၊ တောင်ကြီး၊ အင်းလေး၊ ချမ်းမြသာစည် ခရီးစဉ်နှင့် နေပြည်တော်၊ ပုပ္ပား၊ ပုဂံ-ညောင်ဦး၊ နေပြည်တော်ခရီးစဉ်၊ ရန်ကုန် ကျောက်တန်း၊ ရန်ကုန်ခရီးစဉ်တို့ကို လည်းကောင်း၊ ရန်ကုန်-ပုသိမ် (ONE WAY(or) TWO WAY) ခရီးစဉ်များကို လည်းကောင်း၊ ရန်ကုန်နှင့် ချမ်းမြသာစည် လေယာဉ်ကွင်းတို့မှ အခြေပြု၍ (သောကြာ၊စနေ၊ တနင်္ဂနွေ) နေ့များတွင် စင်းလုံးငှားစနစ်ဖြင့် လည်းကောင်း Booking ပြုလုပ်လျက် နှစ်သက်ရာလမ်းကြောင်းအလိုက် ငှားရမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတံခွန်တောင်သွားလမ်းတွင် ဆိုင်ကယ်ကယ်ရီသမားထံမှ ရိုက်နှက်လုယက်သူများ ဖမ်းဆီးရမိ

**မန္တလေး ဖေဖော်ဝါရီ ၁၇**

ပုသိမ်ကြီးမြို့နယ် နည်းပညာတက္ကသိုလ်ရှေ့ ရေတံခွန်တောင်သွားလမ်းတွင် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဆိုင်ကယ်ကယ်ရီးသမား တစ်ဦးကို ဆိုင်ကယ်ငှားရမ်းစီးသူ နှစ်ဦးက ရိုက်နှက်ကာ ဆိုင်ကယ်အား လုယူထွက်ပြေးမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိကြောင်း မန္တလေးခရိုင် မူခင်းနှိမ်နင်းရေးဌာနစိတ်မှ သိရသည်။

ဆိုင်ကယ်လုယက်မှုဖြစ်ပွားကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မန္တလေးမြို့ရှိ ဆိုင်ကယ်ပွဲစားများအား လိုက်လံစုံစမ်းခဲ့ရာ ချမ်းမြသာစည်မြို့နယ် ၅၉ လမ်းနှင့် မနော်ဟရီလမ်းထောင့် ဆိုင်ကယ်ပွဲစားဝိုင်းတွင် Super ANBO ဆိုင်ကယ်တစ်စီးကို မသင်္ကာဖွယ် လူငယ်နှစ်ဦးက လိုက်လံရောင်းချနေကြောင်း သတင်းရရှိသဖြင့် ညနေ ၄ နာရီခွဲခန့်တွင် အဆိုပါ မသင်္ကာဖွယ်ရောင်းချနေသူ လုမင်း(ခ)နိုင်မင်းနှင့် ထက်အာကာ(ခ)ဇင်ကို တို့ကို ဖမ်းဆီးရမိပြီး စစ်ဆေးခဲ့သည်။

၎င်းတို့သည် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဆိုင်ကယ်ကယ်ရီ မောင်းသူ ဦးဌေးလွင်ကို ငှားရမ်း၍ ပုသိမ်ကြီးမြို့နယ် နည်းပညာတက္ကသိုလ် အရှေ့ဘက် ရေတံခွန်တောင်သို့သွားသည့် လမ်းအရောက်တွင် ဆိုင်ကယ်ကယ်ရီသမားအား ဆိုင်ကယ် ဦးထုပ်ဖြင့် ရိုက်ကာ လက်သီးဖြင့်ထိုး၍ ဆိုင်ကယ်အား လုယူထွက်ပြေးပြီး လိုက်လံရောင်းချနေကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူများဖြစ်သော ရေနံချောင်းမြို့နယ် ဥယျာဉ်စုကျေးရွာနေ လုမင်း(ခ) နိုင်မင်း (၂၉ နှစ်)နှင့် ထက်အာကာ(ခ)ဇင်ကို (၁၉ နှစ်) တို့အား ဆက်လက်စစ်ဆေး ဆောင်ရွက်နိုင်ရန် ပုသိမ်ကြီးမြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**

# ကေအိုင်အေ လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့် မြေမြှုပ်မိုင်းအား နင်းမိ၍ ရွာသားတစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ရှဒူဇွပ်ကျေးရွာ အနောက်တောင်ဘက် ခြောက်မိုင်ခန့်အကွာ ဂျာဝမ်ရွှေမော်တောင်ခြေအနီးတွင် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃ နာရီက ရှဒူဇွပ်ကျေးရွာနေ ခွန်အောင်(၃၅ နှစ်)သည် ရွှေကျင်ရန် ရောက်ရှိနေစဉ် ကေအိုင်အေလက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့် မြေမြှုပ်မိုင်း နင်းမိပေါက်ကွဲခဲ့ရာ ဒဏ်ရာများရရှိခဲ့သဖြင့် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

**ကိုရဲ**

# ဝိုင်းမော်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မူးယစ်တပ်ဖွဲ့စု-၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင် များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၆ နာရီခန့်က ဝိုင်းမော် မြို့နယ် ဗလမင်းထင်ဌာနဆိုင်ရာပူးပေါင်း စစ်ဆေးရေးဂိတ်၌ မူဆယ်မြို့နယ် မော်တောင်းအုပ်စုနေ နော်ဂျာ မောင်းနှင်ပြီး ဘရန်အောင် လိုက်ပါလာသည့် ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၉၈ ခွက် (ဘိန်းဖြူအလေးချိန် ၂ ဒသမ ၁၇၈ ကီလို)ကို လည်းကောင်း၊ ကွင်းဆက်အရ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ မူဆယ်မြို့နယ် မော်တောင်းအုပ်စုနေ ဘရန်ဆိုင်း၊ မမွန်းပန်နှင့် နော်ဂျာတို့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် လုံဂါဘာ စားသောက်ဆိုင်၌ ကြိုတင်ရောက်ရှိနေပြီး ဘရန်ဆိုင်းမှာ မနောကွင်းထိပ်၌ စောင့်ကြို မည်ဖြစ်ကြောင်း သိရှိရ၍ ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေရာ Kluger ယာဉ်တစ်စီးသည် မနောကွင်းထိပ်မှ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံ ဖမ်းဆီးရာ မော်တော်ယာဉ်ကို လုံဂါဘာစားသောက်ဆိုင်ရှေ့၌ တွေ့ရှိရပြီး ဘရန်ဆိုင်းနှင့် မမွန်းပန်ထံမှ လက်ကိုင်ဖုန်း နှစ်လုံးကို လည်းကောင်း၊ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် လုံဂါဘာစားသောက်ဆိုင်အတွင်း၌ မူဆယ်မြို့ မန့်ဝိန်းရပ်ကွက်နေ နော်ဂျာ၊ လဝေါမ်၊ မဆိုင်းဆန့်နှင့် ဇော်အောင်တို့အားတွေ့ရှိပြီး စားသောက်ဆိုင်ရှေ့တွင် ရပ်ထားသည့် ယာဉ် နှစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ကို ရှာဖွေရာ မူဆယ်မြို့နယ် မန့်ဝိန်းရပ်ကွက်နေ နော်ဂျာ မောင်းနှင်သည့် ယာဉ်ပေါ်မှ ဘိန်းဖြူဆပ်ပြာခွက် ၁၃၂ ခွက် (ဘိန်းဖြူ အလေးချိန် ၁ ဒသမ ၄၈၄ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၀၀ နှင့် လက်ကိုင်ဖုန်း ခြောက်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု-၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် နောင်လေကျေးရွာ အုပ်စု ထီအုံကျေးရွာနေ မောင်သိန်းနှင့် မအုန်းခင်တို့၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၄၀ ကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၁၆ ရက် ည ၈ နာရီခွဲက ကလောမြို့နယ် နန်းတိုင်းကျေးရွာနေ ဝင်းဦး၏ နေအိမ်ကိုရှာဖွေရာ ဝင်းဦးနှင့် အောင်သိန်းတို့အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၅၃၅ ပြား၊ ဝင်းဦး၏ အိပ်ရာခေါင်းရင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၊ ဘိန်းစိမ်း ၃၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက် ည ၇ နာရီခွဲက မူးယစ်တပ်ဖွဲ့စု-၄၉ ပုသိမ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်တုန်းမြို့နယ် ဂေါ်ဒူးကျေးရွာ တံတားထိပ်တွင် ဆိုင်ကယ်နှင့်အတူ ဝေယံထွန်းအား တွေ့ရှိ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# နောင်ချိုမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၃၀၀ သိမ်းဆည်းရမိ

**နောင်ချို ဖေဖော်ဝါရီ ၁၇**

နောင်ချိုမြို့အရှေ့ဘက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ဖေဖော်ဝါရီ ၁၄ ရက် ည ၁၀ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု-၂၄ မှ ဒုရဲအုပ်ဖိုးလပြည့် ဦးစီးသော တပ်ဖွဲ့ဝင်များ၊ နောင်ချိုမြို့မရဲစခန်းမှ ရဲအုပ်သန့်စင်ဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲဘက်မှ နောင်ချိုမြို့ဘက်သို့ စိုင်းဝေလင်း မောင်းနှင်ပြီး စိုင်းအိုက်ထွန်း လိုက်ပါလာသည့် SHN 7L/---- အော်ကတ်စီယာဉ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၃၀၀ (အလေးချိန် ၂ ဒသမ ၅၄၇၉ ကီလိုဂရမ်ခန့် ) တန်ဖိုးငွေကျပ် ၅၆၆၂၀၀၀၀ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်သတင်းအရ နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု ရေမောင်းတန်းကျေးရွာနေသူ အိုက်ဆွမ်(ခ)ထွန်းလုထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ (အလေးချိန် ၅၄ ဂရမ်ခန့်)ထပ်မံရှာဖွေ သိမ်းဆည်း ရမိသဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်၊ သုံးစွဲ၊ လက်ဝယ်ထားရှိရောင်းချသူ သုံးဦးကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ဗန်းမော်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀ ကျော် သိမ်းဆည်းရမိ

**ဗန်းမော် ဖေဖော်ဝါရီ ၁၇**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်လာသူနှစ်ဦးထံမှ ငွေကျပ်သိန်း ၄၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၆၃ ပြား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ်မှုခင်းအကူဌာနစိတ်မှ ရဲအုပ်ထွန်းထွန်းဝင်း ဦးစီး တပ်ဖွဲ့ဝင်များသည် ဗန်းမော်ခရိုင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဗန်းမော်မြို့ နန်းသီတာမီးပွိုင့်အနီးတွင် စောင့်ဆိုင်းနေစဉ် ရုံးကြီးလမ်းဘက်သို့ ရွှေကူမြို့နယ် နောင်ပင်ကျေးရွာနေ သောင်းထွန်း(၃၁ နှစ်)မောင်းနှင်ပြီး ကျော်ဆန်း (၃၅ နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ကာလတန်ဖိုး ငွေကျပ်သိန်း ၄၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၆၃ ပြားကို သိမ်းဆည်းရမိသဖြင့် ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့ လိုင်စင်မဲ့ ယာဉ်နှစ်စီး ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၁၂စီး ၊ သွင်းကုန် ၈၄၇ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် အစီး ၁၅၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၉၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၅၄၀ သန်းခန့် စုစုပေါင်းတားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၆၃၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်သို့ သွားရောက်မည့် Toyota Noah ယာဉ်တစ်စီးနှင့် Honda Fit ယာဉ်တစ်စီးတို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ လိုင်စင်မဲ့ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၈ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ပန်ဆိုင်း(ကြူကုတ်)မြို့၌ လက်လုပ်မိုင်းနှစ်လုံး သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် ပန်ဆိုင်း(ကြူကုတ်)မြို့ မန်ခုံကန်ကျေးရွာအနီး ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၃ နာရီခွဲက ပန်ဆိုင်း-၁၀၅ မိုင် ကားလမ်းယာဘက်ခြမ်းရှိ မန်ခုံကန်ကျေးရွာနေ ဒေါ်နန်းမွေးခမ်း(၃၈ နှစ်)၏ ခြံအနီးတွင် လက်လုပ်မိုင်းတွေ့ရှိကြောင်း သိရသည်။ **(ဓါတ်ပုံ)**

အဆိုပါ သတင်းအရ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အလျား ခြောက်လက်မ၊ အချင်းနှစ်လက်မရှိ ဒေသန္တရလက်လုပ်မိုင်းနှစ်လုံးအား ဝိုင်ယာကြိုး တပ်လျက် တွေ့ရှိ၍ တာဝန်ရှိသူများက မိုင်းများကို သက်မဲ့ပြုလုပ်ကာ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ကိုရဲ**

## ဝမ်းမြောက်ဂုဏ်ယူခြင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ထိုင်းဘုရင်မင်းမြတ်က "The Knight Grand Cross(First Class) of the Most Exalted Order of the White Elephant" ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်းနှင့်**
**Myanmar Golf Association(MGA-Thailand)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ ကင်မလင်းကျွန်းလမ်း၊အကွက်အမှတ်(၅၂)၊ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်(G-၆၆)၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိမြေကို ဒေါ်နှင်းသူဇာဖြိုးက မြေငှားဂရန် (အမည်ပြောင်း)ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာ တွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် ၃၄၈၊ ဦးပိုင်အမှတ် ၈၂၊ တာရိန်လမ်း×စိတ္တသုခလမ်းကြား၊ ဝါဆိုကျောင်းလမ်း× မြို့ပတ်လမ်းကြားရှိ ဦးအောင်သိန်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးအောင်သိန်း၊ မိခင်ဖြစ်သူ ဒေါ်ကွန့်တို့အသီးသီး ကွယ်လွန်သဖြင့် ကျန်ရစ်သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ညိုညိုဝင်း ၉/မနတ(နိုင်)၀၅၅၅၈၉က ဂရန်စာချုပ်မူရင်းအသိမ်းလွန်ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်းတရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀ Phase-2)၊ မြေကွက်အမှတ် ၁၁၇၊ ဧရိယာ ၀ဒသမ၀၈၃ဧကနှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက် ဦးမြင့်စိုးဖြစ်ပါသည်။ အဆိုပါ မြေနှင့် အိမ်အား အပြီးအပိုင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် (၅၁/၂၀၁၈)ရက်စွဲ၊ (၁၉-၁-၂၀၁၈)တင်ပြ၍ ဒေါ်ခိုင်ခိုင်မွေး ၆/မအရ(နိုင်)၀၅၅၇၅၁ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ဖခင် အမည်မှန်**

အမ်းမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(C)မှ မတင်တင်ရွှေ၏ ဖခင်အမည်မှန်မှာ ဦးဗိုက်ကြီး(ခ)ဦးကျော်ဝင်းတင် ၁၁/အမန(နိုင်)၀၃၂၈၀၀ ဖြစ်ပါကြောင်း။ **ဦးဗိုက်ကြီး(ခ)ကျော်ဝင်းတင်**

**ပျောက်ဆုံး ကြောင်း**

Family Motor Myanmar Co.,Ltd. မှ တင်သွင်းသော သွင်းကုန်လိုင်စင် MQIL-V 17-18 (11717) (8-12-2017) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၈၆၆၆၀၂**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဦးတင်မောင်လွင်၏သမီး၊ ကျိုင်းတုံတက္ကသိုလ်၊ စတုတ္ထနှစ် (အင်္ဂလိပ်စာ)(၄အ-၁၀)မှ မဆောင်းဟေမာန်လွင်နှင့် မဆောင်းဟေမန်လွင်တို့မှာ တစ်ဦးတည်းဖြစ်ပါသည်။**မဆောင်းဟေမာန်လွင်(ခ)ဆောင်းဟေမန်လွင် ၁၃/ကတန(နိုင်)၁၃၆၉၄၇**

# အထူးကျေးဇူးတင်လွှာ

ဖေဖေ - ဦးဘုန်းပိုင်ဦး နှင့် မေမေ - ဒေါက်တာစုစုလှိုင်တို့၏ သမီးအမြွှာ ၊ ကိုကိုဟိန်းစစ်ညီမ်းအတွက် ညီမလေးများကို (၈.၁၁.၂၀၁၇)၊ ဗုဒ္ဓဟူးနေ့တွင်၊ Grand Hantha International Hospital ၌ အောင်မြင်ချောမောစွာ မွေးဖွားသန့်စင်ပေးပါသော သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါ်ဝင်းဝင်းမြ ၊ ဒေါက်တာ မြတ်သဇင်အောင်၊ ဒေါက်တာယုယုမိုး၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါ်ခင်သော်တာကြည် ၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါ်ကေသီထွန်း နှင့် တာဝန်ကျဆရာဝန် ၊ ဆရာမများ ၊ သူနာပြုများအားလည်းကောင်း၊
Grand Hantha International Hospital ၏ Chairman & Founder ဦးငွေမြင့် နှင့် ဇနီး ဒေါ်အေးအေးမော် ၊ ဆေးရုံမှ တာဝန်ရှိစီမံအုပ်ချုပ်ရေးမှူးအဖွဲ့အားလည်းကောင်း ၊ ဇီဝိတဒါန သွေးအလှူရှင်များဖြစ်ကြသော ဦးစည်သူထင်ကျော်၊ ဒေါက်တာသန့်သော်ကောင်းတို့အားလည်းကောင်း၊ ဆေးရုံတက်စဉ် ၊ မွေးဖွားချိန် ၊ ရက် (၁၀၀) ပြည့်မွေးနေ့နှင့် ကင်ပွန်းတပ်နာမ ကရဏမင်္ဂလာအခမ်းအနား ကျင်းပရာတွင် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**နှစ်ဖက်သော ဘိုးဘိုး ဘွားဘွားများ**

သီရိပျံချီ ဦးသိန်းဆွေ + ဒေါ်မြသီဂီ
(ပြည်ထောင်စု ဝန်ကြီး - အလုပ်သမား ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)

ဦးထွန်းလှ + ဒေါက်တာဒေါ်ခင်စန်းဝင်း

ဖေဖေ ဦးဘုန်းပိုင်ဦး + မေမေ ဒေါက်တာစုစုလှိုင်
သားကြီး ဟိန်းစစ်ညီမ်း
သမီးကြီး ဝင့်မြတ်သွယ် ၊ သမီးငယ် ဝင့်မြတ်ချယ်


အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
**ကချင်ပြည်နယ် နှင့် မန္တလေးတိုင်းဒေသကြီး** အတွင်းရှိ
" အငယ်စား ၊ အသေးစား နှင့် အလတ်စား "
Micro , Small & Medium Enterprise ( MSME )
စီးပွားရေးလုပ်ငန်းများ၏ **ပထမအကြိမ် ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက် မှ ၂၅ ရက် အထိ

ကျင်းပမည့်နေရာ - မန္တလာသီရိ အားကစားကွင်း ၊ ၆၈ လမ်းနှင့် ၇၈ လမ်းကြား ၊ ၆၈ လမ်းနှင့် ၄ရွှေဝါလမ်းထောင့် ၊ မန္တလေးမြို့

**ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် အောက်ပါလိပ်စာသို့**

| | | | |
|---|---|---|---|
| ဒေါ်ဘောက်ရာ | ဒုတိယညွှန်ကြားရေးမှူး | ၀၉၄၀၀၄၇၇၃၇၆ | မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန |
| ဦးဇော်လွင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | ၀၉၂၆၁၃၉၁၈၂၉ | ပြတိုက်လမ်း နှင့် ၇၈ လမ်းထောင့် ၊ မန္တလေးမြို့ |
| ဒေါ်ယမင်းသန့် | လက်ထောက်ညွှန်ကြားရေးမှူး | ၀၉၄၄၄၀၃၇၄၈၉ | ဖုန်း - ၀၂ ၃၉၁၃၃ ၊ ၀၂ ၃၉၅၇၃ |


## ငြင်းချက်ထုတ်ရန်သမ္မာန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၃/၁၈**

ဦးထွန်းနိုင် နှင့် ၁။ ဦးအောင်သန်း
၂။ ဦးမြင့်စိန်
၃။ ဦးအောင်မြတ်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၁၃၆ နေ ဦးအောင်သန်း၊ ဦးမြင့်စိန်၊ ဦးအောင်မြတ်(ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

တရားလို ဦးထွန်းနိုင်က ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ၂၈ရက် (၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ရူပါနေဝင်း)**

**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဖြစ်ပွားသော ပဋိပက္ခများအတွင်း ပါလက်စတိုင်း ဆန္ဒပြသူ ၄၀ ခန့် ဒဏ်ရာရ



**ရာမလာ ဖေဖော်ဝါရီ ၁၇**

ဂါဇာကမ်းမြောင်ဒေသနှင့်အနောက်ဘက်ကမ်း၌ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဖြစ်ပွားသော ပဋိပက္ခအတွင်း ပါလက်စတိုင်း ဆန္ဒပြသူ ၄၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

ဂါဇာအရှေ့ဘက်နှင့် အစ္စရေးကြား နယ်စပ်ဒေသ၌ ဖြစ်ပွားသော ပဋိပက္ခများအတွင်း ပါလက်စတိုင်း ၂၃ဦးပစ်ခတ်ခံရကာ ဒဏ်ရာများရရှိခဲ့ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီး အက်ရှ်ရက်ဖ်အယ်လ်ကွက်ဒရာက သတင်းထောက်များကို ပြောခဲ့သည်။

အဆိုပါ ပဋိပက္ခတွင် တစ်ဦးမှာခေါင်းကို အပစ်ခံလိုက်ရသဖြင့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး တချို့မှာ ခန္ဓာကိုယ်အထက်ပိုင်းအပစ်ခံရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

"ဒါကဘာကိုပြောသလဲဆိုရင် အစ္စရေးတပ်ဖွဲ့ဝင်တွေက ပါလက်စတိုင်း ဆန္ဒပြသူတွေကို ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ချင်နေတယ်ဆိုတာပြတာပဲ"ဟု အစ္စရေးတို့ ၁၁နှစ်ကြာပိတ်ဆို့ခံထားရသော ဂါဇာကမ်းမြောင်ဒေသရှိ ဆိုးရွားသော အခြေအနေကို ရည်ညွှန်းလျက် ဂါဇာကျန်းမာရေးဝန်ကြီး အက်ရှ်ရက်ဖ်အယ်လ်ကွက်ဒရာက ထပ်လောင်း ပြောကြားခဲ့သည်။

ဒေါသထွက်နေသော ဆန္ဒပြသူများသည် ပါလက်စတိုင်းအလံများကိုဝှေ့ယမ်းကာ ကြွေးကြော်ဆန္ဒပြခဲ့ကြပြီး အစ္စရေးတပ်ဖွဲ့ဝင်များကို ခဲလုံးများဖြင့် ပစ်ပေါက်ခဲ့ကြကြောင်း မျက်မြင်သက်သေများက ပြောခဲ့သည်။

အစ္စရေးတပ်ဖွဲ့ဝင်များကလည်း မျက်ရည်ယိုဗုံးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ ရော်ဘာကျည်ဆန်များနှင့် သေနတ်အစစ်များဖြင့်လည်း ပါလက်စတိုင်း ဆန္ဒပြလူအုပ်ကြီးထဲသို့ ပစ်ခတ်ခဲ့ကြောင်း မျက်မြင်သက်သေများက ထပ်မံပြောဆိုခဲ့သည်။

ပါလက်စတိုင်းလခြမ်းနီအဖွဲ့၏ အီးမေးလ်ထုတ်ပြန်ချက်တွင် နဘလု၊ ဟီးဘရုန်းနှင့် ရာမလာမြို့များ၌ ဖြစ်ပွားသော ဆန္ဒပြပဋိပက္ခများတွင် ပါလက်စတိုင်း ၁၇ဦး မျက်ရည်ယိုဗုံးများကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် လွန်ခဲ့သည့် ဒီဇင်ဘာလက ကြေညာခဲ့ချိန်မှစပြီး ယခုကဲ့သို့ ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ကြားဝင်စွက်ဖက်မှုပြုခဲ့သည်ဆိုသော ရုရှားနိုင်ငံသားများကို တရားစွဲ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ကြားဝင်စွက်ဖက်မှုကြောင့် ရုရှားနိုင်ငံသား ၁၃ ဦးနှင့် ရုရှားစီးပွားရေးလုပ်ငန်းသုံးခုအား တရားစွဲဆိုထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၁၇ ရက်က ဖော်ပြခဲ့သည်။

၂၀၁၆ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်စွက်ဖက်မှုရှိသည်ဟုဆိုကာ ရုရှားနိုင်ငံသား ၁၃ ဦးနှင့် ရုရှားစီးပွားရေးလုပ်ငန်းသုံးခုကို ဖက်ဒရယ်ဂရန့်ဂျူရီက တရားစွဲထားကြောင်း အမေရိကန်အထူးရှေ့နေ ရောဘတ်မူလာ၏ရုံးမှ မကြာသေးမီက ကြေညာလိုက်ခြင်း ဖြစ်သည်။

အဆိုပါ တရားစွဲဆိုချက်တွင် အမေရိကန်နိုင်ငံအပေါ် လိမ်လည်ခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ လိမ်လည်မှု၊ ဘဏ်လုပ်ငန်းဆိုင်ရာ လိမ်လည်မှုများနှင့် ကိုယ်ရေးအချက်အလက် ခိုးယူခြင်း စသည်တို့ကို ကျူးလွန်ခဲ့ကြောင်း ပါရှိသည်။

အဆိုပါပြစ်မှုများကို အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရုရှားက ဝင်ရောက်စွက်ဖက်သည်ဟုဆိုကာ စုံစမ်းလေ့လာနေသော မူလာရုံးက တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

မူလာ၏ရုံးသည် အမေရိကန်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ရုရှားက ဝင်ရောက်စွက်ဖက်မှုရှိခြင်းနှင့် ဒေါ်နယ်ထရန့်၏ မဲဆွယ်စည်းရုံးရေးနှင့် ရုရှားနိုင်ငံအကြား ပူးပေါင်းလိမ်လည်ရန် ညှိနှိုင်းမှုများပြုလုပ်ထားသည်ဆိုသော စွပ်စွဲချက်များအတွက် စုံစမ်းစစ်ဆေးမှုကိုဦးဆောင်ပြုလုပ်နေသည့် ရုံးတစ်ရုံးဖြစ်သည်။

ထို့အတူ အဆိုပါရုံးက ဆိုရှယ်မီဒီယာအပါအဝင် အခြားသတင်းလိုင်းများမှတစ်ဆင့် အမေရိကန်ရွေးကောက်ပွဲအပေါ် လွှမ်းမိုးနိုင်ရန် အင်တာနက်စည်းရုံးရေးတစ်ခု၌ စည်းဝါးရိုက်ခဲ့သော ကုမ္ပဏီနှစ်ခုနှင့် အင်တာနက်သုတေသနအေဂျင်စီ (အယ်လ်အယ်လ်စီ) တို့ကိုလည်း စွပ်စွဲခဲ့ကြောင်း သိရသည်။



အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရုရှား၏ ကြားဝင်စွက်ဖက်မှုကို စုံစမ်းစစ်ဆေးနေသော အမေရိကန်အထူးရှေ့နေ ရောဘတ်မူလာ

**ဆင်ဟွာ**

# ယီမင်မှ ဆော်ဒီသို့ ပစ်လွှတ်လိုက်သော ဒုံးကျည် အီရန်လုပ်ဖြစ်ကြောင်း ကုလပြော

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၇**

ယီမင်နိုင်ငံမှ ဆော်ဒီအာရေဗျသို့ လွန်ခဲ့သောနိုဝင်ဘာလကပစ်လွှတ်လိုက်သော တာတိုပစ်ဒုံးကျည်သည် အီရန်နိုင်ငံလုပ် ဒုံးကျည်ဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောခဲ့သည်။

ယီမင်နိုင်ငံသို့ လက်နက်မတင်ပို့ရေးစောင့်ကြည့်သူများဖြစ်သည့် ကုလသမဂ္ဂကျွမ်းကျင်သူများက ၎င်းတို့၏တွေ့ရှိချက်များကို လုံခြုံရေးကောင်စီသို့ တင်ပြခဲ့ခြင်းဖြစ်သည်။ ယီမင်နိုင်ငံသည် ဆော်ဒီကျောထောက်နောက်ခံပြုထားသည့် အစိုးရအဖွဲ့နှင့် အီရန်ထောက်ပံ့ထားသည်ဟု ယူဆရသော သူပုန်အဖွဲ့များကြား ထောင်းထောင်းကျေလျက်ရှိသည်။

အစိုးရဆန့်ကျင်တပ်ဖွဲ့က လွန်ခဲ့သော နိုဝင်ဘာလတွင် ဆော်ဒီအာရေဗျလေဆိပ်သို့ ပစ်လွှတ်ခဲ့သော ဒုံးကျည်ကို အမေရိကန်က စစ်ဆေးခဲ့သည်။ တီဟီရန်က အဆိုပါစွပ်စွဲမှုများသည် အခြေအမြစ်မရှိကြောင်း ပြောခဲ့သည်။

သို့သော်လည်း ကုလသမဂ္ဂအစီရင်ခံစာက အမေရိကန်၏စွပ်စွဲချက်များကို ထောက်ခံခဲ့သည်။ ကုလသမဂ္ဂအစီရင်ခံစာတွင် အဆိုပါဒုံးကျည်မှာ အီရန်မှဖြစ်ကြောင်း၊ လက်နက်တင်ပို့မှုပိတ်ပင်လိုက်ပြီးနောက် ယီမင်သို့ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေးက အဆိုပါအစီရင်ခံစာက အီရန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂဆုံးဖြတ်ချက် ဖောက်ဖျက်နေသည်ကို ဖော်ပြခဲ့ကြောင်းနှင့် လုံခြုံရေးကောင်စီအနေဖြင့် အရေးယူရမည့်အချိန်အခါဖြစ်ကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မက္ကဆီကိုနိုင်ငံ၌ ပြင်းအား ၇ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်ခတ် သေဆုံးသူမသိရသေးသော်လည်း အဆောက်အအုံအများအပြား ပျက်စီး

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၇**

မက္ကဆီကိုနိုင်ငံ၌ ဖေဖော်ဝါရီ ၁၇ ရက်က ပြင်းအား ၇ ဒသမ ၂ အဆင့်ရှိသော အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း ငလျင်ကွန်ရက်စင်တာ (စီအီးအင်န်စီ)က ပြောခဲ့သည်။

အဆိုပါငလျင်သည် မက္ကဆီကိုနိုင်ငံ ပီနိုတီပါ ဒီလူးရက်စ်မြို့၏ တောင်ဘက်လေးကီလိုမီတာအကွာ၊ မြောက်လတ္တီကျု ၁၆ ဒသမ ၆၀ ဒီဂရီနှင့် အနောက်လောင်ဂျီကျု ၉၇ ဒသမ ၇၅ ဒီဂရီအကြား မြေအောက်အနက် ၂၄ ဒသမ ၇ ကီလိုမီတာကို ဗဟိုပြုကာ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောက်ဇကာပြည်နယ်တောင်ပိုင်း၌ ငလျင်လှုပ်မှုကြောင့် အဆောက်အအုံအများအပြားပျက်စီးခဲ့ကြောင်း မက္ကဆီကိုအစိုးရက ပြောခဲ့သည်။

အောက်ဇကာပြည်နယ်ဒေသခံတစ်ဦးက ငလျင်သည် အဆောက်အအုံများကို လှုပ်ခါစေခဲ့ပြီး ခြံစည်းရိုးများပြိုကျမှုဖြစ်ပွားစေခဲ့ကြောင်း ပြောခဲ့သည်။

အင်အားပြင်းငလျင်လှုပ်ခတ်မှုဒဏ်ကို မက္ကဆီကိုစီးတီး၌လည်း ခံစားခဲ့ရကြောင်း၊ ငလျင်သတိပေးသံများလည်း ထုတ်လွှင့်ထားကြောင်း သိရသည်။ မြို့တော်မက္ကဆီကိုစီးတီးရှိ တရုတ်တန်းအနီးလမ်းမများပေါ်တွင်လည်း ငလျင်ကြောင့် နေအိမ်ပြင်ပသို့ လူများထွက်နေကြသည်ဖြစ်ရာ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော စက်တင်ဘာလက အဆိုပါဒေသကို ပြင်းအား ၈ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူ ၉၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### တောင်အာဖရိကလွှတ်တော်က ဆိုင်ရယ်လ် ရာမာဖိုဆာကို သမ္မတအဖြစ် ရွေးချယ်

**ဂျိုဟန်နက်စ်ဘာ့ဂ် ဖေဖော်ဝါရီ ၁၇**

တောင်အာဖရိက အာဏာရပါတီ ဖြစ်သည့် အာဖရိကအမျိုးသားကွန်ဂရက် ခေါင်းဆောင် ဆိုင်ရယ်လ် ရာမာဖိုဆာကို နိုင်ငံ၏ သမ္မတသစ်အဖြစ် အမျိုးသား ညီလာခံက ကြာသပတေးနေ့တွင် ရွေးချယ်လိုက်ကြောင်း သိရသည်။

တောင်အာဖရိကသမ္မတဟောင်း ဂျက်ကော့ဗ်ဇူးမားက ဗုဒ္ဓဟူးနေ့ညတွင် ၎င်းနုတ်ထွက်ကြောင်း ကြေညာခဲ့ပြီးနောက် ရွေးကောက်ပွဲထပ်မံဝင်ရောက်လာခဲ့သည်။

ရာမာဖိုဆာသည် တောင်အာဖရိကပြည်ထောင်စု၏ ငါးဦးမြောက်ဒီမိုကရက်တစ်သမ္မတတစ်ဦးလည်း ဖြစ်လာခဲ့သည်။

မိမိတို့၏ ပြည်သူများအတွက် တာဝန်ထမ်းဆောင်ရန် အခွင့်အာဏာ အပ်နှင်းခဲ့သည့် ညီလာခံအဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်ကြောင်း ရာမာဖိုဆာက ရွေးကောက်တင်မြှောက်မှုအပြီးတွင် မိန့်ခွန်းအတွင်း၌ထည့်သွင်းပြောကြားခဲ့သည်။

တောင်အာဖရိက လွှတ်တော်ပြောရေးဆိုခွင့်ရှိသူ ဘာလက်ကာ အမ်ဘီတီသည် သမ္မတဟောင်း ဂျက်ကော့ဗ်ဇူးမားအား ၎င်း၏ ဆောင်ရွက်ခဲ့မှုအတွက် ချီးမွမ်းဂုဏ်ပြုခဲ့ပြီး ၎င်းနှင့် ၎င်း၏မိသားစုများ အနာဂတ်ကြိုးပမ်းအားထုတ်မှုအတွက် ဆုမွန်ကောင်းတောင်းခဲ့သည်။ တောင်အာဖရိကနိုင်ငံသားများ၏ စိတ်ရှည်သည်းခံမှုအတွက်လည်း ၎င်းက ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

---

### ဒိန်းမတ်နိုင်ငံ ဘုရင်မ မာဂရက် ၂ ၏ ခင်ပွန်းဖြစ်သူ မင်းသားဟင်းရစ်ခ်ကွယ်လွန်

**ကိုပင်ဟေဂင် ဖေဖော်ဝါရီ ၁၇**

ဒိန်းမတ်နိုင်ငံ ဘုရင်မမာဂရက် ၂ ၏ ခင်ပွန်းမင်းသား ဟင်းရစ်ခ်သည် ဖေဖော်ဝါရီ ၁၃ရက်ညပိုင်းတွင် ကွယ်လွန်သွားခဲ့ကြောင်း ဒိန်းမတ်နန်းတော်မှ မကြာသေးမီက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မင်းသားဟင်းရစ်ခ်သည် အသက် ၈၃ နှစ်အရွယ်ရှိပြီး ဒေသစံတော်ချိန် ၂၃း၁၈နာရီတွင် Fredensborg နန်းတော်တွင် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။

၎င်းကွယ်လွန်ချိန်တွင် ဘုရင်မမာဂရက်နှင့် သားနှစ်ဦးစလုံးရှိနေကြောင်း နန်းတော်က ထုတ်ပြန်ကြေညာခဲ့သည်။

ဟင်းရစ်ခ်သည် အဆုတ်ရောင်ရောဂါကြောင့် ဇန်နဝါရီလမှစ၍ ဆေးရုံတက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏နောက်ဆုံးနေ့ရက်များကို နေအိမ်မှာသာကုန်ဆုံးချင်သောကြောင့် ဖေဖော်ဝါရီ ၁၃ရက်က ဆေးရုံဆင်းခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

---

# နိုင်ငံရေးပဋိပက္ခတွေ ဖြစ်ပေါ်နေစဉ် ရာထူးက နုတ်ထွက်သွားတဲ့ အီသီယိုးပီးယားဝန်ကြီးချုပ်

**ဖြိုးစန္ဒီနွေး**



အီသီယိုးပီးယားနိုင်ငံ ဝန်ကြီးချုပ် ဟေလီမေရီးယန်း ဒက်ဆဲလ်လိန်းဟာ ကြာသပတေးနေ့ကပဲ ရာထူးကနေ နုတ်ထွက်သွားခဲ့ပါပြီ။ နိုင်ငံရေးအကျဉ်းသားအများအပြားကို ဖမ်းဆီးထားရာကနေ လွှတ်ပေးဖို့ အစိုးရတောင်းဆိုမှုတွေ ပေါ်ပေါက်လာပြီးနောက် အခုလို ရာထူးကနေ နုတ်ထွက်သွားခဲ့တာလည်းဖြစ်တယ်။ ယခုသီတင်းပတ်အတွင်းမှာပဲ အကျဉ်းထောင်မှာ ဖမ်းဆီးထိန်းသိမ်းထားတဲ့ လူသိများတဲ့ နိုင်ငံရေးအကျဉ်းသားနှစ်ဦးကို လွှတ်ပေးခဲ့ပြီးပါပြီ။ ဝန်ကြီးချုပ် မစ္စတာ ဟေလီမေရီးယန်းဟာ ပါလီမန်ကို သူ့ရဲ့နုတ်ထွက်စာပေးပို့ခဲ့ပြီး ပါလီမန်ကလည်း ဒါကို လက်ခံလိမ့်မယ်လို့ ယူဆရပါတယ်။ နောက်ထပ်ဝန်ကြီးချုပ်တစ်ဦး အစားမထိုးနိုင်သေးခင် အချိန်အထိ ခေါင်းဆောင်တစ်ဦးက ကြားဖြတ် တာဝန်ယူဆောင်ရွက်ရမယ့်ပုံပါပဲ။ လူအများစု ခန့်မှန်းတာကတော့ နောက်ထပ်အသစ်ခန့်အပ်မယ့် ဝန်ကြီးချုပ်အသစ်ကို လာမယ့်နွေရာသီမှာ ရွေးချယ်သွားလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။

### ဆန္ဒပြတောင်းဆိုမှုတွေ ပေါ်ပေါက်လာခဲ့

အီသီယိုးပီးယား နိုင်ငံဟာ တစ်ချိန်တုန်းကလို အငတ်ဘေးဆိုက်တဲ့၊ ဆင်းရဲတဲ့ တိုင်းပြည်တစ်ပြည် မဟုတ်တော့ပါဘူး။ အခုအချိန်မှာ အများကြီး ပြောင်းလဲတိုးတက်နေပါပြီ။ အာဖရိကမှာ စီးပွားရေးအင်အားကောင်းတဲ့ နိုင်ငံဖြစ်ဖို့တောင် ဦးတည်နေပါပြီ။ အာဖရိကရဲ့ ဒုတိယလူဦးရေအများဆုံးလည်းဖြစ်တဲ့ အီသီယိုးပီးယားဟာ အကြမ်းဖက်သမားတွေကို တိုက်ထုတ် ချေမှုန်းတဲ့ နေရာမှာ အမေရိကန်ရဲ့ အဓိကမဟာမိတ်နိုင်ငံလည်း ဖြစ်တယ်။ ဒေသတွင်းမှာ စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်ဖို့ ရည်မှန်းထားတဲ့နိုင်ငံလည်း ဖြစ်တယ်။ ဒါပေမယ့်လည်း လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်ကစပြီး ပဋိပက္ခတွေနဲ့ ကြုံတွေ့လာရပါတော့တယ်။ စီးပွားရေးနဲ့ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ဖို့အတွက် ဆန္ဒပြတောင်းဆိုမှုတွေ ပေါ်ပေါက်လာခဲ့တယ်။ အစိုးရက အကောင်အထည်ဖော် လုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်တွေဟာ နှေးကွေးလွန်းတဲ့အတွက်၊ ပြည်သူတွေရဲ့ကြားမှာ စိတ်မရှည်မှုတွေက မြင့်တက်လာခဲ့ပါတော့တယ်။

### ဆန္ဒပြမှုတွေ ဘာကြောင့် ဆက်လက်ဖြစ်ပေါ်နေရတာလဲ

အီသီယိုးပီးယား ဝန်ကြီးချုပ်ဟာ အတိုက်အခံဘက်က နိုင်ငံရေးသမားတွေ အပါအဝင် ဖမ်းဆီးထားတဲ့ အကျဉ်းသားတွေကို လွှတ်ပေးမယ်ဆိုပြီး ဇန်နဝါရီလအတွင်းက ကြေညာခဲ့ပါတယ်။ အကျဉ်းသား ၁၀၀ ကျော် လွှတ်ပေးခဲ့ပေမယ့် နာမည်ကျော် နိုင်ငံရေးအကျဉ်းသားတွေကိုတော့ လွှတ်မပေးသေးဘဲ ဆက်လက်ထိန်းသိမ်းထားခဲ့ပါတယ်။ ဒါကြောင့်လည်း မကျေမနပ်ဖြစ်မှုကို ပိုပြီးတော့ ဆိုးရွားလာစေခဲ့ပါတယ်။ ထင်ရှားတဲ့ နာမည်ကျော်နိုင်ငံရေးသမားတွေကို လွှတ်ပေးဖို့ အစိုးရဘက်က တွန့်ဆုတ်နေခဲ့တာဟာ အာဏာရပါတီအတွင်းမှာ သဘောထားကွဲလွဲမှုတွေ ပိုပြီးဖြစ်ပေါ်လာမှာစိုးတာကြောင့်လည်း ပါလိမ့်မယ်လို့ လေ့လာသူတွေက ပြောကြပါတယ်။ အာဏာရပါတီအတွင်းမှာကိုပဲ အကျဉ်းသားတွေကို လွှတ်ပေးစေချင်တဲ့ လူတွေရှိသလို၊ မလွှတ်ပေးချင်တဲ့လူတွေလည်း ရှိတယ်လို့ သိရပါတယ်။ အဓိက နိုင်ငံရေးအကျဉ်းသားတွေကို ချန်ထားပြီး တချို့ကို လွှတ်ပေးလိုက်တဲ့အခြေအနေကို အော်ရိုမီယာ လူမျိုးစုတွေရဲ့ နိုင်ငံရေးပါတီက မကျေနပ်ပါဘူး။

### သပိတ်မှောက်ကြဖို့ လှုံ့ဆော်ထား

ဒီကိစ္စကို အရှိန်မြှင့်တင်ဖို့အတွက် တိုင်းပြည်အတွင်းနဲ့ တိုင်းပြည် ပြင်ပမှာ ရောက်ရှိနေကြတဲ့ အော်ရိုမီယာတွေကို အတိုက်အခံအဖွဲ့ဝင်တွေဟာ သပိတ်မှောက်ကြဖို့ လှုံ့ဆော်ထားကြပါတယ်။ အော်ရိုမီယာမှာရှိတဲ့ ဘဏ်တွေ၊ ဈေးဆိုင်တွေ အားလုံးကို ပိတ်ထားပါတယ်။ လမ်းမထက်က ဆန္ဒပြပွဲတွေမှာ မပါဝင်တဲ့သူတွေဟာလည်း ကိုယ့်အိမ်အတွင်းမှာပဲ နေထိုင်နေကြတယ်။ တက်ကြွလှုပ်ရှားသူတွေရဲ့ ပြောစကားအရတော့ လူပေါင်း ၂၀ ခန့် သေဆုံးခဲ့ရပြီးဖြစ်တယ်လို့ သိရပါတယ်။ နာမည်ကျော်လူသိများတဲ့ နိုင်ငံရေး အကျဉ်းသား မစ္စတာ ဘီကီလီကို အင်္ဂါနေ့က လွှတ်ပေးလိုက်တဲ့အခါမှာတော့ သပိတ်မှောက်တာတွေကို ဖျက်သိမ်းလိုက်ပါတယ်။

ဒါပေမယ့် တချို့နေရာတွေမှာတော့ ဆန္ဒပြပွဲတွေ ရှိနေတုန်းပါပဲလို့ မစ္စတာ ဟာလယ်လူဂျာက ပြောပါတယ်။ ဆန္ဒပြပွဲတွေကို စတင်ဖို့ လှုံ့ဆော်ရတာကတော့ လွယ်ပါတယ်၊ ဒါပေမယ့် ဆန္ဒပြပွဲတွေက ဖျက်သိမ်းဖို့ရာကတော့ ခဲယဉ်းပါတယ်။ အစိုးရဟာ လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကာလအတွင်းမှာ ဆန္ဒပြပွဲတွေနဲ့ ရင်ဆိုင်နေရတာဖြစ်တယ်။ ထိလွယ်ရှလွယ်ဖြစ်တဲ့ ဒေသတွေမှာ အခြေအနေပိုဆိုးပါတယ်။ အီသီယိုးပီးယား လူ့အခွင့်အရေးကော်မရှင်ရဲ့ ထုတ်ပြန်ချက်အရတော့ ဒီလိုပဋိပက္ခတွေကြားထဲမှာ လူပေါင်း ၆၆၉ ဦး အသတ်ခံရပြီးပြီလို့ သိရပါတယ်။

အာဏာရ ညွန့်ပေါင်းအစိုးရဟာ ၁၉၉၁ ခုနှစ်ကတည်းက တိုင်းပြည်ကို အုပ်ချုပ်လာတာဖြစ်ပြီး ပါလီမန်အတွင်းမှာလည်း သူတို့ပဲ နေရာအပြည့်ယူထားပါတယ်။ လက်ရှိဝန်ကြီးချုပ်ရဲ့နုတ်ထွက်သွားမှုဟာ နိုင်ငံရေးစွန့်စားခန်းဝတ္ထုရှည်ကြီးရဲ့ နောက်ဆုံးအခန်းလို့ ယူဆရပါတယ်။ ညွန့်ပေါင်းအုပ်စုအတွင်းမှာကိုပဲ ကွဲပြားခြားနားမှုတွေ တိုးတိုးလာတယ်။ ဒီအခြေအနေတွေကြောင့် မစ္စတာ ဟေလီမေရီးယန်း ရာထူးကနေ နုတ်ထွက်တာဖြစ်တယ်လို့လည်း ယူဆရပါတယ်။

### အရည်အချင်းတွေ မရှိ

မစ္စတာ ဟေလီမေရီးယန်းဟာ ၂၀၁၂ ခုနှစ်ကစပြီး ဝန်ကြီးချုပ်ရာထူးကို တာဝန်ယူခဲ့တာလည်းဖြစ်တယ်။ အတိုက်အခံနိုင်ငံရေးသမားတစ်ဦးဖြစ်တဲ့ မစ္စတာ ဆီဖူကတော့ လက်ရှိအစိုးရဟာ အာဏာကို ဆက်လက်ဆုပ်ကိုင်နိုင်ဖို့ဆိုရင် အတိုက်အခံဘက်က တောင်းဆိုမှုတွေကိုလည်း လိုက်လျောပေးဖို့ လိုအပ်တယ်ဆိုပြီး လတ်တလောပေါ်ပေါက်နေတဲ့ ဆန္ဒပြပွဲတွေနဲ့ပတ်သက်ပြီး ပြောခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ဝန်ကြီးချုပ်ကို အချိန်တွေပေးခဲ့ပါတယ်။ သူဝန်ကြီးချုပ်တာဝန်ယူပြီး သုံးနှစ်လောက်မှာတော့ သူ့ကို နားလည်ပေးလို့ရပါတယ်။

ဒါပေမယ့် နောက်နှစ်နှစ်အတွင်းမှာတော့ သူဟာ ပါတီအတွင်းမှာ အသစ်ပြန်လည် ဆန်းသစ်မှုတွေ၊ ညွှန်ကြားမှုအသစ်တွေ ပေးရတော့မှာဖြစ်ပြီး နိုင်ငံကိုလည်း ကောင်းကောင်းဦးဆောင်နိုင်ရတော့မှာပါ။ သို့ပေမယ့် သူ့မှာ ဒီအရည်အချင်းတွေ မရှိဘူးလို့ သူက ဆက်ပြောပါတယ်။

### အစားထိုးလိုတာလည်း ဖြစ်နိုင်

မစ္စတာ ဟေလီမေရီးယန်းကို အာဏာရလာပြီးကတည်းက ဦးဆောင်မှုပေးတဲ့နေရာမှာ အားနည်းတဲ့နိုင်ငံရေးသမားအဖြစ် ရှုမြင်ကြပါတယ်။ ဒါကြောင့် သူ့ပါတီအတွင်းမှာကိုပဲ အားကောင်းတဲ့၊ စွမ်းဆောင်ရည်မြင့်တဲ့ နောက်ထပ်ခေါင်းဆောင်တစ်ဦးနဲ့ သူ့နေရာမှာ အစားထိုးလိုတာလည်း ဖြစ်နိုင်ပါတယ်။ မစ္စတာ ဟေလီမေရီးယန်းရဲ့ နေရာမှာအစားထိုးလိုက်မှုဟာ အတိုက်အခံတွေ တောင်းဆိုနေတဲ့ တောင်းဆိုချက်ကို လိုက်လျောပေးလိုက်ရလည်း ရောက်မှာပါ။

နောက်ထပ် အတိုက်အခံပါတီတစ်ခုဖြစ်တဲ့ Blue ပါတီက ဂီတာနက်ဘယ်ချာကတော့ ဝန်ကြီးချုပ်ရဲ့ ရာထူးကနေ နုတ်ထွက်တယ်ဆိုတဲ့ သတင်းဟာ အီသီယိုးပီးယားတွေအတွက်တော့ သတင်းကောင်းပဲလို့ ဆိုပါတယ်။ ဒါဟာ အစပဲရှိပါသေးတယ်။ တခြား ခေါင်းဆောင်တွေဟာလည်း ဒီလမ်းစဉ်အတိုင်းလိုက်ပြီး ပြည်သူ့လက်ထဲအာဏာထည့်ဖို့ပဲ ကျန်ပါတော့တယ်လို့ ဆိုပါတယ်။

အီသီယိုးပီးယားနိုင်ငံမှာ ဆန္ဒပြပွဲတွေ စတင်ပေါ်ပေါက်လာတာကတော့ ၂၀၁၅ ခုနှစ်ကစတင်ပြီး ပေါ်ပေါက်လာတာပဲဖြစ်တယ်။ စီးပွားရေးနဲ့ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို တောင်းဆိုခဲ့တာဖြစ်ပြီး အကျင့်ပျက်ခြစားမှုတွေကို အဆုံးသတ်နိုင်စေရေး ဆောင်ရွက်ပေးဖို့လည်း တောင်းဆိုခဲ့ပါတယ်။ အဓိကဆန္ဒပြပွဲတွေ ပေါ်ပေါက်ရတဲ့ နှစ်နေရာကတော့ အော်ရိုမီရာနဲ့ အမ်ဟာရာ ဒေသတို့မှာပဲ ဖြစ်တယ်။ ဒီလိုမျိုး ဆန္ဒပြပွဲတွေကြောင့် သေကျေပျက်စီးမှုတွေ၊ ဖမ်းဆီးထောင်ချခံရမှုတွေ အများကြီးပေါ်ပေါက်ခဲ့ပါတယ်။

အခုအချိန်မှာတော့ ဒီလိုမျိုး နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်ပေါ်နေချိန်မှာပဲ ဝန်ကြီးချုပ်ဟာ နုတ်ထွက်သွားခဲ့ပါပြီ။ သူ့နေရာမှာ ဘယ်သူ့ကို အစားထိုးခန့်အပ်မှာလဲ ဆိုတာကတော့ စိတ်ဝင်စားစရာပါပဲ။ အခုဆိုရင် အီသီယိုးပီးယားဟာ ဒေသတွင်းမှာ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ဖို့ ကြိုးစားနေတဲ့အချိန်လည်း ဖြစ်တယ်။ ဒီလိုအချိန်မျိုးမှာ နိုင်ငံရေးမတည်မငြိမ်မှုတွေဟာ နိုင်ငံရဲ့ စီးပွားရေးကိုရော ထိခိုက်စေနိုင်သလား။

နောက်ထပ်အသစ်ခန့်အပ်လိုက်တဲ့ ဝန်ကြီးချုပ် အသစ်ကရော ဆန္ဒပြပြည်သူတွေရဲ့ တောင်းဆိုချက်တွေကို ဖြည့်ဆည်းပေးနိုင်ပြီးနိုင်ငံကို အကျင့်ပျက်ခြစားမှုအန္တရာယ်ကနေ ဆွဲထုတ်ပေးနိုင်မလား။ အီသီယိုးပီးယားနိုင်ငံရဲ့ စီးပွားရေး လျင်လျင်မြန်မြန်ဖွံ့ဖြိုးတိုးတက်ဖို့ကတော့ နောက်ထပ်ဝန်ကြီးချုပ်အသစ်ရဲ့ စွမ်းဆောင်ရည်အပေါ်မှာ မူတည်သွားပါပြီ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

> “အခုဆိုရင် အီသီယိုးပီးယားဟာ ဒေသတွင်းမှာ စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်ဖို့ ကြိုးစားနေတဲ့အချိန်လည်း ဖြစ်တယ်။ ဒီလိုအချိန်မျိုးမှာ နိုင်ငံရေးမတည်မငြိမ်မှုတွေဟာ နိုင်ငံရဲ့ စီးပွားရေးကိုရော ထိခိုက်စေနိုင်သလား”


HTOO






2018





# ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှုအပေါ်ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်းဆုငွေကိုတစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသောလစာခေါင်းစဉ်မှဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှထုတ်ယူရရှိငွေ၊

(၆) နိုင်ငံ့ဝန်ထမ်းအငြိမ်းစားယူသည့်အခါရရှိသည့် ပင်စင်နှင့် ကရုဏာကြေး။

(ခ) အောက်ဖော်ပြပါကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေအခန်း(၇) တွင်ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ)ပါ စကားရပ်များမှအပ ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၈)

## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့် နှုန်းထားများ

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) မုတ်ကောင်ဝတ်ဆံသွင်းအခွန်၊

(ဆ) ခရီးလှည့်လည်ရေးလိုင်စင် / ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင် / ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဇ) အကောက်ခွန်၊

(ဈ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ည) ရေခွန်၊

(ဋ) တာတမံခွန်၊

(ဌ) သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဍ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဎ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ဏ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(တ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(ထ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ဒ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ။

၃၄။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်းတို့သည် -

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကိုကျပ်ဖြင့် ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-

(၁) ဤဥပဒေပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ထမ်းဆောင်ရမည်၊

(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်၊

(၃) ပုဒ်မခွဲငယ် (၂) ပါပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

## အခန်း(၉)

## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လိုအပ်ပါက အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်က ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကိုဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများ နည်းတူအမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေလိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများဥပဒေနှင့် အညီခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့် အဖွဲ့အားလည်းကောင်းဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူမည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ။

**၃၉။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်နိုင်သည်။**

---

**ဇယား(၁)**

**ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်**

**(ကျပ်သိန်းပေါင်း)**

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၈ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် | ၁၂၆၉၃၁၀.၉၄၃ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန် | ၆၂၆.၈၄၃ |
| | ၂ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန် | ၆၉၂၁၀၇.၈၅၀ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ | ၃၀၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | ၄၀၀၀၀.၀၀၀ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ | ၇၃၂၅၇.၅၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန် | ၂၇၉၈၇.၃၀၀ |
| | ၇ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မုတ်ကောင်ဝတ်ဆံသွင်းအခွန် | ၂၅၀.၀၀၀ |
| | ၈ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင် / ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင် / ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး | ၄၃၃.၉၅၀ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန် | ၄၃၁၄၆၇.၅၀၀ |
| ၂ | | | ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၈၆၃၁၇၅.၅၉၈ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန် | ၈၆၃၁၇၅.၅၉၈ |
| ၃ | | | အကောက်ခွန် | ၂၄၅၀၀၀.၀၀၀ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန် | ၂၄၅၀၀၀.၀၀၀ |
| ၄ | | | နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၄၁၄၃၉၀.၂၂၂ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | ၂.၀၁၄ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန် | ၄၅.၈၂၄ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန် | ၀.၀၂၅ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောအခွန် | ၂၆၀၅.၄၂၈ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့်အလှဆင် ကျောက်များ မပါ) | ၃၅.၂၀၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ | ၁၀၅၃.၈၀၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၁၀၁၅၆.၈၇၉ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန် | ၁၁၆၈၉.၇၇၂ |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ | ၂၁၁၀၀၀.၀၀၀ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ | ၆၁၀၁.၂၈၀ |
| | | | စုစုပေါင်း | ၂၇၉၁၈၇၆.၇၆၃ |

---

## နောင်ချို ပြန် / ဆက်ရုံး၌ စာပေစကားဝိုင်း ကျင်းပ

**နောင်ချို ဖေဖော်ဝါရီ ၁၇**

နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက စာပေစကားဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇန်နဝါရီ ၃၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆) ၌ ပါရှိသော ပြည်သူ့စကားဝိုင်း တုန့်ုင်းမမီ တိုင်းကားပြည်ဝယ် ဆောင်းပါးကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်သန်းသန်းထွေးက ဖတ်ကြားဆွေးနွေးပြောကြားခဲ့သည်။ စာပေစကားဝိုင်းသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မုန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# အားလုံးယုံကြည်ကိုးစားသည့် လူမှုဖူလုံရေးအဖွဲ့ကြီးဖြစ်လာစေရန် ကြိုးပမ်းမည်ဖြစ်ကြောင်း အမျိုးသားအဆင့် လူမှုဖူလုံရေးအစည်းအဝေးတွင် ဆွေးနွေးတိုင်ပင်

## ခင်ရတနာ




အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့သည် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ ၂၀၁၈ခုနှစ်၏ ပထမဆုံးအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် ကျင်းပခဲ့သည်။ လူမှုဖူလုံရေးအဖွဲ့သည် အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းအာမခံထားပြီး ဥပဒေနှင့်အညီ ဖြည့်ဆည်းပေးခြင်းအားဖြင့် နိုင်ငံတော်၏ အဓိက ကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။

ယခုအခါ လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်အာမခံအလုပ်သမားပေါင်း ၁ ဒသမ ၁ သန်းခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို ပေးအပ်လျက်ရှိကြောင်း အဆိုပါအစည်းအဝေးအတွင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေကပြောကြားသည်။ ထိုကဲ့သို့ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို ရရှိစေရန် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်တွင် အလုပ်သမားဆေးရုံသုံးရုံကိုလည်းကောင်း၊ မြို့နယ်ပေါင်း ၇၇ မြို့နယ်တွင် လူမှုဖူလုံရေးရုံးများကို လည်းကောင်း၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်းကိုလည်းကောင်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်းကိုလည်းကောင်း၊ လူမှုဖူလုံရေး-ကဲလ်ဝဲဆေးခန်းပေါင်း သုံးခန်းကိုလည်းကောင်း၊ တိုင်းရင်းဆေးကုခန်း တစ်ခန်းကိုလည်းကောင်း ဖွင့်လှစ်ပေးလျက်ရှိသည်။ ထို့ပြင် ရွေ့လျားဆေးကုသယာဉ် နှစ်စီးဖြင့် အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆက်တိုက်လိုက်လံကုသ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အလုပ်သမားဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေရန် မျှော်မှန်းချက်များ ချမှတ်ထားကြောင်း ပြည်ထောင်စုဝန်ကြီးက အဆိုပါ အစည်းအဝေးအတွင်း ထည့်သွင်းအမှာစကားပြောကြားသည်။

အစိုးရနှင့် အလုပ်ရှင်များ၊ အလုပ်သမားများ သုံးပွင့်ဆိုင် ဆက်ဆံရေးပြေပြစ်ငြိမ်းချမ်းကောင်းမွန်မှသာလျှင် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များ ပေါ်ထွက်လာနိုင်သည့်အပြင် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကြုံတွေ့ရမှုကင်းရှင်းရေး၊ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုကြုံတွေ့ရခြင်းနှင့် လုပ်ငန်းခွင်အတွင်း ရောဂါ ရရှိခံစားရမှုများ မဖြစ်ပေါ်စေရေးသည် အလုပ်သမားများအတွက် လိုအပ်သည့် အရေးကြီးသောအချက်များပင်ဖြစ်ကြောင်း သိရသည်။

မတော်တဆဖြစ်စဉ်များနှင့် လုပ်ငန်းခွင်ရောက် အလုပ်သမားတို့အတွက် လူမှုဖူလုံရေးအာမခံသည်လည်း အလွန်အရေးကြီးပြီး အလုပ်သမားများအတွက် လူမှုကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေးသည်လည်း လိုအပ်ခြင်းကြောင့် ယင်းတို့ကို ရည်မှန်းချက် ကိုးရပ်အနေဖြင့် ဝန်ကြီးဌာနမှ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းတစ်ခုဖြစ်လာစေရန်အတွက် မဟာဗျူဟာရည်မှန်းချက်များချမှတ်ကာ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေး အက်ဥပဒေနှင့်အညီ ၁၉၅၆ခုနှစ်ကတည်းကပင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ လူမှုဖူလုံရေးအာမခံထားရှိသည့် အလုပ်သမားများအား ပိုမိုထိရောက်သည့် အကျိုးခံစားခွင့်များ ပေးအပ်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လူမှုဖူလုံရေး အာမခံထားရှိသည့် အလုပ်သမားများအား ပိုမိုထိရောက်သည့် လူမှုဖူလုံရေးဥပဒေအရ အကာအကွယ်ပေးနိုင်ခဲ့သည်မှာ သုံးနှစ်ကျော်ခန့်ရှိခဲ့ပြီဖြစ်သည်။

လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို ထိရောက်မြန်ဆန်စွာ ပေးအပ်နိုင်ရန်နှင့် အားလုံးယုံကြည်ကိုးစားရသည့် လူမှုဖူလုံရေးစီမံကိန်းကြီးဖြစ်ပေါ်

> “လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို ထိရောက်မြန်ဆန်စွာ ပေးအပ်နိုင်ရန်နှင့် အားလုံးယုံကြည်ကိုးစားရသည့် လူမှုဖူလုံရေးစီမံကိန်းကြီးဖြစ်ပေါ်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ သတင်းအချက်အလက်နည်းပညာကဏ္ဍ၊ စီမံခန့်ခွဲမှုကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ စသည့် ကဏ္ဍလေးခုတွင် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း”

စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ သတင်းအချက်အလက်နည်းပညာကဏ္ဍ၊ စီမံခန့်ခွဲမှုကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ စသည့် ကဏ္ဍလေးခုတွင် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးကြီးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် လူမှုဖူလုံရေးစီမံကိန်းကို ခေတ်မီနည်းပညာများ အသုံးပြုကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတစ်ဝန်းရှိ ဆေးရုံ၊ ဆေးခန်းများနှင့် ပူးပေါင်း၍ Provider-Purchaser Split ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ နည်းပညာရပ်ဆိုင်ရာ အကူအညီများကို ရယူဆောင်ရွက်လျက်ရှိပြီး ယခုထက် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးထံက သိရှိရသည်။

မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ လူမှုဖူလုံရေး အဖွဲ့အစည်းများဖြစ်ကြသည့် International Social Security Association – ISSA နှင့် Asean Social Security Association – ASSA တို့တွင် အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ထားခဲ့ပြီး ဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ် ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး အစည်းအဝေးများကို ၂၀၁၆ ခုနှစ်အထိ စုစုပေါင်း ငါးကြိမ်ခန့်ကျင်းပနိုင်ခဲ့ကြောင်း သိရှိရသည်။ ယခုကျင်းပသည့် အမျိုးသားအဆင့် လူမှုဖူလုံရေး အစည်းအဝေးသည် ခြောက်ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

နိုင်ငံတကာတွင် လူမှုအကာအကွယ်ပေးရေး (Social Protection) အစီအစဉ်များအတွက် အစိုးရသည် ပုံစံအစီအစဉ် နှစ်မျိုးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ပထမပုံစံမှာ အလုပ်သမားများသည် အဆိုပါအစီအစဉ်ထံသို့ ထည့်ဝင်ကြေး ထည့်သွင်းရပြီး ယင်းသို့ ထည့်ဝင်ကြေးကောက်ခံရရှိသည့်အပေါ်တွင် Social Insurance အနေဖြင့် ပြန်လည်ပေးအပ်သည့် အစီအစဉ်ဖြစ်သည်။ ဒုတိယအစီအစဉ်ပုံစံမှာ အလုပ်သမားများထံမှ မည်သည့် ထည့်ဝင်ကြေးမျှ ကောက်ခံထားခြင်းမရှိသည့် Social Assistance အစီအစဉ်နှင့် Cash Transfer အစီအစဉ်များကို ထားရှိကြောင်း သိရှိရသည်။

ယခုအခါ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ကို ကျစ်ကျစ်လျစ်လျစ်ဖြင့် လုပ်ငန်းများ အောင်မြင်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ် ၂၀ ဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားပြီး အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို ထိရောက်မြန်ဆန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဖေဖော်ဝါရီ ၁၆ရက်က ကျင်းပသည့် အစည်းအဝေးသို့ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဝင်၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးအတွင်း ဆွေးနွေးကြမည့် အစီအစဉ်ပါ အကြောင်းအရာများအပြင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်ကြီးများ၏ ကျွမ်းကျင်မှု၊ ရင့်ကျက်သည့် အတွေးအခေါ်၊ အမြော်အမြင်၊ အတွေ့အကြုံကောင်းများကို အခြေခံကာ ပွင့်လင်းစွာဖြင့် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း ဆွေးနွေးပေးကြရန်နှင့် အကြံဉာဏ်ကောင်းများ ပေးအပ်ကြရန် ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။ တက်ရောက်လာသည့် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များကလည်း လူမှုဖူလုံရေး ပိုမိုအားကောင်းလာစေရန်အတွက် လိုအပ်သည့် အကြံဉာဏ်များ၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် အလုပ်သမားများအတွက် လိုအပ်ချက်၊ ဖြည့်ဆည်းချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

“အပြည်ပြည်ဆိုင်ရာမှာ လုပ်ကိုင်နေကြတဲ့ လူမှုဖူလုံရေးအဖွဲ့တွေကဲ့သို့ပဲ ကျွန်တော်တို့ရဲ့ လူမှုဖူလုံရေးအဖွဲ့ကြီးကလည်း လျှောက်လှမ်းရမယ့် အနာဂတ်ခရီးလမ်းမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ တွေ့ကြုံရမှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်ကိုယ်စားလှယ်တော်ကြီးတွေအနေနဲ့ နိုင်ငံတော်၊ အလုပ်ရှင်၊ အလုပ်သမားများ အားလုံးရဲ့ အကျိုးကျေးဇူးကို ရှေးရှုပြီး မိမိတို့ အတူတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်”ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

အဆိုပါအခမ်းအနားအတွင်း လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် လူမှုဖူလုံရေးအဖွဲ့ဌာနတာဝန်ခံများက လုပ်ငန်းဆောင်ရွက်ချက်အမှာစကားများကို အသီးသီး ရှင်းလင်းတင်ပြပေးကြပြီး အစည်းအဝေးတက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေးမှ ဆွေးနွေးချက်အပေါ် မှတ်တမ်းအတည်ပြုချက် ၁၆ ချက်နှင့် ဆုံးဖြတ်ချက် ၆၆ ချက်တို့ကို သဘောတူညီမှုရရှိခဲ့ပြီး အတည်ပြုဆုံးဖြတ်ပေးနိုင်ခဲ့သဖြင့် အာမခံကြေးထည့်ဝင်ထားသည့် အလုပ်သမားများအတွက် ပိုမိုကောင်းမွန်သည့် လူမှုဖူလုံရေးစောင့်ရှောက်မှုများကို မကြာမီကာလအတွင်း ပိုမိုတိုးချဲ့ပေးအပ်နိုင်တော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

က မ္ဘာ့ အား က စား

# ဝိတ်တန်းတက်ထိုးမယ့် အောင်လအန်ဆန်(မြန်မာစပါးအုံးမြွေ) ရဲ့ ပဉ္စမမြောက် အမိမြေစိန်ခေါ်ပွဲ

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)

**ယနေ့ ပြည်သူများစိတ်ဝင်စားနေတဲ့ အောင်လအန်ဆန် (မြန်မာစပါးအုံးမြွေ) ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မယ့် Mix Martial Art (ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲကြီး)ကို ယခုလာမယ့် ဖေဖော်ဝါရီ ၂၃ ရက်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဆဋ္ဌမအကြိမ် ကျင်းပတော့မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း ၂၀၁၅ ခုနှစ်က စတင်ခြေချခဲ့တဲ့ MMA ပြိုင်ပွဲကြီးဟာ ထိုင်းနိုင်ငံအခြေစိုက် One Championship အဖွဲ့ကဦးဆောင်ကာ ကမ္ဘာ့နိုင်ငံအများစုသို့ လစဉ်လှည့်လည်ကျင်းပနေပါတယ်။ သုံးနှစ်ကာလအတွင်း MMA ပြိုင်ပွဲတွေကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် ကျင်းပခဲ့တာပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃ ရက်က ငါးကြိမ်မြောက်ကျင်းပခဲ့ပြီး ယခုလာမယ့် ဖေဖော်ဝါရီ ၂၃ ရက်ပွဲဟာ မြန်မာနိုင်ငံအနေနဲ့ ဆဋ္ဌမအကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာ ဖြစ်ပါတယ်။ အိမ်ရှင်အဖြစ် ဆဋ္ဌမအကြိမ်မြောက် ကျင်းပမယ့် MMA ပြိုင်ပွဲရဲ့ လိုက်ဟဲဗီးဝိတ်ရွှေခါးပတ်လုပွဲမှာ ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်ဟာ ဘရာဇီးနိုင်ငံသား အလက်ဇန္ဒားမချာဒိုနဲ့ စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပါတယ်။ ဒီပွဲဟာ အောင်လအန်ဆန်(မြန်မာစပါးအုံးမြွေ)ရဲ့ ဝိတ်တန်းတက်ထိုးရမယ့် ပွဲတစ်ပွဲဖြစ်သလို ငါးကြိမ်မြောက် အမိမြေစိန်ခေါ်ပွဲလည်း ဖြစ်ပါတယ်။**



မြန်မာနိုင်ငံ ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်ဟာ ၂၀၁၆ ခုနှစ် မတ် ၁၈ ရက်တွင် မြန်မာနိုင်ငံမှာ ဒုတိယအကြိမ်ကျင်းပတဲ့ MMA ပြိုင်ပွဲမှာ အီဂျစ်နိုင်ငံသား မိုဟာမက်အလီနဲ့ စတင်ယှဉ်ပြိုင်ထိုးသတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာ အီဂျစ်နိုင်ငံသား မိုဟာမက်အလီကို ဂျူဂျစ်စုနည်းနဲ့ အနိုင်ရခဲ့ပြီးနောက် ငါးလအကြာ စက်တင်ဘာ ၆ ရက်မှာ ပိုလန်နိုင်ငံသား မိုက်ကယ်ပတ်စတားနက်နဲ့ ဒုတိယမြောက်ယှဉ်ပြိုင် ထိုးသတ်ရာမှာလည်း အမှတ်နဲ့အနိုင်ရခဲ့ပါတယ်။ အဲဒီနောက် အောင်လအနေနဲ့ မြန်မာနိုင်ငံမှာ တတိယမြောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ MMA မစ်ဒယ် ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲမှာတော့ ချန်ပီယံ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ရာမှာ အမှတ်နဲ့ အနိုင်ရခဲ့ပြန်ပါတယ်။ ယင်းနောက် MMA မစ်ဒယ် ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကြီးကို၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်မှာ သဃ်န်းကျွန်း မြို့နယ် သုဝဏ္ဏ

ကြားခဲ့တာ ဖြစ်ပါတယ်။

ယခု လိုက်ဟဲဗီးဝိတ်တန်း ရွှေခါးပတ်ကိုလုမယ့် အောင်လအန်ဆန်နဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် တစ်ဖက်ပြိုင်ဘက်ကစားသမား ဘရာဇီးနိုင်ငံသား အလက်ဇန္ဒားမချာဒိုဟာ လက်ရှိ ၂၀၅ ပေါင် လိုက်ဟဲဗီးဝိတ်တန်းမှာ ထိပ်သီးဖိုက်တာတစ်ဦး ဖြစ်ပါတယ်။ အောင်လအန်ဆန်ထက် MMA အတွေ့အကြုံပိုင်း၊ သမ္မာပိုင်းနဲ့ပညာပိုင်းမှာ ပိုစုံလင်တဲ့ လက်ဝှေ့ကျော်တစ်ဦးဖြစ်သလို လက်ရှိမှာလည်း အမေရိကန် ကမ္ဘာ့ထိပ်သီးသိုင်းပေါင်းစုံကလပ်တစ်ခုမှာ ကြိုတင်လေ့ကျင့်နေတယ်လို့ သိရပါတယ်။ မချာဒိုဟာ လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်အများစုကို ဂျူဂျစ်စုနည်းနဲ့ အနိုင်ယူထားပြီး လက်ရှိ အောင်လအန်ဆန်ကိုလည်း ငါးချီမပြည့်ခင်မှာပင် ပွဲအဆုံးသတ်နိုင်မယ်ဟု ကြုံးဝါးပါတယ်။

"အောင်လအန်ဆန် ဟာ တကယ်တော့ MMA လောကမှာ နာမည်ကောင်းတစ်ခုနဲ့ ကျော်ကြားနေတဲ့ လက်ဝှေ့ကျော် တစ်ဦးပါ၊ လက်ရှိမှာလည်း MMA ကမ္ဘာ့ မစ်ဒယ်ဝိတ်တန်း ချန်ပီယံ တစ်ဦးဆိုတာ အားလုံး သိ ပါ တယ်၊ ဒါပေမယ့် ဒီ လိုက်ဟဲဗီး

One Championship ပြိုင်ပွဲတွေကို ပြန်လည်သုံးသပ်ကြည့်ရင်တော့ အောင်လအန်ဆန် နိုင်ပွဲအများစုဟာ ပထမချီ၊ ဒုတိယအချီအတွင်းမှာပဲ တစ်ဖက်ပြိုင်ဘက်ကို အသာစီးယူယှဉ်ပြိုင်ခဲ့သည်များရှိနေပါတယ်။ အောင်လအန်ဆန်အနေနဲ့ ငယ်ဂုဏ်ရှိလို့ သက်လုံချွေကာ ယှဉ်ပြိုင်ကစားပါမှ တစ်ဖက်ပြိုင်ဘက် မချာဒိုအပေါ် အခွင့်အရေးကောင်းတစ်ရပ်ရမှာ ဖြစ်ပါတယ်။ သူတစ်ပြန်ကိုယ်တစ်လှည့် တိုက်စစ်ဖွင့်ကစားရင်တော့ အောင်လအန်ဆန်အနေနဲ့ ကျားတစ်ကောင်ကို အားမတန်လို့ မာန်လျှော့လိုက်ရတဲ့ သမင်တစ်ကောင်လို အရေးနိမ့်ဖွယ်ရှိနေပါတယ်။ အောင်လအန်ဆန်ဟာ ပြီးခဲ့တဲ့ MMA ကမ္ဘာ့ချန်ပီယံမစ်ဒယ်ဝိတ်တန်း ခါးပတ်လုပွဲမှာ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို ကစ်ဘောက်ဆင်နည်းနဲ့

ကျင်းပမယ့် ယခု MMA ပြိုင်ပွဲမှာ အဓိက Main Fight ပွဲစဉ်အနေနဲ့ အောင်လအန်ဆန်နှင့် အလက်ဇန္ဒားမချာဒို၊ အခြားတွဲဆိုင်းများမှာ Phoe Thaw Vs Sor Sey၊ Dae Hwan Kim Vs Daichi Takenaka ၊ Doen Rosauro Vs Li Kai Wen၊ Ev Ting Vs Arien Sexton၊ Amir Khan Vs Timofey Nastyukhin၊ Saw Min Min Vs Ye Thway Ne၊ အမျိုးသမီးပွဲစဉ်များဖြစ်တဲ့ Krisna Limbaga Vs Prisdlla Hertatiwm နှင့် Bozhena Antoniyar Vs Shwe Sin တို့အပါအဝင် စုစုပေါင်း တွဲဆိုင်းရှစ်ဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်ပါတယ်။

ယခုယှဉ်ပြိုင်ထိုးသတ်မယ့် လိုက်ဟဲဗီးဝိတ်တန်း ရွှေခါးပတ်လုပွဲဟာ ဂျူဂျစ်စုကစားသမားနှစ်ဦးတို့ ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်ပါတယ်။ အောင်လအန်ဆန်ဟာ သူကျွမ်းကျင်ရာ ဂျူဂျစ်စုနည်းနဲ့ ယှဉ်ပြိုင်အနိုင်ယူမလား၊ အမှတ်ပေးစနစ်ဖြစ်၍ ကစ်ဘောက်ဆင်နည်းနဲ့ပဲ ယှဉ်ပြိုင်ကာ အနိုင်ယူမလား မြန်မာပြည် အောင်လအန်ဆန် ချစ်ပြည်သူများ စိတ်ဝင်တစားဖြစ်နေကြပါတယ်။ အောင်လအန်ဆန်ဟာ ယှဉ်ပြိုင်ထိုးသတ်မယ့် ယခုပွဲအတွက် အမေရိကားမှ မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်၍ မျှားမကြာမီ ဖေဖော်ဝါရီ ၂၃ ရက် ည ၆ နာရီမှာတော့ ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ မိုးလုံ လေ လုံ အားကစား



"သုံးချီအတွင်း မချာဒိုကိုအနိုင်ယူကာ လိုက်ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို အမိမြေပေါ်မှာ သိမ်းပိုက်မယ်လို့ ကြုံးဝါး"

**အောင်လအန်ဆန်**

မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ရာ အဆိုပါရွှေခါးပတ်လုပွဲမှာ မြန်မာနိုင်ငံ ကချင်ပြည်နယ်ဖွားအောင်လအန်ဆန်ကို အားပေးသူပရိသတ်သုံးသောင်းကျော်အထိ စံချိန်တင် များပြားခဲ့ပါတယ်။ One Championship အဖွဲ့ကြီးက ကြီးမှူးကျင်းပတဲ့ MMA ပြိုင်ပွဲတွေကို မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၈ ရက်က စတင်ကျင်းပခဲ့ရာ ယခုအကြိမ်ဟာ ဆဋ္ဌမမြောက်ကျင်းပမှာဖြစ်ပါတယ်။ ယခုဆဋ္ဌမ မြောက်ပွဲမှာ မြန်မာနိုင်ငံ ကချင်ပြည်နယ်ဖွား လက်ရှိ MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ အောင်လအန်ဆန်အနေနဲ့ ဝိတ်တန်းတက်ထိုးရမှာဖြစ်လို့ ယခင်ပွဲများထက် အမှန်တကယ် ရှန်းကန်ရမှာဖြစ်ပါတယ်။ အောင်လနဲ့ ယှဉ်ပြိုင်ထိုးသတ်ရမယ့်ပြိုင်ဘက်ဟာ လိုက်ဟဲဗီးဝိတ်တန်းမှာ ယှဉ်ပြိုင်ထိုးသတ်နေတဲ့ လက်ဝှေ့ကျော်တစ်ဦးဖြစ်သလို ဂျူဂျစ်စုနည်းပညာမှာ သူမတူ ပြိုင်ဘက်ကင်းနေတဲ့ လက်ဝှေ့ကျော်တစ်ဦးလည်း ဖြစ်နေပါတယ်။

အောင်လအန်ဆန်(မြန်မာစပါးအုံးမြွေ)ဟာ MMA လက်ရှိ ကမ္ဘာ့မစ်ဒယ်ဝိန်တန်းချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ပြီးနောက် ယခုစိန်ခေါ်ထိုးသတ်မယ့်ပွဲဟာ ဒုတိယမြောက်ပွဲဖြစ်ပါတယ်။ ဒီပွဲဟာ မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်နဲ့ မဆိုင်ဘဲ ပိုင်ရှင်မဲ့နေတဲ့ လိုက်ဟဲဗီးဝိတ် ချန်ပီယံရွှေခါးပတ်ကိုသာ ယှဉ်ပြိုင်လုခြင်းဖြစ်ပါတယ်။ MMA ရဲ့ လိုက်ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို ယခင်က ရော်ဂျာဂရေဆီ ချန်ပီယံဖြစ်ခဲ့ပြီး ယခုအခါ ၎င်း အနားယူ သွားသဖြင့် အောင်လအန်ဆန်နှင့် လိုက်ဟဲဗီး ဝိတ်တန်းမှ မချာဒိုတို့ ယှဉ်ပြိုင်လုကြခြင်းဖြစ်ပါတယ်။ ဒီလိုက်ဟဲဗီးဝိတ်တန်းပွဲမှာ အောင်လအန်ဆန်အနိုင်ရပါက ခါးပတ်နှစ်ခု ပိုင်ရှင်ဖြစ်လာမှာ ဖြစ်ပါတယ်။

လက်ရှိမှာ အောင်လအန်ဆန်ဟာ အသက် ၃၃ နှစ်၊ အရပ် ၆ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ၁၈၅ ပေါင်ရှိပြီး လတ်တလောလက်ရှိ MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံတစ်ဦး ဖြစ်ပါတယ်။ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ One Championship ပြိုင်ပွဲ ၃၁ ပွဲမှာ နိုင်ပွဲ၂၁ပွဲ၊ ရှုံးပွဲ ၁၀ ပွဲ ရလဒ်ပိုင်ဆိုင်သော လက်ဝှေ့ကျော်တစ်ဦး ဖြစ်ပါတယ်။ ပြိုင်ဘက်တိုင်းကို ဂျူဂျစ်စုနည်းနဲ့ အဓိကအားထားကစားလေ့ရှိပြီး ယင်းနည်းဖြင့်ပင် ပြိုင်ဘက်များအား အနိုင်ယူခဲ့ခြင်းကြောင့် မြန်မာ့ရိုးရာလက်ဝှေ့နယ်ပယ်မှ ဆိုရိုးစကားဖြစ်သော ချုပ်သိုင်းပိုင်၍ လုပ်တိုင်းနိုင်သည့် မြန်မာစပါးအုံးမြွေဟုပင် ကမ္ဘာ့အလယ်တွင် ကျော်

ဝိတ်တန်း ရွှေခါးပတ်ကိုတော့ သူ့လက်ထဲကို လွယ်လွယ်နဲ့ ကျွန်တော်ထည့်ပေးလိုက်မှာ မဟုတ်ပါဘူး။ ကျွန်တော်လည်း လိုက်ဟဲဗီးဝိတ်ချန်ပီယံဖြစ်ရေး ကြိုးစားနေတဲ့သူမို့ ဆုံမှတ်ချင်းတူနေကြတဲ့ ပြိုင်ဘက်တွေဖြစ်တာကြောင့် ဒီပွဲဟာပြိုင်ဆိုင်မှုပြင်းထန်မယ့် ပွဲတစ်ပွဲဖြစ်မယ်လို့ထင်ပါတယ်၊ အဓိက သူ့ကိုကျွန်တော် Stand Fight နဲ့ အနိုင်ယူမှာ မဟုတ်ပါဘူး၊ Ground Fight နဲ့ အနိုင်ယူမှာ ဖြစ်ပါတယ်" ဟု မချာဒိုကပွဲကြို ရင်ဖွင့်ထားပါတယ်။

One Championship ပြိုင်ပွဲအတွေ့အကြုံများအရပညာပိုင်း၊ သမ္မာပိုင်းအရ ကြည့်မယ်ဆိုရင် မချာဒိုက အားသာချက်များရှိသော်လည်း အိမ်ရှင်အားသာချက်နဲ့ သက်လုံပိုင်းအရ ကြည့်မယ် ဆိုရင် အောင်လအန်ဆန်က အားသာချက်ရှိပြန်ပါတယ်။ အောင်လနဲ့ မချာဒိုမှာ ပညာ၊ သမ္မာအရ ကွာခြားနေသလို အသက်ပိုင်းခြားအရလည်း မချာဒိုက အောင်လနဲ့ အနည်းငယ်ကွာခြားမှုရှိနေတာကြောင့် သမ္မာကပဲ စားသွားမလား၊ သက်လုံပိုင်းကပဲ စားသွားမလားစောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

အောင်လအန်ဆန်ရဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့

"ကျွန်တော်လည်း လိုက်ဟဲဗီးဝိတ်ချန်ပီယံဖြစ်ရေး ကြိုးစားနေတဲ့သူမို့ ဆုံမှတ်ချင်းတူနေကြတဲ့ ပြိုင်ဘက်တွေဖြစ်တာကြောင့် ဒီပွဲဟာပြိုင်ဆိုင်မှု ပြင်းထန်မယ့် ပွဲတစ်ပွဲဖြစ်မယ်လို့ ထင်ပါတယ်"

**မချာဒို**

ပညာသုံးအမှတ်ယူကာ အနိုင်ရခဲ့ပါတယ်။ ယခုစိန်ခေါ်ပွဲမှာ ဘယ်နည်း၊ ဘယ်ပုံနဲ့ ယှဉ်ပြိုင်ထိုးသတ်မည်ဆိုတာ လတ်တလောဖွင့်ဟပြောဆိုခြင်းမရှိသေးသော်လည်း သုံးချီအတွင်း မချာဒိုကိုအနိုင်ယူကာ လိုက်ဟဲဗီးဝိတ်ချန်ပီယံ ရွှေခါးပတ်ကို အမိမြေပေါ်မှာ သိမ်းပိုက်မယ်လို့တော့ ကြုံးဝါးနေပါတယ်။

ခြောက်ကြိမ်မြောက် အိမ်ရှင်အဖြစ်လက်ခံပြိုင်ပွဲရုံကြီးမှာ ယှဉ်ပြိုင်ထိုးသတ်တော့မှာပါ။ ဆုံမှတ်ချင်းတူနေတဲ့ အောင်လအန်ဆန်အနေနဲ့ အမိမြေပေါ်၌ ပဉ္စမမြောက်ယှဉ်ပြိုင်ထိုးသတ်မယ့် လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို မျှော်မှန်းထားသည့်အတိုင်း အမှန်တကယ် ကိုင်မြှောက်နိုင်မည်လား၊ ညွှ့်သည်အလက်ဇန္ဒားမချာဒိုပဲ ပိုင်ဆိုင်ခွင့်ရမည်လားစောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။ ။

### ဖခင်အမည်မှန်

စစ်ကိုင်းပညာရေး တက္ကသိုလ် နောက်ဆုံးနှစ်မှ မနန္ဒာဝင်း၊ မုံရွာ ပညာရေးကောလိပ် ဒုတိယနှစ်မှ မသင်းအိန္ဒြာ၊ ကျွန်းလှမြို့နယ် ညောင်ကိုင်း အထက စတုတ္ထတန်းမှ မဆုမွန်မွန်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဝင်းထွန်း ၅/ကလန(နိုင်)၀၃၃၂၅၅ ဖြစ်ပါကြောင်း။

**ဦးဝင်းဝင်းထွန်း**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ မော်တော်ကျေးရွာ-လ(ခွဲ)ကျောင်း အဋ္ဌမတန်းမှ မောင်ပိုင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးချစ်စန်းမောင် ၅/ကလန(နိုင်)၁၅၂၈၇၃ ဖြစ်ပါကြောင်း။

**ဦးချစ်စန်းမောင်**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ချပ်ကြီး အလက ပထမတန်းမှ မအဲနဒီဝင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဝင်းလှိုင် ၅/ကဘလ(နိုင်)၁၄၈၆၆၉ ဖြစ်ပါကြောင်း။

**ဦးဝင်းဝင်းလှိုင်**

**အောင်ပြည့်စုံ**

**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း**

**မြို့တွင်း/နယ်ဝေးများအတွက်**

**ဈေးနှုန်းချိုသာစွာဖြင့်**

**Box ကားမျိုးစုံဖြင့်**

**အလုပ်သမား စီစဉ်ပေးသည်။**

**09 250095114**

**09 421041338**

**09 73224763**

### မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဖျာသီးအထက်တန်းကျောင်း(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ခိုင်မျိုး၏ မိခင်အမည်မှန်မှာ ဒေါ်ထားရီ ၈/မမန(နိုင်)၁၀၇၇၃၅ ဖြစ်ပါကြောင်း။

**ဒေါ်ထားရီ**

### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
### တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန
### မြို့ဝင် Toll Gate (၁၁)ခု တည်ဆောက်ခြင်းလုပ်ငန်း
### အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက်နှင့်
### ဖွင့်ဖောက်စစ်ဆေးမည့်နေ့ရက် ဒုတိယအကြိမ်ပြင်ဆင်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန တင်ဒါကော်မတီသည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့ဝင် Toll Gate (၁၁)ခု ဆောင်ရွက်ရန် ၃-၁-၂၀၁၈ ရက် မြန်မာ့အလင်းသတင်းစာတွင် တင်ဒါကြော်ငြာထည့်သွင်းခဲ့ပြီး လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်သည့်နေ့ရက်များကို ၂၅-၁-၂၀၁၈ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၄၊ ကော်လံ ၁/၂ တွင် ထပ်မံကြော်ငြာခဲ့ပါသည်။

၂။ သို့ရာတွင် တည်ဆောက်မည့် Toll Gate များ၏ ဒီဇိုင်းပုံစံ ပြန်လည်ရေးဆွဲနေခြင်းကြောင့် သတင်းစာကြော်ငြာပါနေ့ရက်များတွင် ဆောင်ရွက်နိုင်ခြင်းမရှိပါ၍ အောက်ပါအတိုင်း ဒုတိယအကြိမ် ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ပါကြောင်းနှင့် သိရှိလိုသောအချက်များကို တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း-၀၉-၈၅၃၁၂၉၆၆၀၊ ၀၉-၈၇၆၆၈၀၄၇၉၊ ၀၉-၇၇၈၁၁၆၆၃၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၃-၂-၂၀၁၈ ရက်
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၅-၃-၂၀၁၈ ရက် ၁၀:၀၀နာရီ
(ဂ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့် ရက်/အချိန်** - ၅-၃-၂၀၁၈ ရက် ၁၁:၀၀နာရီ

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန**

### မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝယ်တောင်(တ) ကျေးရွာ အထက်တန်းကျောင်း(ခွဲ) စတုတ္ထတန်း (A)မှ မဇွန်မီမီထွန်း၏ မိဘအမည်မှန်မှာ ဦးမောင်ဖုန်း ၈/မမန(နိုင်)၁၅၀၂၀၅ နှင့် ဒေါ်ရွှေပိုင် ၈/မမန(နိုင်)၂၁၈၉၂၁ ဖြစ်ပါကြောင်း။

**ဦးမောင်ဖုန်း-ဒေါ်ရွှေပိုင်**

### မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝယ်တောင်(တ) ကျေးရွာ အထက်တန်းကျောင်း(ခွဲ) ပဥ္စမတန်း (A) မှ မောင်စည်သူထွန်း၏ မိဘအမည်မှန်မှာ ဦးကံဆင့် ၈/မမန(နိုင်)၁၆၂၆၆၃၊ ဒေါ်မာတာ ၈/မမန(နိုင်)၂၄၂၆၃၀ ဖြစ်ပါကြောင်း။

**ဦးကံဆင့်-ဒေါ်မာတာ**

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် Steering Training နှင့် Welding သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရန်အတွက် Full featured, advanced and scalable virtual reality welding trainer Simulator နှင့် Steering simulator ကို ဝယ်ယူတပ်ဆင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

(က) Welding Simulator
 (၁) Product
  - Full featured, advanced and scalable welding simulator.
 (၂) Features
  - Rich, vivid graphics and feature real-world welding and fume removal equipment.
  - The system even replicates proper machine set-up. Before they can "weld", students must enter the proper material type, process. Gas flow and amperage/voltage/wire-feed speed into the system.
  - Multiple views show accurate, real-time measurement of such key variables as contact tip to work distance, work angle, travel angle, travel speed and position.
  - Advanced Scoring Module
  - AWS Bend Test, GMAW Aluminium, GMAW Stainless
 (၃) Instructor Workstation
  - Automated Evaluation and assessment system

(ခ) **Steering Simulator**
 (၁) Product
  - Steering Simulator
 (၂) Scope of Supply
  - Instructor Station;
  - Trainee Station;
  - Visualization software module (3 channels)
  - Exercise Resources;
  - 5 own ship models, 15 Target ship models, 5 Exercise Areas.
 (၃) Simulator components.
  - Steering wheel/ Magnetic & Gyro Compass Display/Auto and Manual Changeover controls/NFU/ FU Steering control/Visual display/ Alarm system/ Rudder angle & order indicator/Auto pilot settings/ROTI/ Engine Order Telegraph.

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
 (က) **တင်ဒါပုံစံရယူရန်** - ၂၇-၂-၂၀၁၈ ရက်မှ ၇-၃-၂၀၁၈ ရက်အထိ
 (ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၂၀-၃-၂၀၁၈ ရက် (၁၅:၀၀နာရီထိ)
 (ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
 (ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂၃-၃-၂၀၁၇ ရက် ၁၀:၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၅၀၆၈၂၅၃ နှင့် ၀၉-၅၁၈၂၇၆၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
### ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများအတွက်
## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ နေပြည်တော်၊ ရွာမ(ရန်ကုန်)နှင့် မန္တလေးမြို့များရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ဖော်ပြပါ ကျွမ်းကျင်မှုအခြေပြုကာလတို (၃)လသင်တန်းများကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်တွင် ဖွင့်လှစ်ပါမည်။
 (၁) Bricklaying (အုတ်စီကျွမ်းကျင်သင်တန်း)
 (၂) Barbending (သံချည်သံကွေးကျွမ်းကျင်သင်တန်း)

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-
 (၁) မူလတန်းအောင်မြင်ပြီး အသက် ၁၈ နှစ်ပြည့်ပြီး ၄၀ထက် မကျော်လွန်သူဖြစ်ရမည်။
 (၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
 (၃) သင်တန်းပြီးဆုံးအောင်တက်ရောက်နိုင်သူဖြစ်ရမည်။
 (၄) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများပါရှိရပါမည်-
 (၁) လျှောက်လွှာမူရင်း (၁)စောင်။
 (၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၁)စောင်။
 (၃) လိုင်စင်ဓာတ်ပုံ (၃)ပုံ။
 (၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံစာမူရင်း(သို့မဟုတ်) မြို့နယ်ရဲစခန်းမှထောက်ခံစာမူရင်း။
 (၅) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း။

၄။ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ အောက်ပါနေရာများတွင် လျှောက်လွှာများရယူ လျှောက်ထားနိုင်ပါသည်-
 (၁) အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)
  (ဆက်သွယ်ရန်ဖုန်း-၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅/၆)
 (၂) အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)
  (ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၀၃၇၇၁၈၈၊ ၀၁-၆၄၁၆၉၆)
 (၃) အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး)
  (ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၁၃၇၁၂၇၄၊ ၀၂-၅၁၅၂၁၉၂)

(လျှောက်လွှာများကို ၁၆-၂-၂၀၁၈ ရက်မှ ၁၉-၂-၂၀၁၈ရက်အထိ နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀နာရီအထိ သက်ဆိုင်ရာကျောင်းအသီးသီးတွင် ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးတင်ရမည့်ရက်မှာ ၁၉-၂-၂၀၁၈ရက် ဖြစ်ပါသည်။ ၂၀-၂-၂၀၁၈ရက်တွင် လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။)

၅။ သင်တန်းကို ကျား/မ မရွေးလျှောက်ထားနိုင်ပြီး၊ သင်တန်းတစ်ခုလျှင် သင်တန်းသား/သူ ၁၂ဦးလက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းကြေးမှာအခမဲ့ဖြစ်ပြီး သင်တန်းသား/သူများအတွက် အစားအသောက်နှင့် နေထိုင်ရန် အဆောင်စီစဉ်ပေးမည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းနှင့် လုပ်ငန်းစတင်လုပ်ကိုင်လိုသူများ လိုင်စင်အသစ်လျှောက်ထားရန် နှိုးဆော်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ခွင့်ပြုထုတ်ပေးထားသော ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင်များသည် ၂၀၁၈ ခုနှစ် မတ် ၃၁ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသဖြင့် သက်တမ်းကုန်ဆုံးသောရက်မတိုင်မီ နောင်လာမည့်နှစ်အတွက် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းနှင့် လုပ်ငန်းစတင်လုပ်ကိုင်လိုသူများအနေဖြင့် လိုင်စင်အသစ်လျှောက်ထားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းနှင့် လိုင်စင်အသစ်လျှောက်ထားခြင်းများအတွက် အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းမိတ္တူများနှင့်အတူ လျှောက်လွှာကို ပြည်နယ်/တိုင်းဒေသကြီးများရှိ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီရုံးများတွင် ၂၀၁၈ခုနှစ် မတ် ၁၆ရက် နောက်ဆုံးထား၍ တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်-

(က) **လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း**
 - နိုင်ငံသားစိစစ်ရေးကတ်ပြား
 - စည်ပင်သာယာရေးအဖွဲ့၏လုပ်ငန်းလိုင်စင်
 - မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်
 - ပြည်တွင်းအခွန်များဦးစီးဌာန၏အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်

(ခ) **လိုင်စင်အသစ်လျှောက်ထားခြင်း**
 - နိုင်ငံသားစိစစ်ရေးကတ်ပြား
 - စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလိုင်စင်
 - မီးသတ်ဦးစီးဌာန၏ထောက်ခံချက်
 - ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်
 - မြေပိုင်ဆိုင်မှု(သို့)မြေအသုံးပြုခွင့်ဆိုင်ရာ အထောက်အထား
 - ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်

၃။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များသည် ၂၀၁၈ခုနှစ် မတ် ၁၉ရက်မှ ၃၀ရက်အတွင်း သက်ဆိုင်ရာလုပ်ငန်းနေရာများသို့ ကွင်းဆင်းစစ်ဆေးစိစစ်ပြီးသတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသူများအား လိုင်စင်သက်တမ်းတိုးပေးခြင်းနှင့်လိုင်စင်အသစ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ လိုင်စင်သက်တမ်းတိုး/အသစ်လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီရုံးများတွင်ရယူနိုင်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၅။ သက်တမ်းတိုးရန်ပျက်ကွက်ပါက ၁-၄-၂၀၁၈ရက်မှစတင်၍ ရက်လွန်ဒဏ်ကြေးအဖြစ် တစ်ရက်လျှင် လိုင်စင်ကြေး၏ ၁% ကိုပေးဆောင်ရမည်ဖြစ်ပြီး ၃လကျော်လွန်ပါက လိုင်စင်ဖျက်သိမ်းမည်ဖြစ်ပါသည်။

၆။ လိုင်စင်သက်တမ်းတိုးလျှောက်ထားသူများအား ထုတ်ပေးထားသည့် လိုင်စင်ကတ်အဟောင်းကို ပြန်လည်သိမ်းယူမည်ဖြစ်ပြီး ပျောက်ဆုံးခဲ့ပါက လိုင်စင်ကြေး၏ ၅၀% အား ဒဏ်ကြေးအဖြစ်ပေးသွင်းရမည်ဖြစ်ပါသည်။ လိုင်စင်သက်တမ်းတိုး/အသစ်လျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၀၈၂ နှင့် ၀၆၇-၃၄၁၁၀၉၃ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

### ဖခင်အမည်မှန်

သာယာဝတီခရိုင်၊ လက်ပံတန်းမြို့၊ အထက (၁) လက်ပံတန်း၊ တက္ကသိုလ်ဝင်တန်း (G) မှ မောင်မြတ်စည်သူထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၇/လပတ(နိုင်)၀၈၉၁၃၂ ဖြစ်ပါသည်။

**ဦးထွန်းထွန်းနိုင်**

### ပြန်ကြားရေးဝန်ကြီးဌာန
### သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
### စက္ကူ၊ မင်၊ ပလိတ်၊ ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် ပုံနှိပ်စက် စက်အရန်ပစ္စည်းများဝယ်ယူရန်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်၊ ပလိတ်၊ ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် ပုံနှိပ်စက် စက်အရန်ပစ္စည်းများကို နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | | |
|---|---|---|---|---|
| (က) | နိုင်ငံခြားစက္ကူ ၃၀"(Standard)45Gsm | - | ၄၀၀၀တန် | နိုင်ငံခြားငွေ |
| (ခ) | Web Ink(Black) | - | ၅၀၀၀၀ကီလို | မြန်မာကျပ်ငွေ |
| (ဂ) | Web Ink(Cyan) | - | ၁၀၀၀၀ကီလို | မြန်မာကျပ်ငွေ |
| (ဃ) | Web Ink(Magenta) | - | ၁၀၀၀၀ကီလို | မြန်မာကျပ်ငွေ |
| (င) | Web Ink(Yellow) | - | ၁၅၀၀၀ကီလို | မြန်မာကျပ်ငွေ |
| (စ) | Fountain Solution | - | ၅၀၀၀လီတာ | မြန်မာကျပ်ငွေ |
| (ဆ) | Sheet Fed Ink(Black) | - | ၂၅၀ကီလို | မြန်မာကျပ်ငွေ |
| (ဇ) | CTP Palte(Fuji System) (889x609x0.3)mm | - | ၁၂၃၀၀ချပ် | မြန်မာကျပ်ငွေ |
| (ဈ) | CTP Palte(Kodak System) (889x577x0.3)mm | - | ၂၀၀၀၀ချပ် | မြန်မာကျပ်ငွေ |
| (ည) | CTP Palte(Kodak System) (889x609x0.3)mm | - | ၅၂၀၀၀ချပ် | မြန်မာကျပ်ငွေ |
| (ဋ) | CTP Palte(Kodak System) (889x574x0.3)mm | - | ၁၆၆၀၀ချပ် | မြန်မာကျပ်ငွေ |
| (ဌ) | Developer(Kodak System) | - | ၃၀၀၀လီတာ | မြန်မာကျပ်ငွေ |
| (ဍ) | Ortho Film(22"x32") | - | ၂၈ ဘူး | မြန်မာကျပ်ငွေ |
| (ဎ) | Developing Lacquer | - | ၃၃၀လီတာ | မြန်မာကျပ်ငွေ |
| (ဏ) | Plate Cleaner | - | ၅၀၀လီတာ | မြန်မာကျပ်ငွေ |
| (တ) | Gum Arabic | - | ၁၀၀၀လီတာ | မြန်မာကျပ်ငွေ |
| (ထ) | Orient X-Cel (Cut Off size 578 mm/546mm) | - | ၇၂မျိုး | မြန်မာကျပ်ငွေ |
| (ဒ) | Orient Super (Cut Off size 578 mm) | - | ၂၅မျိုး | မြန်မာကျပ်ငွေ |
| (ဓ) | Koncept(Cut Off size 578 mm) | - | ၂၉မျိုး | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၆-၂-၂၀၁၈ရက်မှ ၁၆-၃-၂၀၁၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် စက္ကူတင်ဒါတစ်စောင်လျှင် ကျပ် ၅၀၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအတွက် တင်ဒါတစ်စောင်လျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ ပုံနှိပ်စက် စက်အရန်ပစ္စည်းများတင်ဒါတစ်စောင်လျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့်လည်းကောင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၃-၂၀၁၈ရက် နံနက် ၉ နာရီမှ ညနေ ၁၆:၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ပစ္စည်း ခန့်မှန်းတန်ဖိုး ၁%အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှငွေပေးအမိန့်(Payment Order Cheque)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်းဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၃၄၁၂၁၂၃၊** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| **၀၆၇-၃၄၁၂၀၂၈** | **ဖုန်း-၀၆၇-၃၄၁၂၃၉၀** |

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်အတွင်းတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-
 (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၉-၂-၂၀၁၈ရက်
 (ခ) **တင်ဒါလျှောက်လွှာ ရောင်းချ/တင်သွင်းမည့် နေရာ** - လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့
 (ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၈-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ၁၆:၀၀နာရီ

၂။ ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များအား ဦးစားပေးမည်ဖြစ်ပြီး၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၀၂၂၅၉၁၊ ၀၅၉-၂၀၂၃၄၉၅ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## ICTTI Advanced ICT Engineering
# သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာနနှင့်ဂျပန်နိုင်ငံ၊ JICA တို့ပူးပေါင်းဖွင့်လှစ်သည့် Information and Communication Technology Training Institute (ICTTI) သင်တန်းဌာနတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် | လက်ခံမည့် သင်တန်းသားဦးရေ |
|---|---|---|---|---|
| (၁) | Professional Diploma in Software Engineering Course | ၂၃ပတ် | ၁၄-၅-၂၀၁၈ | ၃၀ဦး |
| (၂) | Professional Diploma in Network Engineering Course | ၂၃ပတ် | ၁၄-၅-၂၀၁၈ | ၆၀ဦး |
| (၃) | Advanced Web Development Course (Web Design and PHP Web Development) | ၈ပတ် | ၁၄-၅-၂၀၁၈ | ၃၂ဦး |
| (၄) | Advanced Server Course (Virtualization and LDAP) | ၇ပတ် | ၂၁-၅-၂၀၁၈ | ၈ဦး |
| (၅) | (Oracle Database 11g Course (SQL, PL/ SQL and DBA) | ၃ပတ် | ၄-၆-၂၀၁၈ | ၁၈ဦး |
| (၆) | Cisco Networking Academy Course(CCNA: Routing & Switching) | ၈ပတ် | ၄-၇-၂၀၁၈ | ၁၂ဦး |

၂။ အမှတ်စဉ်(၁)နှင့် (၂)သင်တန်းများသည် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာ သင်တန်းကို ရွေးချယ်လျှောက်ထားနိုင်သည်။

၃။ အမှတ်စဉ်(၃) သင်တန်းအတွက် HTML နှင့် Programming အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ် (၄) သင်တန်းအတွက် ICTTI Professional Diploma in Network Engineering သင်တန်းတက်ရောက် အောင်မြင်ပြီးသူများလျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၅) သင်တန်းအတွက် Database အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၆။ အမှတ်စဉ်(၆) သင်တန်းအတွက် ICTTI Professional Diploma in Network Engineering သင်တန်းတက်ရောက်အောင်မြင်ပြီး Cisco Networking အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၇။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ အချိန်ပြည့် သင်တန်းများဖြစ်သည်။

၈။ သင်တန်းအောင်မြင်ပြီးဆုံးပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနတို့ ပူးပေါင်း၍ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

၉။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech/ B.Tech(IT)/ B.Tech(EC)/ B.E(EC)/B.E(IT)/ B.Sc(Computer Science)/ M.C.Sc/M.C.Tech/ M.I.Sc/ M.A.Sc/M.E(IT)/M.E(EC)/ M.Sc(Computer Science)ဘွဲ့တစ်ခုခုရရှိပြီးသူ(သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည်နိုင်ငံသားများဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုစာပါရှိရမည်။

(င) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူပူးတွဲလျှောက်ထားရမည်။

၁၀။ သင်တန်းလျှောက်ထားသူများသည် အောက်ပါရက်တွင် Online ဝင်ခွင့်စာမေးပွဲများဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၁၇-၃-၂၀၁၈ (စနေနေ့) | ICTTI Online ဝင်ခွင့်စာမေးပွဲ | နံနက် ၁၀း၀၀ နာရီ | ICTTI သင်တန်းဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာန |

၁၁။ လျှောက်လွှာများကိုသတ်မှတ်ပုံစံဖြင့် ကျောင်းသားရေးရာဌာနတွင် ၁၄-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၂။ အခြားသိရှိလိုသည်များရှိပါက ICTTI သင်တန်းဌာန ဖုန်း-၀၁-၆၆၀၇၁၄၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၅၂၅၄၂၊ ၀၁-၆၆၂၃၂၉ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## IMCEITS Advanced ICT Engineering
# သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာနနှင့်အိန္ဒိယနိုင်ငံ၊ CDAC တို့ပူးပေါင်းဖွင့်လှစ်သည့် India-Myanmar Centre for Enhancement of IT Skills (IMCEITS) သင်တန်းဌာနတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် | လက်ခံမည့် သင်တန်းသားဦးရေ |
|---|---|---|---|---|
| (၁) | Professional Diploma in Java Programming Course | ၂၄ပတ် | ၁၄-၅-၂၀၁၈ | ၈၀ဦး |
| (၂) | Professional Diploma in MS.Net Programming Course | ၂၄ပတ် | ၁၄-၅-၂၀၁၈ | ၄၀ဦး |
| (၃) | ProfessionalCertificate in Android Programming Course | ၈ပတ် | ၁၄-၅-၂၀၁၈ | ၄၀ဦး |

၂။ အမှတ်စဉ်(၁)နှင့် (၂)သင်တန်းများသည် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး မိမိ၏ပရိုဂရမ်စွမ်းရည်ကို အခြေခံ၍ ကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်သည်။

၃။ အမှတ်စဉ် (၃)သင်တန်းအတွက် IMCEITS သင်တန်းဌာနမှ Professional Diploma in Java Programming (သို့မဟုတ်) Professional Diploma in Wireless and Mobile Computing Course သင်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်) ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering သင်တန်းအောင်မြင်ပြီးသူများလျှောက်ထားနိုင်သည်။

၄။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ အချိန်ပြည့် သင်တန်းများဖြစ်သည်။

၅။ သင်တန်းအောင်မြင်ပြီးဆုံးပါက အိန္ဒိယနိုင်ငံ၊ CDAC အဖွဲ့အစည်းနှင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာနတို့ ပူးပေါင်း၍ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

၆။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech/ B.Tech(IT)/ B.Tech(EC)/B.E(IT)/B.E(EC)/ B.Sc(Computer Science)/ M.C.Sc/M.C.Tech/ M.I.Sc/ M.A.Sc/M.E(IT)/ M.E(EC)/ M.Sc(Computer Science)ဘွဲ့တစ်ခုခုရရှိပြီးသူ(သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည်နိုင်ငံသားများဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုစာပါရှိရမည်။

(င) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့်ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူပူးတွဲလျှောက်ထားရမည်။

၇။ သင်တန်းလျှောက်ထားသူများသည် အောက်ပါရက်တွင် Online ဝင်ခွင့်စာမေးပွဲများဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၁၇-၃-၂၀၁၈ (စနေနေ့) | IMCEITS Online ဝင်ခွင့်စာမေးပွဲ | နံနက် ၁၀း၀၀နာရီ | IMCEITSသင်တန်းဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာန |

၈။ လျှောက်လွှာများကိုသတ်မှတ်ပုံစံဖြင့် ကျောင်းသားရေးရာဌာနတွင် ၁၄-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၉။ အခြားသိရှိလိုသည်များရှိပါက IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၆၂၃၂၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
# အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာသစ်လုံးနှင့်ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၂-၂၀၁၈ရက် နံနက် ၉း၀၀နာရီ၊ ၂၆-၂-၂၀၁၈ရက် မွန်းတည့်၁၂း၀၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်ပမာဏ** - ကျွန်းသစ်လုံး(၁၀၅၀)တန်
- ကျွန်းခွဲသား(၂၃၀)တန်
- သစ်မာသစ်လုံးပိတောက်(၂၂)တန် ပျဉ်းကတိုး၊ အင်ကညင်၊ သင်းဝင်၊ တောင်သရက်၊ သစ်ယာ၊ အင်ကြင်း၊ထောက်ကြံ့၊ နှောစကားဝါ(၇၂၉၉)တန်တွင် ၂၀၁၇-၂၀၁၈ထုတ်သစ်များ ပါဝင်ပါသည်။

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန် - Ph;01-528764, E-mail; marketing 1ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/7044၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ရန်ကုန်ဘူတာနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်
# Preferred Bidder အဖြစ် သတ်မှတ်ကြေညာခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ရန်ကုန်ဘူတာနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို Planning/Design, Build, Finance, Operate including improvement and Transfer (DBFOT) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်း/ပြည်ပကုမ္ပဏီအဖွဲ့အစည်းများသို့ ၆-၈-၂၀၁၅ရက်မှ ၆-၁-၂၀၁၆ရက်အထိ စိတ်ပါဝင်စားမှုဖော်ပြချက်အဆိုပြုလွှာ (Expression of Interest-EOI) ခေါ်ယူခြင်း၊ ၆-၃-၂၀၁၆ရက်မှ ၁၈-၉-၂၀၁၆ ရက်အထိ တင်ဒါအဆိုပြုလွှာ (Request for Proposal-RFP)ခေါ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂။ တင်ပြလာသော တင်ဒါအဆိုပြုလွှာ (Request for Proposal-RFP) များကို စိစစ်အကဲဖြတ်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈) က သဘောတူခွင့်ပြုချက်အရ Oxley Holdings, Min Dhama Co.,Ltd, & Sino Great Wall Co.,Ltd တို့ပါဝင်သော Consortium အဖွဲ့ကို Preferred Bidder အဖြစ် သတ်မှတ်ကြေညာအပ်ပါသည်။

၃။ ရန်ကုန်ဘူတာနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပတ်သက်၍ မြန်မာ့မီးရထားနှင့် Preferred Bidder အဖြစ် သတ်မှတ်ထားသည့် ကုမ္ပဏီအဖွဲ့အစည်းတို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုလားချက်များနှင့် အပြန်အလှန်ညှိနှိုင်းသဘောတူညီချက်များရရှိမှုအပေါ် မူတည်၍ ရင်းနှီးတည်ဆောက်လုပ်ကိုင်သူ (Developer) အဖြစ် အတည်ပြုကြေညာသွားမည်ဖြစ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့မီးရထား**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၂၂၈၄၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဒေါ်ခင်ရွှေအမည်ပေါက် ပါမစ်မြေအား ဒေါ်အားရှန်(ဘ)ဦးကျန်းကျီကျင် ၁၃/တယန(နိုင်)၀၇၆၄၂၂မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မိုးဝေ ၃၁ လမ်းရှိ မြေကွက်အမှတ် ဒ-၄၃၄၁၊ ဧရိယာ ၀ဒသမ၀၈၂ ဧကဦးကျော်စိုးဦး(ဘ)ဦးအေးမောင် ၉/လဝန(နိုင်)၁၄၄၉၂၁ အမည်ပေါက် ပါမစ်မြေကွက်အား ဦးလှစိုးမင်း(ဘ)ဦးကျော်မြင့် ၈/အလန(နိုင်)၁၃၄၂၅၄ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်မျိုးလင်း ၈/ခမန(နိုင်)၂၁၁၁၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၇၇၄၃၀၁၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဟိန်းကိုဦး ၈/ပမန(နိုင်)၁၂၅၈၀၇၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၀၉၈၈၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းမင်းစိုး ၈/မလန(နိုင်)၀၈၂၇၂၇၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၅၀၃၀၈၀၅**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

